www.burmeseclassic.com

စိုးမိုး ၈၁၄၅

# ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)

# ထုဆစ်ထားသောနှလုံးသားကျောက်ဆောင်




design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၃၄၀၃၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၄၀၅၀၇ |
| ပုံနှိပ်ခြင်း | - | ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ - ၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |


BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

၁



'လမင်း' ဆိုတာ
'စနေမင်း' ကြီးဝင်သွားမှ
တောင်းကောင်ကိုနိုးနိုးခွင့်
ရှိတယ်ဆိုပေမယ့်…
လရိပ်အေးအေးက
လောကကြီးကို ချမ်းမြေ့စေနိုင်တာပဲ
မဟုတ်လား…။
ကြည်နူးစေနိုင်တာပဲ မဟုတ်လား။
လမင်းကြီးသာမရှိရင်…
'ည' တောင်းကောင်ကြီးက
မဲမှောင်တာတာနေမှာ။



www.burmeseclassic.com

www.burmeseclassic.com





ကိုမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်က လက်ဖော့ကွန်ပျူတာကို ဖြည်းဖြည်းညင်သာ ပိတ်ပြီး မေမေ့ဘက် လှည့်ကြည့်၏။

ခုနမေမေနှင့် အန်တီသဇင်သဲတို့ ပြောဆိုနေကြတာကို နားစွင့်ပြီးသားပါ။

"မေမေ"

သူ မေမေ့အနားကို ဖျတ်ခနဲရောက်သွား၏။

"ဘာလဲ သားရဲ့"

"ဒီရေမွှေးဗူးလေးတွေ ကောင်းလား"

"ကောင်းတာပေါ့၊ မေမေ အရမ်းကြိုက်တယ်သားရဲ့၊ အမြဲသုံးနေကျပဲဟာ"

"ဟုတ်လား"

မိုးမာန်က ရေမွှေးဗူး... သေးလေးကို ကောက်ယူကြည့်မိ၏။ နာမည်က တစ်ခုနှင့်တစ်ခု မတူ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နှစ်မျိုးပါလား"

"ဟုတ်တယ်လေ၊ ဒါက 'GRACE' လေ၊ ဒါက 'Jevelin" မတူဘူး"

"ဘယ်ဟာပိုကောင်းလဲမေမေ"

"မေမေက နှစ်မျိုးစလုံးကြိုက်တယ်"

"ဪ"

"တစ်မျိုးစီ၊ ဂျဗလင်းအနံ့ကလေးက နည်းနည်းပိုမွှေးသလားလို့၊ ဂရေ့(စ်)နံ့ကလေးက ယဉ်ရှရှကလေး"

"အများကြီးပဲ"

"သုံးနေကျဆိုတော့ မေမေလည်း ယူထားလိုက်တယ်"

မိုးမာန်က စိတ်ထဲက ရေတွက်ကြည့်သည်။

Jevelin solid perfume က ငါးခု၊ Grace solid perfume က ငါးခု၊ ပေါင်း ဆယ်ခု။

ပြီးတော့ Jevelin ရေမွှေးပုလင်းကလေးက သုံးပုလင်း။ မိုးမာန် ဆုံးဖြတ်လိုက်၏။

ရွှေသံစဉ်ကို ရေမွှေးခဲလေးတစ်ခု လက်ဆောင်ပေးရင် ကောင်းမည်။ ရွှေသံစဉ်က ဒါတွေဝယ်မသုံးနိုင်။

အင်း…မဖြစ်သေးပါဘူး။





မိုးမာန် ထပ်စဉ်းစားမိ၏။

ရွှေသံစဉ်ကိုပေးလျှင် ကြယ်စင်လင်းလက်က ကျိန်းသေသိမှာ။ ကြယ်စင်က ကျေနပ်ပါ့မလား။

ကြယ်စင်က ရွှေသံစဉ်လိုမဟုတ်။

ရေမွှေးမျိုးစုံ ဝယ်သုံးနိုင်သူပါ။

"မေမေ"

"ဘာလဲသားရဲ့"

မေမေက သူ့ကို အကဲခတ်သည်။

ရေမွှေးဗူးကလေးတွေ ကိုင်ကြည့်ကာ သားက စိတ်ဝင်တစားရှိနေပါလား။

မေမေက ပြုံးပြုံးပြုံးသည်။

သားမှာ ဘာဘာညာညာ သူငယ်ချင်းလေးတွေ ရှိတာသိသည်။ ကျေနပ်မိသည်။

သားက အေးတိအေးစက်နှင့် လူပျိုကြီးဖြစ်သွားမှာ ပူနေရတာပါ။

"သားကို ရေမွှေးနှစ်ဗူးပေးပါ"

"ဟောတော့ …ဘာလုပ်ဖို့လဲ"

မိုးမာန်က ပြောရခက်သောမျက်နှာကြီးနှင့် ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လက်နှင့်ဖွကာ…

"သားလိုချင်လို့ပေါ့ မေမေရာ"ဟု ရှက်သံကြီးနှင့်ဖြေတော့ မေမေရယ်မိသည်။

"ယူလေ…ယူပါ သားရဲ့၊ လက်ဆောင်ပေးဖို့မဟုတ်လား၊ ယူ…ယူ"

မိုးမာန်က အသီခဲတစ်ခုနှင့် ရေမွှေးအသီခဲတစ်ခု နှစ်ခုယူလိုက်၏။

Grace အနံ့လေးက ယဉ်ယဉ်ကလေးမွှေးတာဆိုတော့ ရွှေသံစဉ်ကို ပေးရမည်။

Jevelin ကတော့ ကြယ်စင်အတွက်ပါ။

သူမပေးလျှင် ပြောဆုံးမှာမဟုတ်။

"ရေမွှေးပုလင်းလည်း တစ်ပုလင်းလောက် လိုချင်တယ်"

မေမေ့ကို အားနာပါးနာပြော၏။

"သားမှာ သူငယ်ချင်းတွေ များလှချည်လား"ဟု မေမေကစသည်။ ပြီးမှ "ယူလေ…ယူ"ဟု ခွင့်ပေးတော့ သူက Jevelin ရေမွှေးတစ်ဗူး ယူလိုက်၏။ Liquid Perfume ဆိုတော့ ရွှေသံစဉ် ကြိုက်မှာပါ။





တစ်ခုခုဆို ရွှေသံစဉ်ကို အရင်သတိရမိတာ ရွှေသံစဉ်က ကြယ်စင်လောက် မပြည့်စုံတာမို့ ဖြစ်ပါလိမ့်မည်။ ကရုဏာစိတ်က ရှေ့ရောက်လာတာ။

ရွှေသံစဉ်က ပိုက်ဆံသာမရှိတာ မာနက မိုးထိတက်တိုက်နေပါသည်။

"ငါ့မှာ ချမ်းသာတာ မာနပဲ"ဟု အမြဲဂုဏ်ယူတတ်သည်။

"ငါက လှချင်ပေဖယ့် ဘယ်သူ့ဆီကမှ ဘယ်တုန်းကမှ ဘာမှငှားမဝတ်ဖူးဘူး၊ အတုလည်း မဝတ်ဘူး"

ရွှေသံစဉ်က ပွင့်လင်းဖြူစင်သည်။

ကြယ်စင်လင်းလက်က ပရိယာယ်ကြွယ်သည်။

မိုးမာန်ကတော့ နှစ်ယောက်စလုံးကို ခင်တာပါပဲ။

ရေမွှေးပုလင်းလေးပေးဖို့ ရွှေသံစဉ်ဆီ ဖုန်းဆက်ရဦးမည်။ လိုလိုချင်ချင် ယူဦးမှ၊ လွယ်လွယ်ကူကူ လက်ခံဦးမှ။ မာနက မြင်းမိုရ်တောင်လို မြင့်မောက်နေတာ။ တစ်ခါတစ်ခါလည်း ကြည့်မရ။

"သားရေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့[illegible]လောင်းက ဘယ်သူလေးလဲ၊ အိမ်ခေါ်လာလေ၊ မေမေနဲ့ မိတ်ဆက်ပေး"

မိုးမာန်က "ဟာ"ဟု အော်မိ၏။

အဲဒီအဆင့်တွေက သိပ်ဝေးလွန်းသည်။

သူက သူငယ်ချင်းလိုပဲခင်တာ။

မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောရတာ လွယ်တယ်မှတ်လို့။

တော်တော်ရဲစိတ်မွေးရမှာ။

သူ့နှုတ်ဖျားက အဲဒီစကား အလွယ်တကူထွက်မှာမဟုတ်။ ဝန်လေးသည်။

တခြားကောင်လေးတွေတော့ မသိ။

သူကတော့ အဲဒီဘက်မှာ သတ္တိနည်းပါးသည်။

ရှားရှားပါးပါး သူငယ်ချင်းမလေးနှစ်ယောက် ရှိတာ သူ့ကံကောင်းလွန်းလို့ပါ။

မတော်တဆ မထင်မှတ်ဘဲ ရွှေသံစဉ်နှင့် ခင်မင်သွားခဲ့တာ။ ဟိုးကတည်းက သိတာတော့မဟုတ်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"ယူပါဟာ"

"မယူချင်ပါဘူးဟာ"

"ဟာ…ယူလိုက်ပါဆို"

"မယူပါဘူးဆို"

"ယူပါဆိုနေမှ"

"ဟင့်အင်း…မယူဘူး"

"ယူဟာ…ငါစိတ်တိုလာပြီ"

"မယူဘူး၊ လိုမှမလိုတာ၊ ငါ ရေမွှေးမသုံးဘူး၊ ရေမွှေး သုံးတာ ပိုက်ဆံဖြုန်းတာပဲဟာ့"

"အောင်မာ"

"ဟုတ်တယ်၊ အပိုသက်သက်"

"နင်တော်တော်ညံ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



“ရေမွှေးနံ့နဲ့ စွဲဆောင်တာ ငါမကြိုက်ဘူး”

“တော်ပါတော့ဟာ…စေတနာနဲ့ပေးတာကို ယူလိုက်”

“ဒီတစ်ခါပဲယူမယ်”

“အောင်မလေး…နောက်တစ်ခါလည်း မပေးပါဘူး၊ တော်ပါပြီ၊ နင် တစ်ခါမှ ရေမွှေးမသုံးလို့ ငါကပေးတာပါ”

“ဘာလဲ နင့်စကားကြီးက”

ရွှေသံစဉ်က မျက်နှာကလေး နီမြန်းကာမေးလာ၏။

“ငါကန်နေလို့လား”

“မဟုတ်ပါဘူး၊ နင့်ဆီက သနပ်ခါးနံ့လေးက စိတ်ကြည်လင်စေတာအမှန်ပါပဲ၊ ဒါပေမယ့် တစ်ခါတလေ ရေမွှေးနံ့ကလေးက အသစ်အဆန်းဖြစ်တယ်”

“ငါမှ ရေမွှေးမကြိုက်တာ”

“မိန်းကလေးဖြစ်ပြီး”

“မိန်းကလေးဖြစ်တာနဲ့ ရေမွှေးကြိုက်ရမှာလား”

တော်တော်ခေါင်းမာပြီး ပြောရဆိုရကြပ်သော ရွှေသံစဉ်ပါလား။ သူနှင့်အပြိုင် ငြင်းခုံဖို့ပါပဲ။

“ပေးချင်ရင် ပန်းဝယ်ပေးပေါ့”

“မပေးပါဘူး”





“မပေးရင်လည်းနေပေါ့”

“ပန်းပေးတာ အောက်ကျတယ်၊ အရှုံးပေးတာ၊ ခ,စားတဲ့ အဓိပ္ပါယ်၊ မပေးဘူး၊ လုံးဝပဲ”

ရွှေသံစဉ်က ရယ်သည်။

“ငါ့ထက်တောင် နင်က ခေါင်းမာသေးတယ်”

“ပန်းပေးစရာလား”

“အေးပါ…မပေးချင်လည်းနေပေါ့၊ ငါက ပန်းပေးတာကြိုက်တယ်၊ ဈေးမကြီးဘူး၊ မွှေးလည်းမွှေးတယ်၊ ပြီးတော့ အရုပ်လှလှလေး”

“နင်က ကလေးလေးလား”

ခွတီးခွကျ မေးလာ၏။

“ကလေးမဟုတ်လည်း အရုပ်လှလှမြင်ရင် သဘောကျတာပဲ။ အဲဒါ စတိုင်လ်တစ်ခုပဲ”

“သွားစမ်းပါဟာ…စားလို့လည်းမရဘဲနဲ့”

“မိန်းကလေးတွေက အရုပ်ကြိုက်တယ်တဲ့”

“ကြိုက်…ကြိုက် ငါက မပေးဘူး၊ ဒီရေမွှေးလည်း တကူးတကဝယ်ပေးတာ ,မဟုတ်ဘူး၊ မေမေ့ဆီက တောင်းလာတာ”



www.burmeseclassic.com

www.burmeseclassic.com



“ယောတော့”

ရွှေသံစဉ်က မိုးမာန်ကို အံ့သြစွာကြည့်၏။

ဘယ်လိုပါလိမ့်။

သူဟာ စိတ်တိုစိတ်ဆတ်ပြီး ချက်ချင်းဒေါသထွက်လွယ်သူပါ။ သည်းခံစိတ်ရှည်တတ်သူ မဟုတ်။

မိုးမာန်က ရွှေသံစဉ်ကို စူးစိုက်ကြည့်ကာ မျက်နှာလွှဲမိ၏။ အိမ်နေရင်း စပန့်ဂါဝန်ရှည်ကလေးနှင့် ကျားလက်သည်းညှပ်နှင့် ဆံပင်တွေကို တင်ထားပုံက ကပိုကရို။

လှစ်ခနဲ ပြုံထွက်လာသော စေတနာက ပြန်လည်ငုပ်လျှိုးသွားရသည်။ ရွှေသံစဉ်က အချိုးမပြေ။

ပြောပုံဆိုပုံက ကြည့်မရချင်စရာ။

“ကျေးဇူးပဲဟယ်...မွှေးလိုက်တာ”ဟု တမြတ်တနိုးလက်ခံလိုက်လျှင် ပေးရသူစိတ်မှာ ဘယ်လောက်ချမ်းမြေ့သွားမလဲ။ သူက ခုတော့ အဲဒီလိုမဟုတ်။ ပေးရသူစိတ်စေတနာပျက်အောင် ကလန်ကဆန်ပြောတတ်သည်။ တကယ်ပါပဲ။

ရေမွှေးကို တကယ်ပဲ မကြိုက်တာလား။

ရေမွှေးမကြိုက်သောသူ ဤကမ္ဘာမှာရှိရဲ့လား။

ရှိခဲ့လျှင် ပြတိုက်ပို့ရမည်။





လူသားအားလုံး မွှေးပျံ့တာကို နှစ်သက်ကြပါသည်။ တချို့က အနံ့စူးစူးကြိုက်ပြီး တချို့က အနံ့ယဉ်ယဉ်ကြိုက်ကြတာ။ အကြိုက်ချင်းတော့ တူမှာမဟုတ်။

ရွှေသံစဉ်က ရေမွှေးပုလင်းကို ဗူးထဲကထုတ်ပြီး အဖုံးနားသို့ နှာခေါင်းတော့ကာ ရှူကြည့်၏။

“အရက်ပျံနံ့လိုပဲ”

ဒါတော့ စော်ကားလွန်းပြီ။

မေမေက သည်ရေမွှေးနံ့ကို သိပ်ကြိုက်တာပါ။

“ဆွတ်ပဲကြည့်ပါဦးဟာ”

မိုးမာန် အငြင်းအခုံ မဖြစ်ချင်တော့ပါ။

ရှိစေတော့ ရှိစေ။

ပေးမိတာမဟာအမှား။

စေတနာတွေ ရေစီးကမ်းပြိုဖြစ်မိတာ သူနောင်တရသည်။

“ဒါလေးကမဆိုးဘူးဟဲ့”

solid perfume(ရေမွှေးအဆီခဲကလေး)ကို ရွှေသံစဉ်က သဘောကျ၏။

“ဟိုရေမွှေးပုလင်းလည်း ကောင်းပါတယ်၊ နင်သုံးကြည့်ပါဦး။ ငါ့အမေဆို ဈေးလည်းချို၊ အနံ့ကလေးလည်းချိုလို့ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရေမွှေးကို ရှူရှိုက်လို့ နာမည်ပေးထားတယ်၊ အမြဲတမ်းသုံးတယ်။ နင် ရှူတ်ကြည့်၊ တစ်ပုလင်းကုန်မှ ကြိုက်မကြိုက်၊ ကောင်းမကောင်းဝေဖန်ပါ''

ရွှေသံစဉ်က ရှည်လျားသော ချက်တောင်များကို စင်းချကာ ရေမွှေးနံ့ကို ထပ်ရှူကြည့်၏။

မိုးမာန်မေမေက ရေမွှေးသုံးတာ ကြာပြီမို့ ရေမွှေးမှကောင်းကောင်းကို ကျကျနန ရွေးတတ်သူပါ။

''နင်ဝယ်လာတာဆိုရင်တော့ ကောင်းမှာမဟုတ်ဘူး''

ဟော…ပြောပြန်ပြီ နောက်တစ်မျိုး။

သူကပဲ ရေမွှေးအညံ့စားပဲ ဝယ်တတ်သလိုလို။

ဟူး…ရွှေသံစဉ်နှင့်တော့ မလွယ်။

စေတနာပျက်အောင် ပြောရတတ်လွန်းသည်။

စော့ဗုန်းက သည်လောက်လက်ပေါက်ကပ်ပြီး မီတဲကြောင်တတ်သော မိန်းကလေးဟု မထင်ခဲ့ပါ။

သည်လိုမှန်းသိခဲ့ရင် အဲဒီနေ့က ရွှေသံစဉ်ကို သူ ကားပေါ်မတင်ခဲ့ပါ။

ရွှေသံစဉ်နှင့် သိကျွမ်းခဲ့တာ အဲဒီနေ့က…

မှတ်မှတ်ရရ မေနေ့ကို သူ ဘုန်းကြီးကျောင်းလိုက်ပို့သည့်





နေ့က သူ မေမေထွက်အလာကို စောင့်နေတုန်း ရွှေသံစဉ် ရောက်လာတာပါ။

သူ မှတ်မိသေးသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



မမေ့ကိုစောင့်ရင်း ဟိုဟိုဒီဒီ ဆေးကာ သီချင်းတစ်ပုဒ်ကို ပါးစပ်ထဲ ညည်းနေမိခိုက်…

"ဒီမှာ ကားအားသလား"ဟု ကောင်မလေးတစ်ယောက်က လာမေးသည်။

လက်ထဲမှာ အထုပ်တွေမနိုင်မနင်းနှင့် ဦးထုပ်ကို ပြောင်းပြန်ဆောင်းပြီး ဂျင်းဘောင်းဘီနှင့်။

မိုးမာန်က ဘယ်သူ့ကို မေးပါလိမ့်ဟု ဟိုဘက်ဒီဘက် လှည့်ရှာသည်။

ကားဆိုလို့ သူ့ကားတစ်စီးပဲ ရပ်ထားတာ။ လူဆိုလို့ သူတစ်ယောက်တည်းပဲရှိတာ။

သူ့ကိုမေးတာ သေချာလှသည်ပဲ။

သူ့ကားက နံပါတ်အနက်၊ အိမ်စီးကားသန့်သန့်။ နံပါတ်အနီ တက်စီလည်းမဟုတ်။ 'ကက'လည်း မဟုတ်။ သည်ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးက တောသူလား။ အူတူတူအတတာနှင့်။ အငှားကားလား ကိုယ်ပိုင်ကားလား မသိဘူးလား။ သူ့ရုပ်က ဒရိုင်ဘာရုပ် ပေါက်နေ လို့လား။

မိုးမာန် မျက်ခုံးကြီးမြင့်ကာ ကောင်မလေးကို မေးဆတ် ပြလိုက်၏။

“တက်စီမှတ်လို့လား”

“ရှင်…ခါတိုင်း ဒီနားမှာ တက်စီတွေရပ်နေကျပဲလေ” ဟု ပြန်ဖြေသည်။

“ဒါ ကိုယ်ပိုင်ကား၊ နံပါတ်အနက်၊ သေချာပြန်ကြည့်ဦး အငှားကားမဟုတ်ဘူးဗျ”

ကောင်မလေးက သူ့ကို မျက်စောင်းရွယ်သည်။

“မဟုတ်ရင်ပြီးတာပဲ၊ လျှာရှည်လိုက်တာ၊ ဒီမှာ လေးရဲ့ ကြားထဲ၊ တက်စီမှတ်လို့ မေးမိတာပေါ့”

သူ့ကိုရန်တွေ့ပြီး လှည့်ထွက်သွား၏။

လက်နှစ်ဖက်မှာ ဆွဲထားသောအိတ်တွေက လေးပုံ ခြောက်လုံး။ လောလောဆယ် တက်စီကလည်း တစ်စီးမှမလာ တက်စီဂိတ်ကိုရောက်ဖို့ နှစ်လမ်းသုံးလမ်း လျှောက်ရဦးမှာ။

မိုးမာန်က တစ်ချက်ပြုံးလိုက်၏။





မေမေက လောလောဆယ် ထွက်မလာသေးပါ။

ထိုင်စောင့်နေရတာလည်း ပျင်းလှပြီ။

သည်ကောင်မလေး နီးနီးနားနားဆို လိုက်ပို့ရလျှင်မဆိုး။

သူ ချက်ချင်းပဲ ဆုံးဖြတ်လိုက်၏။

ရွှေသံစဉ်က အိတ်တွေကို မနိုင်တနိုင်ဆွဲကာ ခြေလှမ်းတွေ ကျ လေးနေ၏။

အလကားလူ။

ဘာကြီးမှန်းလည်း မသိဘူး။

တော်ရုံလူဆို ရွှေသံစဉ်ကိုမြင်တာနှင့် ငမ်းကြောထ ဖွန် ကြောင်ပြီး လိုက်ပို့ပေးကြတာပါပဲ။

ဒါမျိုးက အင်မတန်ရှားသည်။

နံပါတ်အနက်ကို ကိုယ်ပိုင်ယာဉ်မှန်းသိသားပဲ။

သိသိကြီးနဲ့ မေးတာ၊ တက်စီရှိရာအထိ ဆက်မလျှောက် ချင်လို့ပါ။ အလကားစီးတာမှ မဟုတ်ဘဲ။

ပိုက်ဆံပေးစီးမှာပဲဟာ။

လိုက်ပို့ရင် ဘာဖြစ်လဲ။

သည်တစ်ခါပဲ အငြင်းခံရဖူးတာ။

ရွှေသံစဉ်ကတော့ “ပွဲစားမလေး”ဝိဝိ ကိုယ်တိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ဖို့တစ်ခုပဲ တွေးသည်။

သို့ပေမယ့် သူများပိုက်ဆံအလကားမစား။ သူများအကူအညီ အလကားမယူ။ စည်းကမ်းလေးတစ်ခုတော့ ထားသည်။ အခုဟာက လက်ထဲပစ္စည်းတွေ မနိုင်မနင်းမို့လို့သာ။ ဟိုလူခေါင်းခါငြင်းလိုက်တော့ ရွှေသံစဉ်မျက်နှာလေး ထူပူအောင်ရှက်မိ၏။

မှားသွားပြီ။

ငါ့ပုံစံကလေးနဲ့၊ ငါ့ရုပ်ကလေးကိုမြင်ရင် ဘယ်သူမှ ခေါင်းခါမှာမဟုတ်ဘူးဟု ထင်ထားခဲ့တာ မှားသွားပြီ။

စိတ်ပုပ်ကြီး…ဟွန်း။

ပုံစံက အထာကြီးနဲ့။

ကြည့်လို့ကိုမရ။

"ဟော့"

"ဟင်"

"မင်းဘယ်ကိုသွားမှာလဲ"

ဟောတော့…

အတွေးပင်မဆုံးသေးပါလား။

ကားက အေးနားရောက်လာခဲ့သည်။

"သုဝဏ္ဏဘက်"





"ဟာ…အဝေးကြီးပဲ"

"နီးရင် ဘတ်(စ်)ကားစီးသွားမှာပေါ့"

"ကျွတ်…ကဲ…ကဲ တက် တက် ပို့ပေးမယ်"

အလို…တယ်ဟုတ်ပါလား။

ရွှေသံစဉ်က ယုံကြည်မှုကလေး ပြန်နိုင်မသွား၏။

သည်မျက်နှာကလေးကို ဘယ်သူက ငြင်းရက်မှာလဲ။ ဟုတ်ဘူးလား။

အိတ်တွေကို ကားပေါ်တင်ပြီး ရွှေသံစဉ် လိုက်လာခဲ့၏။ ခုမှပဲ အဆင်ပြေတော့သည်။

တော်တော်လေးသော အိတ်တွေ။

လက်နှစ်ဖက်ကို ပြန်ကြည့်သည်။

နီရဲနေပါရောလား။

နောက်တစ်ခါဆိုရင်တော့ အားမနာနိုင်။

ကြီးတော်နွား အလကားကျောင်းမပေးနိုင်တော့ပါ။

ရွှေသံစဉ် ပြထားသောအိမ်ကို ဝယ်မဝယ်မသေချာသေး။ သည်အိတ်တွေကို သုဝဏ္ဏထိတောင် ပို့နိုင်းသည်။ ပွဲစားအလုပ်ဆိုတာ "ထီးဖြူ ဖိနပ်ပါး"တဲ့။ တကယ်မှန်နေပါရောလား။

ကိုယ့်မှာဖြင့် သူ့ ခုပဲဝယ်တော့မလား၊ တော်ကြာ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မလားနှင့် ရင်တခုန်ခုန် မျှော်လင့်နေရတာ။ ရမည့်ငွေက မနည်း။ အိမ်ခြံဝင်းက နှစ်ရာကျော်သုံးရာတန်တာ။ သည်လို မြိုးမြိုး မြက်မြက်ရဖို့ ရွှေသံစဉ် စောင့်နေရတာ လည်ပင်းရှည်လှပြီ။

"ကားခဘယ်လောက်လဲ"

ကောင်မလေးက ခပ်ဆတ်ဆတ်မေးသည်။

"ခါတိုင်း ဘယ်လောက်ပေးရသလဲ"

"တစ်ခါမှမသွားဖူးဘူး"

မိုးမာန် ကောင်မလေးကို နောက်ကြည့်မှန်ထဲက ကြည့်ပြီး တစ်ချက်ပြုံးမိ၏။

တကယ်ပါပဲကွာ။

စောစောတုန်းကတော့ သူပဲ အဲဒီနေရာမှာ တက်စီငှားစီး နေကြလိုလို ဘာလိုလို တတ်လည်းတတ်နိုင်သည်။

"နှစ်ထောင်ပဲပေးပါ"

"ဘာ...ဟာ များလှချည်လား"

"မများပါဘူး"

"များတာပေါ့၊ ရပ်...ရပ် မစီးတော့ဘူး"

ဟာ...ပြဿနာ။

ခုတစ်မျိုး တော်ကြာတစ်မျိုး။





လိုက်လည်းပို့ပေးရသေးသည် ကျေးဇူးမတင်ဘဲ ချေးဆစ် နေသေးသည်။

"ကားထဲမှာ ရေမွှေးနံ့ကလေး မွှေးနေပေမယ့် အဲဒီအတွက် ပိုက်ဆံပိုပေးရမယ်ဆို မဖြစ်သေးဘူး"

မိုးမာန်က ကားကို လမ်းဘေးကပ်ရပ်သည်။ ဘေးကဖြတ် သွားသော တက်စီကို ကောင်မလေးက ချက်ချင်းတားသည်။

မြန်လိုက်တာ သွက်လိုက်တာ။

နည်းနည်းမှ အားမနာ။ နည်းနည်းမှ မတွေဝေ။

"သုဝဏ္ဏဘယ်လောက်လဲ"

"ဘယ်နားလဲ"

"စိန်ပန်းမြိုင်လေ၊ သိလား"

"သိတယ်၊ နှစ်ထောင့်ငါးရာ"

"ဘာ"

"ပြောလေ...ဘယ်လောက်လျှော့ပေးရမလဲ"

"တော်ပြီ၊ တော်ပြီ မငှားတော့ဘူး"

ရွှေသံစဉ်က ကားပေါ်ပြန်တက်သည်။

"မောင်း...မောင်း နှစ်ထောင်ဖေးမယ်"

မိုးမာန်က ကောင်မလေးကို စိတ်ပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ပြန်ညစ်ချင်လာပြီ။

"ဈေးသိသွားပြီ၊ နှစ်ထောင့်ငါးရာပေး"

"မပေးပါဘူး၊ ရှင် နှစ်ထောင်ပြောပြီးသားပဲ"

ကောင်မလေးက ဆတ်ဆတ်ထိမခံ အစွာမလေး။

"အခုပြင်ပြောတယ် မရဘူးလား"

"ရမလား၊ ရှင်ပြောပြီးသားပဲဟာ"

"အေးပါ၊ ထားလိုက်တော့"

မေမေက မိုးမာန်ကို ဖုန်းဆက်လာ၏။

"ဟာ…မေမေ ပြီးပြီလား"

"ပြီးပြီ သားရဲ့"

"ခဏစောင့်ပါဗျာ၊ သား ဒီမှာ သူငယ်ချင်းတစ်ယောက် ဆီသွားမလို့"

"အေးပါသားရဲ့၊ အမြန်ပြန်လာခဲ့ဦး"

"ဟုတ်ကဲ့"

မေမေ အဲဒီလောက်မြန်မြန် ပြန်ထွက်လာမည်မထင်ခဲ့ပါ။ သူမှားသွားပြီ။ သည်ကောင်မလေးက ရှပ်ကလေးလှသလောက် ရန်စွာတတ်မည့်ပုံကလေး။

ချစ်စရာမကောင်း။





သိမ်မွေ့နူးညံ့မှုမရှိ။

ပါးလိုက်တာ လှစ်နေသည်။

မိုးမာန် သီချင်းတိုးတိုးဖွင့်ကာ ကားမောင်းလာ၏။ ထိုကောင်မလေးနှင့် စကားမဆိုချင်တော့ပါ။

ကောင်မလေးက သူ့ကို စကားမပြောဘဲ မျက်နှာကလေး မော့ကာ ခပ်တင်းတင်း။

အင်းပေါ့လေ…အလကားစီးတာမှမဟုတ်ဘဲ။ ပိုက်ဆံပေးစီးတာဆိုတော့ ခပ်မာမာပဲပေါ့။

သူ ဖွဖွပြုံးမိ၏။ ကောင်မလေးက အရမ်းလှသည်။ မျက်နှာကလေးက လူတစ်ဖက်သားကို ဖွဲ့ဆောင်မှုအပြည့်ရှိသည်။ မျက်လုံးအကြည့်၊ နှုတ်ခမ်းအဖွင့်အပိတ်၊ မျက်တောင်အခတ်။ ပြီးတော့ စကားသံ။

အသံလေးက ရင်ထဲအေးမြစေသည်။ နားဝင်ချိုစေသည်။ လုံးဝမပူလောင်။

သည်မျက်နှာ သည်အသံကလေးနှင့် ဘာလို့များ လူကို စောကျမနှပ်ဖြစ်အောင် လုပ်ရတာလဲ။

"နှစ်ထောင်များလိုက်တာနော်၊ လျှော့ပေးပါဦးလား"

ဟု နူးနူးညံ့ညံ့ဆိုလာလျှင် သူက ဘယ်လောက်ပဲပေးပေး



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်လိုက်မှာပါ။

အစကတည်းက သည်ပုံစံကလေးနှင့် မနိုင်မနင်းမ,ထားရတာ မကြည့်ရက်လို့ ကရုဏာနှင့် လိုက်လာသူပါ။ ဒါကို သူမက ကားပေါ်ရောက်တော့ အချိုးပြောင်းသည်။ တက်စီငှားစီးသလိုပဲ အဘောထားသည်။

"ရော့…ရော့ နစ်ရာပိုပေးလိုက်မယ်"

ချက်ချင်းပဲ ဆုံးဖြတ်ကာ သူ့ကို နှစ်ထောင့်နှစ်ရာပေးလာ၏။ အခုကတည်းက ကြိုပေးထားသည်။

ရောက်ပင်မရောက်သေးပါ။

သူက ဘာမှမပြောဘဲ ယူထားလိုက်၏။

ကောင်မလေးနှင့် မငြင်းခုံချင်ပါ။

"ကျေးဇူးပဲ"

ဆင်းခါနီးတော့ သည်တစ်ခွန်းတော့ ပြောသည်။ ကားတံခါးပိတ်ပြီး အိတ်တွေဆွဲကာ ထွက်သွား၏။

မိုးမာန် ခေါင်းယမ်းမိသည်။

တမင်လိုက်ပို့သော သူ့အတွက် မကိုက်အမှန်။ သူက အပြန်မှာ လူတင်လို့ရတာမဟုတ်။

မေမေစောင့်နေမှာမို့ သူ ကမန်းကတန်း ပြန်လာခဲ့ပါသည်။





သို့သော် ထိုကောင်မလေးနှင့် သူက ဇာတ်လမ်းမပြီးသေးပါ။ ထပ်ဆုံဖို့ရေစက်က ရှိသေးသည်။

ပြဿနာက သည်လို။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…သား ဘာတွေဝယ်လာတာလဲ"

"ဗျာ"

နောက်ခန်းထဲ လှည့်ကြည့်ပြီး မေမေမေးတော့ သူသိလိုက်

[illegible] သွားပြီ။ ယိုကောင်မလေးပစ္စည်းတွေ ကားပေါ်ကျန်ခဲ့ပြီ။

"ကျွတ်…ရှုပ်ကုန်ပြီ"

မိုးမာန်က စိတ်ပျက်လက်ပျက် ရေရွတ်သည်။

နမော်နမဲ့နှင့် ဒါတွေထားခဲ့တော့ သူက ဘာလုပ်ရမှာလဲ။ ဘယ်ကိုပို့ပေးရမှာလဲ။

ထိုကောင်မလေးနှင့် သူက သိလည်းမသိ။

ဘယ်လိုက်ရှာရမှန်းမသိ။

ထိုပစ္စည်းတွေကိုလည်း သူမလိုချင်။

ချက်ချင်းပြန်ပေးချင်သည်။

ဟူး…ခက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ သားရဲ့"

"မသိပါဘူးဗျာ"

"ဟောတော့…မသိဘဲ သားရဲ့ကားထဲ ဘယ်လိုရောက်နေတာလဲ"

မေမေက လန့်သွားပြီး ချက်ချင်းယူကြည့်သည်။

"ဟင်…ပိုက်ဆံအိတ်တွေ၊ ဒါက ဆေးပုလင်းတွေပဲ"

"မသိပါဘူးမေမေရာ"

မိုးမာန် ဘယ်လိုရှင်းရမှန်း မသိတော့ပါ။

တစ်ခုတည်းသောနည်းလမ်းက စောစောက ဘုန်းကြီးကျောင်းရှေ့ သွားပြန်စောင့်နေရုံပါပဲ။

ဒါပဲတတ်နိုင်သည်။

ဟူး…ပြဿနာအိုးလေးပဲ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



သူသွားစောင့်နေခဲ့ပေမယ့် ကောင်မလေးကို မတွေ့ခဲ့ရပါ။ သူလက်လျှော့ပြန်လာခဲ့သည်။

နောက်တစ်နေ့မနက် သူ အိပ်ရာနိုးပြီးစ ကော်ဖီသောက်နေချိန်မှာ မေမေက...

"သားရေ...သား"ဟု လှမ်းခေါ်၏။

အမေ့လက်ထဲမှာ သတင်းစာနှင့်။

"ဒီမှာ သားရေ မေမေတို့ကားနံပါတ်ကို ထည့်ပြီးတော့ ကြော်ငြာထားပါလား"

"ဗျာ"

သူ့ပစ္စည်းတွေကို ဘယ်သူက ဘာလုပ်မှာမို့လို့လဲ။ တိတ်တိတ်ဆိတ်ဆိတ်စုံစမ်းလည်း ရသားနှင့်၊ ကားနံပါတ်မှတ်မိနေတာဝဲ မဟုတ်လား။

"ကဲပါသားရယ် ဖုန်းဆက်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောက်ချင်ပါဘူးဗျာ"

"ပြန်တောင်မပေးချင်တော့ဘူး"

"မလုပ်ပါနဲ့သားရယ်၊ ဆေးတွေလည်းပါတယ်၊ သူတို့ပစ္စည်းတွေ ဘယ်လောက်အရေးကြီးမှန်းမှမသိတာ၊ ပြန်ပေးလိုက်ပါသားရယ်"

မေမေက သူ့ကို နှစ်သိမ့်ဖျောင်းဖျသည်။

"ဒီလိုကြီးထည့်ရသလားဗျာ၊ လုံးဝမပေးဘူး"

မိုးမာန်က စိတ်တိုနေသည်။ မေမေက ချက်ချင်းပဲ ဖုန်းဆက်၏။ ပေးထားသောဖုန်းနံပါတ်က တစ်ဆင့်ခေါ်။ မေမေက စိတ်ရှည်ရှည်နှင့် ခေါ်ပေး၏။

သူတို့အိမ်လိပ်စာကို မေမေက ပြောပြသည်။

မိုးမာန်က မျက်နှာပျက်ပျက်နှင့် ထိုင်နေမိ၏။

စွာတေးမလေး။

ပြဿနာမလေး။

အိမ်ကိုရောက်လာမှ ဖိနှင်းပြီးပြောဆိုပစ်လိုက်မည်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုပဲ ထိုကောင်မလေးရောက်လာ၏။

သူက ကားပေါ်မှကျန်ရစ်သော အိတ်နှစ်အိတ်ကို ထုတ်ပေးလို့ ကားသော့ယူကာ···

“လာ···လိုက်ခဲ့”ဟု ခေါ်မိသည်။

ကားတံခါးဖွင့်ပေးပြီး···

“မင်းပစ္စည်းတွေ စစ်လိုက်ဦး”ဟု မာတောက်တောက် ပြောမိ၏။

“ရပါတယ်၊ မစစ်တော့ပါဘူး၊ ကျွန်မလည်း သိတာမှ မဟုတ်တဲ့၊ သူများပစ္စည်းတွေမို့လို့ ပြန်ရှာပေးရတာ”

ဒေါကြီးပန်းကြီးအသံကလေးနှင့် သနားစရာလုပ်နေသည်။

တော်ပြီ။ မသနားတော့ပါ။

သည်အသံလေးကို ပစ်ကျမိလို့။

သည်မျက်နှာကလေးကို ကရုဏာသက်မိလို့ အရှုပ်တော်

www.burmeseclassic.com

www.burmeseclassic.com



က ကားထဲပါလာပြီးပြီ။

"ငါ ဘုန်းကြီးကျောင်းရှေ့မှာ သွားစောင့်သေးတယ်"

"ဟုတ်လား၊ ကျွန်မလည်း ဘုန်းကြီးကျောင်းရှေ့ သွားကြည့်ခဲ့သေးတယ်၊ လွဲနေတာ"

"ကောင်းတာပေါ့"

သူက ဝမ်းသာသလိုဆိုသောအခါ ကောင်မလေးက မျက်နှာကလေးပျက်ရင်း "ကားခေါ်သွားပေးလို့ မြင်ရဲ့သားနဲ့ မပြောတာလားဟင်"ဟု သံသယမေးခွန်း ထုတ်လာ၏။

"မင်းလိုမှတ်လို့လားကွ"

"ကျွန်မက ဘာများမှားလို့လဲ"

ကောင်မလေးက သူ့ကို မျက်လုံးဝိုင်းကလေးနှင့် ကြည့်ကာ မေးလာ၏။ မျက်ဆံညိုကလေးက တရွှေ့ရွှေ့နှင့် သူ့စိတ်ကို လှုပ်ရှားစေပါသည်။

"ကားအခုရပ်ဆိုပြီး မင်း မျက်နှာပြောင်တိုက်ပြီး တက်စီကို ဈေးဆစ်မေးခဲ့တယ်မဟုတ်လား၊ နှစ်ထောင့်ငါးရာဆိုမှ မင်းဖြစ်တက်လာတာ၊ အရှက်မရှိဘူး"

"ဩော်... ဒါလား အဲဒါစိတ်ဆိုးစရာလား၊ ဘယ်သူမဆို သက်သာလေကြိုက်လေပေါ့၊ အဲဒါကြောင့်ထင်ပါရဲ့ ရှင်မေတ္တာဈေး





ဝိုလို့ အခု ကျွန်မ သတင်းစာထဲကြော်ငြာထည့်တာ ကုန်သွားပြီ"

"ငါကဝဲ ပြန်စိုက်ပေးရဦးမှာလား"

"မလိုပါဘူးရှင်... ကျွန်မအဖြစ်နဲ့ ကျွန်မပဲ၊ ဘာတတ်နိုင်မလဲ၊ ကျွန်မက ဘာမဟုတ်တာလေးနဲ့ သူများအပြောမခံချင်ဘူး၊ မြန်မြန်ပြန်ပေးလိုက်ရင် ပြီးရော၊ အေးပြီ"

သူမစိတ်ခုတ်က ပြတ်သားသည်။

မာနက စကားထဲပါလာ၏။

ရွှေသံစဉ်က သုန်မှုန်နေသော သူ့မျက်နှာကို တစ်ချက်ကြည့်မိ၏။ သူ့မျက်နှာက စွဲဆောင်မှုရှိသည်။ သူ့မျက်လုံးများက အပြာရောင်လိုလို၊ မီးခိုးရောင်လိုလို။ ဘာဖြစ်လို့ပါလိမ့်။

"ရှင်က မျက်ကပ်မှန်တပ်ထားလား"

"ဟုတ်တယ်"

စူးစူးစမ်းစမ်းကြည့်ကာ မေးလာတော့ သူခေါင်းညိတ်မိသည်။ သူမက သူ့ကို သတိထားမိသည်ပဲ။ သူ့မျက်လုံးကို သတိထားမိသည်။

သူမက စူးရှထွင်းဖောက်မြင်တတ်သည်။

ထက်ထက်မြက်မြက် ပါးပါးနပ်နပ်နှင့်။

တစ်ခါတလေ အရွယ်ကလေးနှင့် မလိုက်ဖက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးကောအားပြောတတ်လွန်း၏။

“ဒါကြောင့် ရှင့်မျက်လုံးက တစ်မျိုးဖြစ်နေတာကိုး”

“ဘာဖြစ်နေလို့လဲ”

“ပြာသလိုလို ဘာလိုလို”

“ဟုတ်တယ်၊ မျက်ကပ်မှန်အရောင်ကြောင့်”

“မြှုတ်ရင် တတ်ရင် နာလား”

“မနာပါဘူး”

“တပ်ချင်လိုက်တာ”

“အလှတပ်တာမဟုတ်ဘူး၊ အဲဒါ ပါဝါဒီဂရီ”

“ဪ…ဟုတ်လား”

မလှချင်လျှင် မျက်မှန်ရိုးရိုးတပ်ပါလား။

ဒီလူနှယ်…ဘယ်လိုကြီးမှန်းမသိပါ။

မျက်ကပ်မှန်တပ်တာကိုက စတိုင်လ်ထွင်တာ။

“ကျွန်မနာမည် ရွှေသံစဉ်ပါ”

“သိပြီးသားပဲ၊ သတင်းစာထဲပါတာပဲ”

ဘုကျကျပြောသည်။ ပြီးမှ…

“ကျွန်တော်က မိုးမာန်”ဟု မပြောချင်ပြောချင် ဆိုလာသည်။ ရွှေသံစဉ်က မသိမသာ မျက်စောင်းရွယ်မိ၏။





“ခင်းက ဘာမှုတာလဲ”

ဪ…သူ့အာ မြန်မြန်အောင်မြင်သွား၏။

“မပြောချင်ပါဘူးရှင်၊ ကိုယ့်ဇွန်းဆို ဒီလောက်ဒုက္ခ မခံပါဘူး၊ တကယ်ပါပဲ”

ရွှေသံစဉ်က ညည်း၏။

ကြားရတာ အစ်ကြောင်းထပ်လာပြီ။

သူ့ဖစ္စည်းမဟုတ်ဘဲ ဘာလို့ သူဝင်ရှုပ်သွားပေးရတာလဲ။ နားမလည်နိုင်။

“ကိုမိုးမာန်ရယ်…အဖြစ်ကဒီလို”

ရွှေသံစဉ်က အိမ်အရောင်းအဝယ် ဖြစ်မလားဆိုပြီး မျှော်လင့်ချက်နှင့် ပို့ပေးမိတာ ရှင်းပြသည်။

“ဪ”

သည်လိုဆိုတော့လည်း သူမဖြစ်အင်က သနားစရာ။

“ခင်ဗျားက အိမ်ပွဲစားပေါ့”

“ဟုတ်တယ်၊ အိမ်ပဲဖြစ်ဖြစ်၊ ဖုန်းပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အကုန်လုပ်တယ်လေ။ ဘာလို့လဲ”

“ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအလုပ်လုပ်တာ မတွေ့ဘူးလို့ပါ”

“အခုတွေ့ဘူးပြီ မဟုတ်လား၊ ရွှေသံစဉ်က အေးအေးသင်



www.burmeseclassic.com

www.burmeseclassic.com



တက်နေပါတယ်၊ ဒါပေမယ့် မိုးစစ်စစ်က အရေးကြီးတယ်မဟုတ်လား၊ ဒီလိုမှမလုပ်ရင် ရစ်ချည်မိမှာလွယ်ဘူး"

"ဘယ်သူ့နဲ့နေတာလဲ"

"တစ်ယောက်တည်းပဲ၊ ကောင်မလေးတစ်ယောက် ခေါ်ထားတယ်လေ၊ မေမေတို့က နယ်မှာ၊ အဆင်ပြေမှပဲ ပြန်မယ်"

"ဪ"

"မိဘတွေဆီ လက်မဖြန့်ချင်ပါဘူး၊ ကိုယ်တိုင်ပဲ ရှာချင်တယ်၊ ရိုးရိုးသားသား၊ သန့်သန့်ရှင်းရှင်း ရတဲ့ငွေမဲလိုချင်တယ်၊ တခြားအလုပ်လည်း မလုပ်တတ်ဘူး"

မိုးမာန်က ရွှေသံစဉ်ကို စူးစူးစိုက်စိုက်ကြည့်မိ၏။

"လာခနည်းရင်လည်း မဖြစ်ဘူး၊ ကျွန်မက ပေါပေါသီသီ သုံးနေကြဖြစ်သွားပြီ၊ ပွဲစားလက်မဟုတ်လား"

သူ ခေါင်းတစ်ဆတ်ဆတ်ညိတ်သည်။

သူမရုန်းစွာတား၊ မယောတ်မခံပက်ခနဲ ပြန်ပြောတတ်ပုံနှင့်ဘယ်မှာမှ အလုပ်ဝင်လို့ရမှာမဟုတ်။

လှုမှုရေးမှာ သူမက ညံ့ဖျင်းသည်။

အင်း…ညံ့တာလည်းမဟုတ်။

ဘယ်လိုပြောရပါ့မလဲ။





ကိုယ့်ဘက်ကိုယ်ကြည့်လွန်းတာ။

လိမ်မကလေး။ ဖျံမကလေး။

"ကဲပါ…သွားမယ်နော်၊ ကြုံရင် မုန့်ကျွေးမယ်၊ လာလည်ပေါ့၊ အလုပ်ကလေးဘာလေးရှိရင် သတိရဦးနော်၊ မမေ့ထားနဲ့၊ ဒါက ကျွန်မလိပ်စာ"

"ကောင်းပါပြီ"

ဖျိုးဖျိုးဖျတ်ဖျတ် လျှောက်သွားသော ရွှေသံစဉ်ကို မိုးမာန်ငေးကြည့်ကျန်ရစ်သည်။

သူနှင့် ရွှေသံစဉ် အဲဒီလိုသိခဲ့ကြတာ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





တံခါးကို တဒုန်းဒုန်း တကျိန်းကျိန်း ဆွဲခါနေကတည်းက ကြယ်စင်လင်းလက်ဟု မိုးမာန် တွက်ဆလိုက်မိသည်။

ဘဲလ်မတီး ခေါင်းလောင်းမချွတ် တံခါးကိုကိုင်ဆောင့် အသံမြည်အောင် လုပ်တတ်တာ ကြယ်စင်ပါပဲ။

စောစောကပဲ "လာခဲ့မယ်နော်" ဟု ဖုန်းဆက်ထားတော့ ပိုသေချာသွားသည်။

မိုးမာန်က မြဝင်းတံခါး သွားဖွင့်သည်။

ထင်ထားသလိုပါပဲ။

ရွှဲယှက်ခတ်နေသော ဒီဇိုင်းနှင့် ကြယ်စင်လင်းလက် လက်မှာလည်း လက်ကောက်တွေအများကြီး၊ လည်ပင်းမှာလည်း ဆွဲကြိုးတွေအများကြီး။ နားဆွဲရှည်ကြီးနှင့် ခေါင်းစည်းပဝါနှင့် မျက်မှန်က ခေါင်းပေါ်တင်လို့ ဘာကြီးမှန်းမသိဝါ။

ဘွတ်ရှူးနှင့် ဆောင်းဘီပွပွနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်စိကို နောက်နေတာပဲ"

"အမယ်...အထင်မကြီးတဲ့လေသံနဲ့ ငါ့ကိုအားလုံးက ငေးနေတာဟဲ့ သိရဲ့လား၊ နင်သာ ခေတ်မျက်စိမရှိတာ"

ကြယ်စင်လင်းလက်က မိုးမာန်ကို နှိပ်ကွပ်သည်။

"ကဲ...ပြောစမ်းပါဦး၊ ငါ့ဆီလာတဲ့ကိစ္စ"

"အေး...ဟုတ်သားပဲ၊ မိုးမာန် ငါ နင့်ကို သူငယ်ချင်း တစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်"

"ဘယ်ကသူငယ်ချင်းလဲဟ"

"နင်မသိပါဘူး New ...New နယူးသူငယ်ချင်း အသစ်စက်စက်၊ သိရဲ့လား"

"လုပ်မနေပါနဲ့ဟာ၊ နင့်သူငယ်ချင်းကို ငါက အခမ်းအနားနဲ့ ကြိုဆိုရမှာလားပြော"

"အင်း...အဲဒီလောက်မလိုပါဘူး၊ 'One table' တစ်ဝိုင်းစာညှိခံရင် ရပြီ၊ နော်...ဖြစ်တယ်မဟုတ်လား"

"သေလိုက်ပါလား...သူကကျွေးမယ်ဆို ဟုတ်သေး"

ကြယ်စင်လင်းလက်က မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် သနားကမား လုပ်နေသည်။

"နင်ကလည်းဟယ် တစ်ခါတလေ ကျွေးပါလား"





"မကျွေးဘူး၊ ဒါပေမယ့် နင့်ကိုပေးစရာရှိတယ်"

"ဘာလဲ...ဘယ်မှာလဲ၊ ပေးလေ"

အလောတကြီး တောင်းနေလိုက်တာ စေတနာတောင် မရှိချင်တော့။ တကယ်ပဲ မရမှာကျနေတာပဲ။

"ရေမွှေးခဲလေးပါဟာ"

"ဟယ်...နင်က ဖွတ်ခ်ီဖရင့်ပဲ၊ ငါက ရေမွှေးဆို အသေကြိုက်၊ ဘယ်မှာလဲ ပြ"

"ပေးဝါမယ်ဟာ ဘယ်လိုဖြစ်တာလဲ"

(သူငယ်ချင်းကောင်း = Good Friend)

သူက ရေမွှေးအခဲခဲကလေး သွားယူပေးတော့ ကြယ်စင်လင်းလက်က သဘောကျနေ၏။

"မွှေးလိုက်တာဟယ်"

ချက်ချင်းပဲ ပက်ကင်ဗူးကိုဖောက်ပြီး ရေမွှေးခဲကလေးကို ရှင်ကာ လက်ညှိုးနှင့် တို့ယူပြီး လက်ကောက်ဝတ်နှင့် နားရွက်အောက်ကလေးမှာ ပွတ်သည်။

"အား...အံရှမ်းကောင်းတဲ့အနံ့လေးပဲ"

"ကြိုက်လား"

"ကြိုက်တာပေါ့၊ နင်က တစ်ဗူးထဲလား"

www.burmeseclassic.com



"တစ်ပုဒ်တော်ပြီပေါ့"

"ရွှေသံစဉ်အတွက်ရော"

သူ ဖောက်ခံရသည်။

"ပေးပြီးပြီမဟုတ်လား"

"အေး"

သူမညာချင်။ ညာလည်းသိမှာပဲ မဟုတ်လား။

"ဘယ်နှစ်ပုဒ်လဲ"

"တစ်ပုဒ်"

"သေချာလား"

သူ့ကို ထောက်ညှိုးထိုးကာ စစ်၏။

"သေချာတယ်"

"ပြီးရော...တစ်ပုဒ်မဟုတ်လို့ကတော့ ကြယ်စင်နဲ့တွေ့သွားမယ်၊ ရွှေသံစဉ်ကို ရန်ဆောက်ပေးကြည့်မယ်"

"ပေးကြည့်ပေါ့ဟ"

မိုးမာန်က မှင်သေလွန်းတော့ ကြယ်စင်က ပေါ့ချင်ယုံချင်ယုံသွား၏။

"ပြန်မယ်၊ ညနေမှတွေ့ကြတာပေါ့"

"အေး...ကောင်းသားပဲ"





"နင်...ရွှေသံစဉ်ကို ဝင်ခေါ်ခဲ့ပါလား"

ကြယ်စင်မပြောလည်း သူက ဝင်ခေါ်မှာပါ။

သူတို့တစ်ခုခုသွားစားလျှင် ရွှေသံစဉ်ကိုခေါ်ဖို့ သူမမေ့။ ရွှေသံစဉ်က သူတို့နှစ်ယောက်လို ရှိတာမဟုတ်။

ရန်းကန်ကြိုးစားရင်း ရှိတစ်လှည့်မရှိတစ်လှည့် မဟုတ်လား။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရွှေသံစဉ်တို့ ဟားနေသော တိုက်ခန်းက ခြောက်လှ၏။ တော်တော်တက်ရသည်။

အခန်းရှေ့ရောက်တော့မှ ဟင်းခနဲ သက်ပြင်းချမိကာ တံခါးဘဲလ်တီး၏။

သူ ဘဲလ်တီးသော်လည်း တံခါးက လာမဖွင့်။

ဘယ်လိုဖြစ်တာလဲ။

သော့များခတ်ထားသလားဟု သူ ရှေ့နောက်ဝေ့ဝဲကြည့်မိ၏။ သော့လည်း ခတ်မထားပါလား။

အခန်းထဲမှာ လူရှိတာသေချာ၏။

ထပ်တစ်ကြိမ် ဘဲလ်တီးပြီး စိတ်ရှည်ရှည်စောင့်မိ၏။ ခဏကြာတော့မှ အခန်းတံခါး ချပ်ခနဲပွင့်လာ၏။

ဟာ...

သူအရမ်းအားနာသွားမိ၏။

ပြီး ◆ တခဲ

www.burmeseclassic.com

ရွှေသံစဉ်က ရေဝတ်အင်္ကျီ အနီရဲကလေးနှင့် ဆံပင်တွေကို မျက်နှာသုတ်ပဝါနှင့် ပေါင်းထားသည်။

"ရေချိုးနေတာလား"

"ဟုတ်တယ်"

"ဘယ်သူမှမရှိဘူးလား"

"ဟင့်အင်း"

"ကောင်မလေးရော"

"သူ့အိမ်ခဏပြန်သွားတယ်လေ"

"ညဘက် ဘယ်လိုလုပ်မလဲ၊ ရွှေသံစဉ်တစ်ယောက်တည်းဖြစ်နေမှာပေါ့"

"ညပြန်လာမယ်ပြောတာပဲ"

မိုးမာန်က စိတ်ပူသွားပေမယ့် သူမက အေးဆေးသိမ်မွေ့စွာ ဘာမှပူပန်ပုံမရ။

"ရေချိုးနေမှန်းမသိလို့ ဘဲလ်ဆက်တိုက်တီးမိတာပါ၊ သီရင်စောင့်နေမှာပေါ့"

"ရပါတယ်"

"ရွှေသံစဉ်တစ်ယောက်တည်း ညဘက်မနေသင့်ဘူး၊ ကောင်မလေးကို သေချာမှာလိုက်ရဲ့လား"





"အမယ်လေး...သေချာမှာလည်း သူလာချင်မှလာမှာ၊ သူတို့က အဲဒီလောက်သိတတ်မလား"

မိုးမာန်က ရွှေသံစဉ်ကို တစ်ချက်ကြည့်ကာ...

"ရတယ်...သွားချိုးလေ၊ အအေးမိဦးမယ်"

ဟု သူက တိုက်တွန်းသည်။

"ရေချိုးပြီးပါပြီ၊ ဆံပင်တွေသုတ်ပြီး အဝတ်အစားလဲရုံပါ၊ ခဏစောင့်ဦးနော်"

"အေးပါ၊ ရပါတယ်"

ရေလဲအင်္ကျီကလေးနှင့် ရွှေသံစဉ်ကိုမြင်ရတာ သူ့ တစ်မျိုးကြီးဖြစ်ကာ ရင်ခုန်သံက စည်းချက်မမှန် ဖရမ်းပတာ ခုန်လာတော့ သူထိန်းမရမှာစိုးသည်။

ရွှေသံစဉ်က အင်္ကျီလဲပြီး ကပျာကယာ ပြန်ထွက်လာ၏။ ဆံပင်ရေစိုတွေကို သုတ်နေရင်းက ဟဲဒရိုင်ယာ 'Hair Drier' ဆံပင်လေမှုတ်စက်ကို ပလပ်ထိုးဖို့ နံရံမှာကပ်ထားသော ပလပ်ခုံက နိမ့်နေတာမို့ ခုံကလေးပေါ် ခွေ့ခနဲတက်၏။

"ဘာလုပ်မလို့လဲ"

"ပလပ်ပေါက်မမီလို့"

"ပေး...ပေး ငါထည့်ပေးမယ်၊ ပလပ်ပေါက်က ခုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



တက်ရအောင်မြင့်ရလား။ပဲ။ ပလပ်ပေါက်နိမ့်နိမ့် မရှိဘူးလား၊ ဒီလိုသာဆို မလွယ်ဘူး''

ထိုင်ခုံပေါ်က ဖျတ်ခနဲ ခုန်ဆင်းသော ရွှေသံစဥ်ကို သူက လက်နှင့်အသာဖမ်းထိန်းပေးရသည်။

''ပလပ်ပေါက်က အဲဒီအမြင့်မှာပဲရှိတယ်''

ရွှေသံစဥ်ပေးသော ပလပ်ခေါင်းကို ယူကာ ပလပ်ပေါက်မှာ ထိုးပေးလိုက်၏။

''ဆံပင်တွေ ရေစိုနေရင် မနေတတ်ဘူး''

ရွှေသံစဥ်က သူ့ကို တစ်ချက်ပဲမော့ကြည့်ကာ မပွင့်တပွင့်ပြောလာ၏။

နိုးမာန်က ရွှေသံစဥ်ကိုကြည့်ရင်း ရင်ထဲမှာ လှုပ်ရှားတုန်ရီလာ၏။ သည်လိုသာဆို မဖြစ်ပါ။

''ပြီးရင်ဆင်းလာခဲ့မလား၊ လမ်းထဲက လက်ဖက်ရည်ဆိုင်ကပဲ စောင့်မယ်''

''ဟင်…အမယ့်လေး ကော်ဖီတိုက်မှာပါ၊ ခဏစောင့်၊ ဆံပင်တွေခြောက်သွားရင် ကော်ဖီသွားဖျော်လာမယ်''

ရွှေသံစဥ်က မျက်စောင်းကလေးနှင့် ဆို၏။

လှဲပြီ။





အရှုံးလှဲပြီ ရွှေသံစဥ်ရယ်။

ကိုယ်က ကိုယ့်ကိုယ်ကို မယုံတာ…

စိတ်လှုပ်ရှားမှုဒဏ်ကို မခံစားနိုင်လို့ ရှောင်ရွှေ့တစ်ချင်တာ။ ထပ်ပြီးကြာနေလျှင် ကိုယ် ရည်းစားစကားပြောမိသွားမလား။ လက်များကလေး ဖမ်းဆွဲမိတော့မလား။

ဒါဟာ အချစ်လား၊ အချစ်စစ်လား။

သေချာဆန်းစစ်ချင်သေးသည်။

ဒါဟာ နှစ်ယောက်တည်းဆိုသောအသိ။

ပြီးတော့ ရေချိုးပြီးစ ရေမစင်တစင်ပုံစံကလေး။

မွှေးပျံ့သင်းကြိုင်နေသော ရှမ်ပူနံ့။

အားလုံး…အားလုံး သူ့ကိုရင်ခုန်အောင် ဖြားယောင်းနေခဲ့လို့များလား။ ဖမ်းစားနေခဲ့လို့လား။

တခဏသာယာကျေနပ်မှုကို သူက ရှောင်ချင်ပါသည်။ အခြေအနေ၏ ဖြားယောင်းမှုမှာ သူမနစ်မြောလိုပါ။

သူ့စိတ်ထဲမှာ စူးရှနစ်နစ် မြတ်နိုးမိလျှင်တော့ ချစ်တယ်ဆိုတာကို ဖွင့်ဟဖို့ နှုတ်များက ဝန်လေးမှာမဟုတ်။

ရွှေသံစဥ်က သူ့အတွက် ကော်ဖီတစ်ခွက် သွားဖျော်လာ၏။

www.burmeseclassic.com



"ကဲ…ဆိုပါဦး အလည်လာတာလား၊ ကိစ္စရှိလို့လား"

"ကိစ္စရှိတယ်၊ အပြင်သွားရမှာ"

"အင်း…အခုလား"

"ညနေစာထွက်စားမလို့"

"ကျွေးမှာလား"

ရွှေသံစဉ်က ချက်ချင်းမေး၏။ ဝရန်တာထွက်ရပ်ကာ သူတို့စကားဆိုမိကြ၏။

စောစောတုန်းက အတောင့်ရဲနေသောစိတ်ရိုင်းတွေ လွင့်ပျောက်သွား၏။

"ငါကျွေးမှာပါဟာ"

"ဒါဆိုကောင်းတာပေါ့၊ အိုကေ…သွားမယ်လေ"

မိုးမာန်က ရွှေသံစဉ်ကို ဘုကြည့်ကြည့်သည်။

"ငါကျွေးမယ်ဆိုတာနဲ့ နင် အားပါသွားတာ"

"ဟုတ်တာပေါ့ဟာယ်…ငါ့မှာ စိုက်ဆံနည်းနေတယ်ဗျဲ၊ အခုတလော ငါ တဗွင်(ခွင်)မှ မဝိသေးဘူး မိုးမာန်ရဲ့၊ ငါအလုပ်ဖြစ်ရင် ကျွေးမှာပါနော်"

"အောင်မလေးဟာ…ပိုက်ဆံပါ ဖြစ်ချေးရမလိုဖြစ်နေပြီ၊ ပြောမိတာငါမှားပြီ"





"ပိုက်ဆံတော့ မချေးပါဘူးဟယ်၊ ငါ့မှာရှိပါသေးတယ်၊ ဒါပေမယ့် တစ်ရွက်ကို နှစ်ရွက်လို သဘောထားနေရတယ်၊ မသုံးရဲဘူး"

မိုးမာန်က ပြုံးစိစိနှင့် ခေါင်းညိတ်၏။

"ကုသိုလ်ကံက မတရားဘူး"

"ဟော"

"နင်နဲ့ကြယ်စင်ကြတော့ ပေါမှပေါ၊ ငါ့ကျတော့လည်း ရှားလိုက်တာ၊ တကယ်ကြပ်တယ်"

"နင်ပြောသလောက် မဟုတ်သေးပါဘူးဟာ"

"ဟုတ်ပါတယ်၊ ဟိုနေ့က ငါနဲ့ကြယ်စင် ရှောပင်ထွက်တာ သူ နှစ်သိန်းနီးပါး သုံးဝစ်နိုင်တယ်၊ သိလား"

ရွှေသံစဉ်က အားကျနေ၏။

"သူက သူဌေးသမီးပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ငါက သုံးသောင်းပဲ သုံးနိုင်ခဲ့တယ်၊ ချက်နှာငယ်လိုက်တာ၊ အားငယ်စရာကြီး၊ ကြယ်စင်ကို အားကျတာပေါ့"

မိုးမာန်က ရွှေသံစဉ်ကို စေ့စေ့ငေးကြည့်နေ၏။

"ငါက ငွေမက်တာမဟုတ်ဘူး၊ ဒါပေမယ့် သုံးနိုင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့နော်"

"ဘာထူးလဲ"

"မတွေ့ဘူးလေ…အများကြီးလောဘတက်နေတာမှ မဟုတ်ဘဲ၊ တော်ရုံတန်ရုံဆို လောက်ပြီ"

မိုးမာန်က ရယ်သည်။

"နင် ဟိုက်ဆော့(စ်)ရှာပေါ့"

"နင်မှ မရှာပေးဘဲ…ဟဲ့…လူပျိုမဖြစ်မှာနော်၊ ငါ့ကို တကယ်ချစ်ရမယ်၊ လက်ထပ်ယူရမယ်"

ရွှေသံစဉ်က ပြောပြီး ရယ်သည်။

"ဒီတစ်ခုလေးပဲ တက်လမ်းရှိတာ၊ ထွက်ပေါက်ရှိတာ"

ပွင့်ပွင့်လင်းလင်း ပြောမြန်ပြီ။

နှလုံးသားကိုရော စရူမစိုက်ဘူးလား။

ဦးနှောက်တစ်ခုတည်းနှင့် ရွေးတော့မှာလား။

သူ မေးကြည့်ချင်ပါသည်။

မေးလည်း မမေးချင်ပါ။

ဒါက ကိုယ်ရေးကိုယ်တာ မမေးသင့်သောမေးခွန်းကြီး။ နင်က ဘာလို့သိချင်ရတာလဲဆို အရှက်။

"အလကားနေ့တာပါ မိုးမာန်ရယ်၊ နင်က ငါ့ကို





တကယ်ထင်သလိုကြီး ကြည့်နေမြန်ပြီ၊ ငါက ပွဲစားဆိုပေမယ့် အိမ်ထောင်ရေးကို ပွဲစားဦးနှောက်နဲ့ မစဉ်းစားပါဘူးဟယ်၊ ယုံ"

မိုးမာန် မျက်နှာ အခုမှပဲ ပြုံးနိုင်တော့သည်။

× × × ×

www.burmeseclassic.com





မိုးမိုး ◆ တာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ…အစ်မ"

"ဟင်"

ရွှေသံစဉ်၏ ဆံပင်များကို ဘီးလုံးကြဲနှင့် ဖြီးချနေတုန်း

…ဆံပင်ညှပ်ပေးသော ချာတိတ်က ကြောက်လန့်စွာခေါ်လာ၏။

"ဟိုလူကြီးက အစ်မလူကြီးလား"

ရွှေသံစဉ်က သူမေးငေါ့ပြရာဆီ လှမ်းကြည့်မိ၏။

မိုးမာန်က တင်းမာအေးစက်သောမျက်နှာနှင့် ထိုင်နေ၏။

ဒါဟာ ဘယ်လိုဖြစ်ရတာလဲ။

တစ်ခါတလေ အဖော်မရှိလို့ခေါ်လာတဲ့ဟာကို။

ဘာကိုမကျေမချမ်း ဖြစ်နေရတာလဲ။

"ကြောက်စရာကြီးဗျာ"

ချာတိတ်က ပခုံးတွန့်သည်။

"ကျွန်တော့်ကို မျိုချတော့မလို့ ကြည့်နေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…ဟင်း…ဟင်း"

ကောင်လေးစကားကို ရွှေသံစဉ် ရယ်မိ၏။

ကိုယ်က သည်ဆိုင်မှာ ဆံပင်အမြဲညှပ်နေကျပါ။ သည်ဆိုင်ရောက်လာတာနှင့် လက်ရာသေသပ်လှပသော စိတ်တိုင်းကျအောင် ညှပ်ပေးတတ်သော ချာတိတ်ကလေးကို ရှာမိစမြဲပါ။ သူ့လက်ရာကို ရွှေသံစဉ်က သိပ်ကြိုက်မိ၏။ ဆံပင်ညှပ်တော့မည်ဆိုတာနှင့် သူ့ကို သတိရစမြဲပါ။ တခြားလူတွေ ညှပ်ပေးတာဆို စိတ်တိုင်းမကျ။

ဒါကိုပဲ မိုးမာန်က အထင်လွဲနေသလား။ အမြင်မရှင်းတာလား။ အမေရိကန်ဗိုလ်ရှင်းခေါ်သွားမှ ဖြစ်လိမ့်မည်။ ရွှေသံစဉ်မှာ တခြားဘာသဘောမှမပါ။

ချာတိတ်ကလေးကလည်း ဆံပင်ညှပ်ပညာကို ကျွမ်းကျင်လှတာ စိတ်ဝင်စားလှတာ။

သူလည်း မရိုးမသားစိတ်မရှိ။

လာသမျှ မိန်းကလေး ယောကျာ်းလေး အတွန့်လုံးတို့ ညှပ်ပေးနေတာပါပဲ။

ဆံပင်ညှပ်ထိုင်ခုံက ဆယ်ခုကျော်ပါသည်။ ဒါတောင် စောင့်ချင်စောင့်ရသေးတာ။





မိုးမာန်က ရွှေသံစဉ်ဘေးကို လွှားခနဲရောက်လာ၏။

ရွှေသံစဉ်က သူ့ကိုမော့ကြည့်မိ၏။

ဟင်း…မလွယ်ပါလား။

နောက်ဆို ဆံပင်ညှပ်ရင် အဖော်ခေါ်လို့မဖြစ်။

"အပြင်ထွက်စောင့်မယ်၊ ကော်ဖီသောက်ရင်းနဲ့"

မိုးမာန်က ခပ်တိုးတိုးဆို၏။

"အင်း"

ရွှေသံစဉ် ခေါင်းညိတ်မိ၏။ အဲဒါအကောင်းဆုံးပါပဲ။ ခါဝါစိမ်း၊ မျက်မှန်ကြီးတပ်ပြီး ထိုင်ကြည့်နေရင် ဝိုဆိုးကုန်မှာ။ ဆံပင်ညှပ်ပေးသော ချာတိတ်ကိုလည်း အားနာပါသည်။

"အစ်မလူကြီးက ခန့်ချောကြီး"

ချာတိတ်ကလေးက မိုးမာန်ထွက်သွားတော့ ချီးမွမ်း၏။

"ဒါပေမယ့် အူတိုရုပ်ကြီး"

ဘာမှပြန်မပြောဘဲ ဖွဖွပြုံးကာနေမိ၏။

တကယ်ဆို ရွှေသံစဉ်နှင့် မိုးမာန် ဘာမှမဆိုင်။ ကြယ်စင်သင်းလက်က မလိုက်ပေးလို့သာ မိုးမာန်ကိုခေါ်လာရတာပါ။ တစ်ယောက်တည်းလာရမှာ ပျင်းခြောက်ခြောက်နိုင်လှသည်လေ။

ဆံပင်ညှပ်ပြီး ထွက်လာတော့ မိုးမာန်က ကော်ဖီဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကော်ဇီမှာသောက်ရင်း စောင့်နေ၏။

"ဘာသောက်မလဲ"

"ရပါတယ် မိုးမာန်နေပါ၊ ရွှေသံစဉ် သွားယူလာခဲ့မယ်၊ ရတယ်၊ ထိုင်နေ"

ရွှေသံစဉ်က ရေခဲမုန့်တစ်ခွက်နှင့် ကိတ်မုန့်တစ်ချပ် သွားယူလာခဲ့သည်။

ကော်ဖီဆိုင်ကလေးက ကိုယ်တိုင်ယူစနစ်။

သီချင်းသံတိုးတိုးကလေးက ဆိုင်ထဲတွင် ပျံ့နေသည်။

မျက်နှာကြီးမသာမယာနှင့် စကားမပြောနိုင်အောင် ဖြစ်နေတာက မိုးမာန်။

"မိုးမာန်"

"ဘာလဲ"

ဘုဆတ်ဆတ်ပြန်ထူးသည်။

"ဘာဖြစ်နေတာလဲဟယ်"

"ဘာဖြစ်လို့လဲ"

"အမယ်လေး အသိသာကြီး၊ နင် ငါ့ကို မကျေနပ်ဘူး မဟုတ်လား၊ ဒီလောက်မျက်နှာမျက်နေတာ"

"စဉ်းစားကြည့်ပါလား၊ မလွန်ဘူးလားဟာ၊ ဆံပင်ညှပ်





တာပဲ ယောကျ်ားလေးညှပ်ပေးမှ ဖြစ်မှာလား"

"မဟုတ်ပါဘူး မိုးမာန်ရယ်၊ နင်မှားနေပြီ"

"ငါ လုံးဝနားမလည်ဘူး၊ နင်က ပွဲစားမလေးဆိုပေမယ့် ငါ နင့်ကို တစ်ခါမှ အထင်မသေးခဲ့ဘူး"

"အခုအထင်သေးလို့လား"

"ဟုတ်တယ်"

ရွှေသံစဉ် မျက်နှာငယ်ကလေးနှင့် "နင်က အပေါ်ယံပဲ ကြည့်တတ်တာကိုး" ဟု ဆို၏။

"ငါ အမြဲ အဲဒီချာတိတ်လေးဆီမှာ ညှပ်နေကျ၊ သူ့မှာ လှိုင်းဂုဏ်နက်နဲတဲ့ ဆံပင်ညှပ်ပညာရှိတယ်"

"အပိုတွေ"

မိုးမာန်ကို ရှင်းပြဖို့မလွယ်။ သူ သည်ထက်ပိုပြီး ဝေဖန်စွတ်ဖက်ခွင့်ရှိတာလည်း မဟုတ်။

ရွှေသံစဉ် ငြိမ်နေလိုက်၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာက ငါ့ကို တမင်အလဲထိုးနေသလိုပဲ"

"မဟုတ်ပါဘူး"

ရွှေသံစဥ် သည့်လိုပြောတာ သူမကြိုက်ပါ။

သူက ရွှေသံစဉ်နှင့် လိုက်လျောညီထွေ ရှိချင်ပါသည်။

ရွှေသံစဉ် ကြိုက်တာဆို သူကြိုက်ချင်ပါသည်။

အဲဒါကို သူမ နားမလည်ဘူးလား။

မသိချင်ယောင်ဆောင်နေတာလား။

လက်ဖက်သုပ်ဆိုင်လေးမှာ ထိုင်စားတော့ သူက ဘာကြောင့်မစားနိုင်ရမှာလဲ။

စားပွဲမှာထိုင်ပြီး လက်ဖက်သုပ်မှာပြီးတဲ့အထိ သူ မျက်မှောင်ကုတ်နေမိသည်။

"ဘာလဲ…ဒေါပွနေတာလား"

"ဘာလို့ဒေါပွရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခုန်တော့ ရွှေသံစဉ်လည်း ကိုယ့်ကိုယ်ကို သိပ်မကျေနပ်ပါ။ ပွဲခရချိန် တစ်ခါတလေလောက်သာ လက်ထဲငွေရှိတာမို့ အမြဲတမ်း ဆိုင်ကောင်းကောင်းကြီးတွေမှာ သွားမစားနိုင်ပါ။ မိုးမာန်တို့လို မပြေလည်တော့ခက်သည်။

ပွဲစားမလေးဘဝနှင့် တော်တော်ကြာနေပြီမို့ အကျင့်ဖြစ်ပြီး နေတတ်နေပြီ။

သူ့စိတ်ပူက်မှာသာ စိုးရိမ်တာပါ။

ယောကျ်ားလေးဆိုတော့လည်း သားနားအခင့်မြင့်တာကို ပဲ ကြိုက်မှာပါ။ သူကိုယ်တိုင်ကလည်း ပြည့်စုံချမ်းသာသည်မဟုတ်လား။

ရွှေသံစဉ်ကလည်း အမြဲတမ်း သူ့နဲ့ကြီးပဲ လိုက်မစားချင်ပါ။

စိတ်ကူးမယဉ်ချင်တော့ပါဘူး မိုးမာန်ရယ်။

"ဆေးဘဲဥသုပ်နဲ့ စားမလား မိုးမာန်"

"အင်း"

ကောင်မလေးကို လှမ်းမှာရင်း ရွှေသံစဉ်က မိုးမာန်ကို တစ်ဆက်တည်းမေးသည်။

လမ်းဘေးဆိုင်ပေမယ့် ဆေးဘဲဥသုပ်ရော၊ လက်ဖက်သုပ်





ပါ စားလို့ကောင်းပါသည်။

"ကြိုက်လား မိုးမာန်"

"အင်း...ကောင်းပါတယ်"

"လက်ဖက်သုပ်လည်း စားကြည့်လေ"

မိုးမာန်က ရွှေသံစဉ် လက်ဖက်သုပ်ကို တစ်ဇွန်းခပ်စားသည်။ ရွှေသံစဉ်ရင်ထဲမှာ အလိုလိုကြည်နူးနေမိ၏။

"အာ...ငရုပ်သီးစိမ်းကို ကိုက်မိပြီကွ၊ စပ်လိုက်တာ"

"ဟင်း...ဟင်း...ဟင်း စပ်နေပြီလား"

ရွှေသံစဉ်သည် ရှူးရှဲရှူးရှဲဖြစ်နေသော မိုးမာန်ကိုကြည့်ရင်း ရယ်ချင်မိသည်။

ယောကျ်ားလေးဖြစ်ပြီး အစပ်ကကြောက်သေးသည်။ ရွှေသံစဉ်တောင် စားနေတဲ့ဟာကို။

"ခဏလေးနော်...သံစဉ် ရေသွားဝယ်လိုက်မယ်"

သူ တကယ်အစပ်ကြောက်တာပါလား။

ငရုပ်သီးစိမ်းကို ကိုက်မိတာ မျက်ရည်တွေ ချက်ချင်း ရွှဲလာ၏။

ရွှေသံစဉ်က တစ်ဖက်လမ်းကူးရင်း ရေသန့်တစ်ဗူး သွားယူလာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေသန့်ဗူးဖွင့်သောက်ရင်း နှစ်ယောက်သား ဘာရယ်မဟုတ် ပြုံးမိကြသည်။

ရင်ထဲမှာ ဘယ်လိုပျော်မိမှန်းမသိပါ။

မိုးမာန်တို့နှစ်ယောက် အတူရှိနေချိန်တွေဆို ပျော်ရွှင်နေမိတာအမှန်ပါ။

ထိုအချိန်ကလေးတွေကို ကြာသထက်ကြာအောင် ဆွဲဆန့်ထားချင်သည်။

"နောက်နေ့တွေလည်း လာစားကြမယ်နော် သံစဉ်"

မိုးမာန့်စကားကြောင့် ရွှေသံစဉ် ပျော်သွားမိသည်။

သူ့မျက်နှာကို မော့ကြည့်ကာ…

"တကယ်ပြောတာနော် မိုးမာန့်"

ရွှေသံစဉ် ပြောပုံလေးက တစ်မျိုးချစ်ဖို့ကောင်းကာ သူ့အပေါ်မှာလည်း သံယောဇဉ်တွယ်နေမိပြီဆိုတာ သိသာသည်။ သူကရော…

သူလည်း ရင်ခုန်မြန်နေမိပါလား။

ဒီလိုဆိုတော့ မိုးမာန် ဝမ်းသာရသည်။

ရွှေသံစဉ်၏ ရွှင်ပျနေသော မျက်နှာကလေးကို ငေးနေမိ၏။ သူတို့နှစ်ယောက် စားပြီးပြန်ထွက်လာတော့ မိုးပင်ချုပ်နေပြီ။





အချိန်တွေ ဘယ်လိုကုန်သွားမှန်းပင်မသိ။

"ကိုယ်လိုက်ပို့မယ်နော် သံစဉ်"

"အိမ်အထိလား"

"ဒါပေါ့"

"အင်း…သဘောပဲ"

တစ်ယောက်ကိုတစ်ယောက် ကြည့်ကာပြုံးမိ၏။

သံစဉ်တို့နှစ်ယောက် လမ်းလျှောက်လာရင်း လမ်းထိပ်အကွေ့နားအရောက်မှာ ကောင်မလေးတစ်ယောက် စီးလာသော စက်ဘီးက မိုးမာန်ကို တိုက်မိသွား၏။

"ဟင်…ဘယ်လိုလုပ်တာလဲ လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

ရွှေသံစဉ်က ဒေါသတကြီး ရန်တွေ့လိုက်သည်။

ကောင်မလေးလည်း စက်ဘီးပေါ်မှ ပျာပျာသလဲဆင်းလိုက်ရင်း ချိုသာနူးညံ့သော အသံကလေးနှင့်။

"ဆောရီးနော်…ဘယ်ထိသွားလဲ၊ သဲသဲ တကယ်မတွေ့လိုက်လို့ပါ"

ကောင်မလေးက ဦးထုပ်ကလေးနဲ့ ချစ်ဖို့ကောင်းသည်။ သံစဉ်တွေးရင်း မိုးမာန့်ဖက် လှည့်ကြည့်တော့ စက်ဘီးအတိုက်ခံ

www.burmeseclassic.com



ရတာကိုတောင် မေ့နေသလို ရယ်နေလိုက်တာ။

"ရပါတယ်…ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ရင်လည်း သွားရအောင် မိုးမာန်"

သံစဉ်ပြောရင်း အရင်လျှောက်လာခဲ့သည်။

မိုးမာန်က မသိမသာ သဝန်တိုနေသော သံစဉ်အမူအရာကိုကြည့်ရင်း ကြည်နူးသွားမိသည်။

"ဟော့…သံစဉ် ကိုယ့်ကိုစောင့်ဦးလေ"

သူ အူမြူးနေသည်။ ဘဝင်နိုက်နေသည်။

စက်ဘီးနှင့်တိုက်မိခဲ့သော ကောင်မလေးက ချောတော့ ရွှေသံစဉ် ကြည့်လို့မရ။

သံစဉ်တို့ ဆက်လျှောက်လာရင်း မိုးပျံပူဖောင်းသည် ဖြတ်သွားတော့ သူက ရွှေသံစဉ်ကို မသိမသာချော့သလိုနှင့်…

"ရွှေသံစဉ် မိုးပျံပူဖောင်းဝယ်ရအောင်၊ ယူမယ်မဟုတ်လား"ဟု မေးလာ၏။

"အင်း…ဝယ်မယ်လေ"

မိုးပျံပူဖောင်းတွေက အသည်းပုံစံ အကြီးကြီးတွေမို့ သံစဉ်လိုချင်သွားကာ စိတ်ဆိုးနေတာကိုပင် မေ့သွားရသည်။

သူဝယ်ပေးသော အသည်းပုံ ပန်းရောင်ပူဖောင်းလေးတို့





သက်ထဲကိုင်ကာ သီချင်းတစ်ပိုဒ် ညည်းမိ၏။

မိုးမာန်က တစ်ချက်လှည့်ကြည့်ပြီး ငြိမ်သက်နားထောင်နေ၏။ ရွှေသံစဉ် စိတ်ပါလက်ပါ သီဆိုနေမိတာက

"ပြန်လာပါတော့"သီချင်းကလေးပါ။

"ဆုံတွေ့ကြစို့ အချစ်ဆိုတာ ဝေးမှသိလာတယ်×××

ရင်ထဲမှာ မင်းသာ အမြွတ်နိုးဆုံး ×××

ပြန်လာပါတော့ ×××

အသက်ရှင်နေတာ လွမ်းဖို့ဖြစ်လာတယ် ×××

မြင်ကြည့်ပါ နားလည်မှာပဲပေါ့

မင်းပေးခဲ့တဲ့ အိပ်မက်တွေ အခုထိမက်နေပြီ ×××

အမြန်ပြန်လာပါ ချစ်သူရယ် ×××

ကိုယ်ဆက်ဆက်စောင့်နေမယ် အချစ်လေး×××

ခင်ဘုဏ်းနဲ့ ရှင်ဖုန်းဆိုသော သီချင်းက သံစဉ်တိုးတိုးလေး ဆိုနေတော့လည်း တော်တော်နားထောင်လို့ကောင်းသည်။

"ဘယ်ဆိုးလို့လဲ သံစဉ်၊ သီချင်းလည်း ဆိုတတ်တာ ပဲနော်"

"အဟင်း…သံစဉ်ဆိုတာ ကောင်းလို့လား မိုးမာန်ရဲ့"

သူတို့စကားပြောနေတုန်း စံပယ်ပန်းသည်ကောင်လေးက



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ ပန်းအားပေးပါဦး"

"ဟာ…မွှေးနေတာပဲနော် မိုးမာန်၊ သံစဉ် ပန်မယ်"

"ဒါဆို ယူမယ်ကွာ၊ ဆယ်ကုံးပေး"

သူဝယ်ပေးသော ပန်းတွေကို သံစဉ်က တစ်ခါတည်း ပန်ထားလိုက်သည်။

မိုးမာန်က စံပယ်ပန်းဖွေးဖွေးလေးများဖြင့် လှပနေသော သံစဉ်ကို ကြည့်ကာပြုံးမိသည်။

"မိုးမာန်…ရှင့်ကိုလည်း သံစဉ် တစ်ခုခုပြန်ပေးမယ် နော်"

"အိုကေ…ကိုယ်လက်ခံမှာပါ"

သူတို့လျှောက်လာရင်း သံစဉ်တို့အိမ်ရှေ့ ရောက်လာသည်။

"မိုးမာန် အပေါ်တက်လေ"

"အင်း"

လှေကားက မီးမလင်းတာမို့ မိုးမာန်က ရှေ့သံစဉ်ကို အပေါ်ထိ လိုက်ပို့မိ၏။ ကောင်မလေးက သူတို့ကို တံခါးဖွင့်ပေး၏။

"ခဏထိုင်ဦးနော် မိုးမာန်"





သံစဉ်က သူ့ကို ထိုင်ခိုင်းထားကာ အခန်းထဲဝင်လာခဲ့သည်။ သူ့ကိုပေးစရာ အမှတ်တရဖြစ်မည့် ဝစ္စည်းတစ်ခုခု ရှာဖွေရင်းအော့ ဟိုတစ်ခေါက်က ဝယ်ထားသည့် ဖောင်တိန်နက်ပြာလေးကို သတိရမိသည်။

"ရော့…ဒါ မိုးမာန်အတွက် လက်ဆောင်"

"ကျေးဇူးပဲ သံစဉ်"

"မိုးမာန် မိုးပျံပူဖောင်း လွှတ်လိုက်ရအောင်"

"အင်း…လွှတ်လိုက်လေ"

အသည်းပုံပူဖောင်းလေးအပြင် မိုးပျံပူဖောင်းတွေပါ ယူလာခဲ့သေးသည်။ သူတို့နှစ်ယောက် အတူတူ ဝရန်တာထွက်လာရင်း မိုးပျံပူဖောင်းလေးတွေကို လွှတ်လိုက်သည်။

တဖြည်းဖြည်းနဲ့ မိုးပေါ်ပျံတက်သွားသော မိုးပျံပူဖောင်းတွေကို ကြည့်ရင်း သူတို့ပျော်ရွှင်လာသည်။

ရင်ထဲ ပေါ့ပါးလန်းဆန်းလာသည်။

ညှိခန်းမှာ ထိုင်မိကြသောအခါ မိုးမာန်က ရှေ့သံစဉ်ပေးထားသော ဘောပင်လေးကို ထုတ်ယူကြည့်၏။

"ကြိုက်ရဲ့လားဟင်"

"ကြိုက်ပါတယ်၊ အမှတ်တရပေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသံစဉ်က ရယ်လိုက်ပြီး…

“တစ်ခါတလေမှာ ပွင့်လင်းရိုးသားတာက အမြင်ဆ
စရာ ဖြစ်တတ်တယ်နော်၊ တစ်ခါတလေမှာ လိမ်ညာပြောတယ်
တာကလည်း အရမ်းချစ်စရာကောင်းတတ်တယ်”

“ငါက ဟန်ဆောင်တာမဟုတ်ပါဘူး၊ တကယ်ကြိုက်
တာ၊ နင်က မကောင်းမြင်ဝါဒရှိနေတာပဲ”

“သိပါတယ် မိုးမာန်၊ နင် လုံးဝမကြိုက်လည်း ကြိုက်
တယ်ပြောမှာပဲမဟုတ်လား”

“ဟား…ဟား ဒါကတော့”

“နင်က ဟန်ဆောင်တတ်တယ်”

မိုးမာန်က မငြင်းဘဲ ငြိမ်နေပါသည်။

“မိုးမာန်ရေ”

“ဟင်”

“သီချင်းဆိုပြပါလား”

“ဟာ…မဆိုတတ်ဘူး”

“အမယ်လေးနော်…ဈေးတက်သွားပြီ”

“ငါ တကယ်မဆိုတတ်တာဟ”

“အဲဒါဆို ခဏစောင့်၊ တော်ကြာဆို ဟိုဘက်တိုက်ခန်း





က ဂစ်တာပိုင်းစတော့မှာ”

“ဘာ”

မိုးမာန်က တအံ့တသြနှင့် အော်လိုက်၏။

ရွှေသံစဉ်ကို လာရောက်ဖျော်ဖြေသော လူငယ်ဂစ်တာပိုင်း
ရှိသတဲ့လား။ သူ အတော်ကလေးငိုင်သွားသည်။

ဟုတ်သားပဲ…

ပန်းကလေး လှမှတော့ လိပ်ပြာတွေ မရစ်ဝဲဘဲနေပါ့
မလား။ ဒါ အဆန်းမဟုတ်ပါ။

× × × ×



www.burmeseclassic.com



www.burmeseclassic.com



ကြယ်စင်လင်းလက်က ရွှေသံစဉ်ကို တစ်ချက်ကြည့်ကာ ပြောသည်။

"သူက လူတစ်မျိုးဟဲ့၊ စိတ်ထဲမကြည်တာနဲ့ မျက်နှာ ပိုပြီး စကားမပြောတော့ဘူး"

"ဟုတ်ပါ့"

ကြယ်စင်ပြောတာကို ရွှေသံစဉ်က ခေါင်းညိတ်ထောက်ခံ သည်။ သူမတို့နှစ်ယောက် ဆုံဖြစ်ကြတော့ မိုးမာန်အကြောင်းတွေ မခွင်းမချန် ပြောနေကြတာ။ မိုးမာန်အတင်းအဖျင်းတွေ ပြောကြရင်းကနေ ကြယ်စင်က စတင်ကြွားလာသည်။ သူ့ဘက်သူ လာသည်။ သူမကိုပဲ မိုးမာန်က တစ်ဖက်သတ် ခိုးကြိုက်နေ လိုလို၊ ငယ်ငယ်လေးကတည်းက အရိပ်တကြည့်ကြည့်နှင့် ရှောက်ခဲ့ပြီး မပြောရက်မဆိုရက် ဖြစ်နေသလိုလို။

ရွှေသံစဉ်က နားထောင်ပြီး သရော်ပြုံးကလေးပြုံး



www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။ ကြယ်စင်ကြွားသမျှ ငွေနားထောင်ပြီး ယုံချလိုက်ရအော
ရွှေသံစဉ်က ငနဲ့ငအေလား၊ အတုံးမှမဟုတ်တာ။ ပွဲစားမလေး
ပြန်ပြောလိုက်သည်။

"ဟိုနေ့ကလေ…ငါ ဆံပင်သွားညှပ်တာ ခေါ်သွား
ပါတယ် တကယ်ပါပဲ စိတ်ကိုညစ်ရော ဆံပင်ညှပ်ပေးတဲ့ကော
လေးက 'အစ်မလူကြီး ကျွန်တော့်ကို မှီချတော့မယ်တဲ့၊ ဘာပြ
မှန်းလည်းမသိဘူး၊ ပုပ်သိုးညစ်ထန်နေတာ၊ အကုန်လုံးသိသွ
တယ်၊ တော်တော်အူတိုတတ်ပြီး တော်တော်ချုပ်ချယ်ချင်တယ်
သိလား"

ရွှေသံစဉ်ပြောတော့ ကြယ်စင်လင်းလက်မျက်နှ
ပျက်သွားတော့သည်။ မျက်လုံးကလေး ထောင့်ကပ်ထ
နားထောင်နေ၏။

"ပြီးတော့ အပြန်လမ်းမှာ မိုးမာန်ကို စက်ဘီးနဲ့တို
သေးတယ်၊ မိုးမာန်က အပြုံးမပျက်ဘူး"

"ဟင်"

"ဟိုက တသဲတည်းသဲနေလိုက်တာ၊ သဲ မမြင်လို့ပါ
ဘယ်ထိသွားတလဲ၊ သဲ တောင်းပန်ပါတယ်ဆိုတာနဲ့ သူက ပစ်
သွားတာ"





"ဟုတ်လား"

"စက်ဘီးနဲ့တိုက်မိတဲ့ ကောင်မလေးက ချောတာကိုး၊
သူ ကျေနပ်သွားမှာပေါ့"

"ကြယ်စင်သာပါရင် ပွဲကောင်းသွားမှာပဲ"

"အဲဒီကောင်မလေးကိုလည်း ကြည့်မရပါဘူး၊ တသဲသဲ
နဲ့၊ အရမ်းမြင်ဖြင်းကပ်တယ်"

"ရွှေသံစဉ်က ရန်မတွေ့လိုက်ဘူးလား"

"အတိုက်ခံရတဲ့သူက ပြုံးပြုံးကြီးကျေနပ်နေတာ ငါက
ရန်တွေ့လို့ရမလား"

"ဟုတ်ပါရဲ့"

"ဒါပေမယ့် သူ့ကို စိတ်ကောက်ပစ်လိုက်တယ်"

ကြယ်စင်က မသိမသာ မျက်နှာကလေးမဲ့သွားသည်။

တစ်ယောက်က အူတိုရတာနှင့်။

တစ်ယောက်က စိတ်ကောက်ရတာနှင့်။

ဘာတွေလဲ…သူတို့က ချစ်သူသမီးရည်းစားတွေလား။
ဟုတ်ဖြင့် မဟုတ်သေးဘဲနှင့်။

ရွှေသံစဉ်စကားတွေက ချိန်ခွင်အောက်ထိုးနိုင်လှ၏။
အောင့်သက်သက်နှင့် ကြယ်စင် နားထောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ယုံကြည်ထားတာက မိုးမာန် ကိုယ့်အပေါ် ပိုလေးနက်သည်။ ပိုသာသည်ဟူ၍။

အခုတော့ ကိုယ့်ယုံကြည်မှု မှားခဲ့ပြီလား။

ရွှေသံစဉ် ပြောနေပုံက ရတက်မအေးချင်စရာ။

မိုးမာန်က သူ့အပေါ် ညွတ်ကျခယ ပျော့ဝင်နေသလိုမျိုး။ ဖြစ်နိုင်ပါ့မလား။

မယုံပေါင်။

တော်ရုံလည်းကြွားစမ်းပါ သံစဉ်ရယ်။

ကြယ်စင်နဲ့ မိုးမာန်က ငယ်ပေါင်း။ မိုးမာန်က ကြယ်စင့်ကိုကျော်ပြီး သံစဉ့်ကို ရွေးချယ်ခဲ့မထင်။

"ငါတစ်ယောက်တည်း ဖြစ်နေရင် သူက စိတ်မချဘူး ကောင်မလေးအိမ်ပြန်သွားတဲ့နေ့က တစ်ညလုံး လာစောင့်ပေးတယ်၊ တိုက်အောက်မှာ ကားရပ်ပြီး မိုးလင်းငုတ်တုတ်"

ကြယ်စင့်ရင်ထဲ ဆတ်ခနဲဖြစ်သွား၏။

သည်အခြင့်ထိအောင် ရောက်နေကြပြီလား။

"ဘာလို့စောင့်နိုင်းတာလဲဟယ် အားနာစရာ"

မလိုတာစိတ်နှင့် အပြစ်တင်မိ၏။

"အားနာတာပေါ့ . . . ဒါပေမယ့် သူမှမပြန်တာ၊





တစ်ယောက်တည်းဆို စိတ်မချဘူးတဲ့လေ၊ မခက်ဘူးလား"

"အလကား အရှုး"

ကြယ်စင်ဒေါသတွေ စုပြုံထွက်လာ၏။

"နင်က ရန်ကုန်ရောက်လာကတည်းက တစ်ယောက်တည်းပဲဟာ အဆန်းလုပ်လို့"

"အင်းနော်"

မခံချိမခံသာနှင့် အောင့်သက်နေသော ကြယ်စင့်မျက်နှာက တော်တော်ရယ်စရာကောင်းပါသည်။

"ဟွန်း . . . ကြံဖန်အပြစ်ရှာပုံများ ဟိုဘက်ခန်းက ဂစ်တာနိုင်းကို အားမပေးရဘူးတဲ့"

"သြော် . . . သြော်"

ကြယ်စင်က မျက်နှာလေးညိုးသွား၏။

အခုတလော မိုးမာန်ရောက်မလာတာ ရွှေသံစဉ်ဆီရောက်နေလို့ကိုး။ ကြယ်စင် ဘာလို့တွေးမကြည့်မိတာလဲ။ မိုးမာန်က ရွှေသံစဉ်ဆီကို နေ့တိုင်းရောက်ပြီး ကြယ်စင့်ဆီကိုတော့ တစ်ပတ်တစ်ခါပင်မလာ။

"ဟိုနေ့ကလည်း ရွှေသံစဉ်ကို သူက ပုဖောင်းကလေး ဝယ်ပေးတယ်၊ ကလေးချော့သလို လိုက်ချော့တာ ရယ်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိုးဓာန်က မဆိုးပါဘူး၊ ချမ်းသာပြည့်စုံစေမယ့် သဘောထားဖြင့် တယ်''

ကြယ်စင် ဘာကိုမှမပြောနိုင်တော့ပါ။

အမှန်တကယ် အကုန်အစင်ကြွားဖို့ မရည်ရွယ်။ ကြယ်စင်က လာခွလို့သာ ပြောဖြစ်သွားတာပါ။

မိုးဓာန်ဆိုသွားဖို့ ကြယ်စင် ဆုံးဖြတ်လိုက်၏။

ဖြတ်ဖြတ်သားသား ပွင့်ပွင့်လင်းလင်း မေးကြည့်ရပါမည်။

ဘယ်လိုမေးရင်ကောင်းမလဲ။

ကြယ်စင်လင်းလက် အကြံထုတ်နေ၏။

မိုးဓာန်ကို ရွှေသံစဉ်လက်ထဲ အပ်မခံနိုင်။

နင် ရည်းစားစကားပြောတာ ငါ ကြယ်စင်လင်းလက်ဝဲ ဖြစ်ရမယ်မိုးဓာန်။ နင် ရွှေသံစဉ်ကို မချစ်ရဘူး။

နင်တို့နှစ်ယောက် ငါ့ကိုထားပြီး ကျော်ချစ်ခွင့်မရှိဘူး။

မိုးဓာန်...နင်နဲ့ငါ အရင်သိကြတာပေါ့။

နင် ရင်ခုန်သင့်တာ ငါပါဟာ။

x x x x









www.burmeseclassic.com

www.burmeseclassic.com



မိုးမာန် ရေချိုးနေတာကို စိတ်မရှည်စွာ စောင့်ရင်း ရွှေသံစဉ်ဆီ ကြယ်စင်လင်းလက်က ဖုန်းဆက်လိုက်၏။

"သံစဉ်ရေ..ငါလာခေါ်မယ်"

မိုးမာန် အတူတူပါလာမှာကို ကြိုမပြောထား။

"အင်း...လာလေ"

ရွှေသံစဉ်က ကြယ်စင်လင်းလက်၏ သိမ်မွေ့လှပသော တိုက်ကွက်တွေကို မသိသေးပါ။

မိုးမာန်က ရေချိုးပြီးထွက်လာသည်။

"ဘာလဲဟ...စောစောစီးစီး"

ကြယ်စင်လင်းလက်က ရုပ်ရှင်လက်မှတ်နှစ်စောင်တောင် ပြလိုက်၏။ မိုးမာန်က လက်ခါသည်။

"ငါမအားဘူးထင်တယ်"

"မိုးမာန်"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်က အေးစက်စက်ခေါ်တော့…

"အေးပါ ကြည့်တာပေါ့"ဟု ချက်ချင်းခေါင်းညိတ်၏။ ကြယ်စင့်ကိုဆို မိုးမာန်က လိုက်လျောတာများသည်။ မလွန်ဆန်နိုင်ပါ။

"နင်ကလည်းဟာ ရွှေသံစဉ်ပါ ခေါ်လိုက်ပြီးရော"

"အေးပါ…ကောင်းသားပဲ ဝင်ခေါ်တာပေါ့"

"လက်မှတ်က နှစ်စောင်တည်း"

"ထပ်ဝယ်လို့ရပါတယ်ဟာ"

မိုးမာန်က ပေါ့ဆဆပဲ ခေါင်းညိတ်လိုက်၏။

သူတို့နှစ်ယောက် ရွှေသံစဉ်ကို သွားခေါ်သည်။

ရွှေသံစဉ်က ကြယ်စင်နှင့်အတူတူ မိုးမာန်ကိုတွေ့ရသောအခါ တစ်မျိုးလေးဖြစ်သွား၏။

ကြယ်စင်မျက်နှာက မော်မော်ကြွားကြွား။

သုံးယောက်သား ရုပ်ရှင်ကြည့်ဖို့ ထွက်လာခဲ့၏။

ရုံရှေ့ရောက်တော့ အရမ်းလူများသည်။

"ငါလက်မှတ်ဝယ်မယ်"

ကြယ်စင်က ဖျတ်ခနဲထွက်သွား၏။

လက်မှတ်နှစ်စောင်ထဲ ပါလာတာကို မိုးမာန်က ရွှေသံစဉ်





အား မပြောပြဖြစ်ပါ။ အားနာလို့ပါ။

ကြယ်စင်က လက်မှတ်တစ်စောင် ထပ်ဝယ်သည်။

ခုံချင်းကပ်ရက် ဘယ်လိုမှမရနိုင်ပါ။

"ရွှေသံစဉ်ရေ…နင် ငါတို့နောက်တန်းမှာ ဖြစ်ရဲ့လား၊ နှစ်စောင်က ကြိုဝယ်ထားပြီးသားမို့လို့"

ရွှေသံစဉ်က ခေါင်းညိတ်ပြီး မိုးမာန်ကိုကြည့်၏။

မိုးမာန် စိမ်တာတော့ မဖြစ်နိုင်။

ကြယ်စင် ယုတ်တာပဲဖြစ်မည်။

တမင် သည်လိုကြံစည်တာပဲဖြစ်မည်။

သို့ပေမယ့် ရွှေသံစဉ် အရှုံးမပေးချင်ပါ။

ခံနိုင်ရည်ရှိချင်သည်။

ပြီးတော့ မိုးမာန်။ မိုးမာန်က ဘယ်လိုဆုံးဖြတ်မှာလဲ။ ကြယ်စင်လုပ်သမျှ မပြုံစုဘူးဆိုခဲ့ရင် ရွှေသံစဉ် လှလှပပ ရှုံးသွားပါပြီ။

ကြယ်စင်က မိုးမာန်ကို လှည့်ကြည့်ပြီး ခေါ်သည်။

"လာလေ မိုးမာန်"

"ခဏနေဦး …လက်မှတ်သုံးစောင် တစ်ဆက်တည်းရအောင် လဲလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး…လက်မှတ်ကုန်နေပြီ"

"ဒါဆို ဒါကိုရောင်းပြီး တခြားရုံပြောင်းကြည့်ရအောင် မကောင်းဘူးလား"

"ပွဲချိန်ကနီးနေပြီ၊ ပြတော့မှာမိုးမာန်ရဲ့ လာပါ၊ ကြည့်လိုက်ပါ၊ တစ်ခါတလေပဲဟာ ရွှေသံစဉ်က ဖြစ်တယ်တဲ့"

ကြယ်စင်က မိုးမာန်ကို ဆွဲခေါ်သည်။

မိုးမာန်က ရွှေသံစဉ်ကို ကြည့်ကာ…ကြည့်ကာနှင့် ရုပ်ရှင်ရုံထဲရောက်သွား၏။

ရုံထဲရောက်တော့ ရွှေသံစဉ်က သူတို့နှစ်ယောက်နောက်မှာ။ ကြယ်စင်က မိုးမာန်ဘက်ကိုမှီကာ ရွှေသံစဉ်ကို လှည့်ကြည့် စကားဆို၏။

မိုးမာန်အပေါ် ရွှေသံစဉ် စိတ်ဆိုးရမလား။

ဘာလို့ ကြယ်စင့်ဆန္ဒကို ခေါင်းမခါရက်တာလဲ။

မိုးမာန်က ဘက်ပင်းလွှန်းသည်။

သူတို့နှစ်ယောက်က အတူတူထိုင်ပြီး ရွှေသံစဉ်က သပ်သပ်ထိုင်ရအောင် သုံးယောက်စလုံးက သူငယ်ချင်းတွေပါ။ လက်မှတ်က နှစ်စောင်။ တစ်စောင်စီ ဖြစ်နေခဲ့လျှင် ဖြစ်သင့်တာ ကတော့ မိုးမာန်က ယောကျ်ားလေးမို့ တစ်ယောက်တည်းထိုင်သင့်





တာ။

ရွှေသံစဉ် ရင်ထဲမှာ ဝမ်းနည်းသွားရသည်။

မိုးမာန်ရယ်…

သူတို့နှစ်ဦးနှင့် အဝေးကြီးဝေးသွားသလို ခံစားလစ်ဟာ သွားမိ၏။ ကြယ်စင်က ဘယ်လောက်ထိ ကျေနပ်နေမလဲမသိပါ။ ရွှေသံစဉ်ကို အလဲထိုးလိုက်နိုင်ပြီမဟုတ်လား။ ဟိုနေ့က ကြွားခဲ့သမျှ အခုတော့ ခံရပြီ။ ကြယ်စင့်ရှေ့မှာ ရွှေသံစဉ်က မိုးမာန် အတွက် ဘာမှမဟုတ်။ မိုးမာန်အတွက် ကြယ်စင်လင်းလက်ကသာ အရေးကြီးတာ။

အပြောနှင့် အနိုင်ယူတာမဟုတ်။

လက်တွေ့ပြသလိုက်တာ။

မိုးမာန်က ငြိမ်သက်နေသည်။ နောက်ကို တစ်ချက်မှ လှည့်မကြည့်။ ရွှေသံစဉ် မျက်ရည်တွေဝိုင်းလာမိ၏။

ရုပ်ရှင်ထဲကို ရွှေသံစဉ် စိတ်မဝင်စားနိုင်ပါ။

ခဏကြာတော့ မိုးမာန်က ဖျတ်ခနဲ မတ်တတ်ရပ်ပြီး "ရွှေသံစဉ် ဒီမှာလာထိုင်"ဟု ဆုံးဖြတ်ပြီးသလို ဆိုလိုက်၏။ ကြယ်စင်လင်းလက်ကို ဘာမှမမေး။

ကြယ်စင်လင်းလက်က ချက်ချင်းပဲ…



www.burmeseclassic.com

www.burmeseclassic.com



“မကြည့်တော့ဘူး ပြန်မယ်”ဟု ဆိုပါသည်။

မချော်လင့်ဘဲ အခြေအနေက ရှပ်ထွေးတင်းမာသွား

မိုးမာန်က ကြယ်စင်လင်းလက်ကို ခပ်စူးစူးစိုက်ကြည့်၏။ ပြီးတော့

ပြန်ဖို့ ရှေ့ကလျှောက်သွားတော့သည်။

ရွှေသံစဉ်ကလည်း တောက်ပသောအပြုံးကလေးနှင့်

လိုက်လာခဲ့၏။ ကြယ်စင်လင်းလက်ကို လှည့်ပင်မကြည့်။

ကဲ…ဘယ်သူနိုင်သလဲ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်က တစ်လမ်းလုံး စကားတစ်ခွန်းမှမဆိုတဲ့ ရွှေသံစဉ်တို့ အရင်လိုက်ပို့သည်။ ပြီးမှ ကြယ်စင်လင်းလက်နှင့် ကော်ဖီဆိုင်ဝင်ထိုင်၏။

ကြယ်စင်လင်းလက်က မျက်နှာကလေး စူပုတ်ထားသည်။

မိုးမာန်ကို လုံးဝမကျေနပ်။

ရုပ်ရှင်တစ်ပွဲစာအချိန်ကလေးတောင် ငါ့ မနိုင်တော့ဘူးထား မိုးမာန်။

ငါသာ တစ်ယောက်တည်း နောက်တန်းကခုံမှာ ထိုင်နေချင်ရော နင် ဒီလိုပြတ်သားပါ့မလား။

ငါ မထင်ပါဘူး။

ငါ ရှုံးပါပြီ မိုးမာန်ရယ်။

ရွှေသံစဉ်ကို နင် တကယ်ပဲ ချစ်နေခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင်"

"ဟင်"

"ငါ မေးစရာရှိတယ်"

"မေးပေါ့"

မိန်းကလေးမာနနှင့် ဘာမှမဖြစ်သလို နေမိ၏။

တကယ်ဆို အော်ငိုပစ်ချင်တာ။

"နင် ဘာလို့ ဒီလိုလုပ်တာလဲ"

"ဘာကိုလဲ"

မသိချင်ယောင်ဆောင်ကာ ပြန်မေးလိုက်၏။

"ပြောစမ်းပါ၊ သစ္စာရှိရှိ၊ ဘာအဓိပ္ပါယ်လဲ၊ ဘာသဘောလဲ၊ နင့်ရည်ရွယ်ချက်က ဘာလဲ၊ အဲဒါ ငါသိချင်တယ်"

"နင်မေးနေတာ ငါနားမလည်ဘူး"

"ကြယ်စင်...နင် အတီးအတာပုံစံ လာမလုပ်နဲ့၊ မြန်မြန်ပြောစမ်းပါ၊ နင့်ရည်ရွယ်ချက်ကို ငါသိချင်တယ်"

မိုးမာန်က အော်ပစ်သည်။ တစ်ခါမှ သူ ကြယ်စင့်ကို မအော်ဖူးပါ။ မငေါက်ဖူးပါ။ အခုမှ ဒေါသတွေကြီးနေတော့တာ ရှေ့သံစဉ်ကြောင့်ပါ။

ကြယ်စင်လင်းလက်က မိုးမာန်ကို စူးစူးဖောက်ဖောက်





စိုက်ကြည့်နေ၏။ မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံလာသည်။

"မိုးမာန်...နင် ယောကျ်ားတစ်ယောက်ပါ၊ ငါ့ရည်ရွယ်ချက်ကဘာလဲ၊ ဘာအဓိပ္ပါယ်လဲ နင်မေးစရာတောင်မလိုဘူး၊ နင်သိသင့်ပါတယ်၊ ငါဘာဖြစ်နေတာလဲ၊ ငါဘာတွေလုပ်နေမိသလဲ နင်မသိဘူးလား"

ကြယ်စင်က ပါးပေါ်စီးကျလာသော မျက်ရည်တွေကို သုတ်ပစ်ပြီး ဆတ်ခနဲ မတ်တတ်ရပ်ကာ ဆိုင်ပြင်ကို ပြေးထွက်သွား၏။

ဆက်ပြီး ရင်ဆိုင်မရဲ။

ရှောင်ပြေးပုန်းချင်သည်။ ဘာကိုများ ကြယ်စင်က ဖွင့်ဟဝန်ခံရဲမှာလဲ။ မိန်းကလေးမဟုတ်လား။

မိန်းကလေးမာန မိန်းကလေးဣန္ဒြေနှင့် ဖွင့်မပြောချင်။

ကြယ်စင့်စိတ်ကို သူနားလည်မှာပါ။

ဘာကို ဖွင့်ဟပြောပြနေရဦးမှာလဲ။

မိုးမာန်က ဒေါသတွေ ဟုန်းခနဲ ထိုးကျသွားပြီး ငိုင်တွေသွားရသည်။ ကြယ်စင်က သူနှစ်ပေါင်းများစွာ ခင်မင်လာသော သူငယ်ချင်းမလေးပါ။ အရမ်းရင်းနှီးသည်။ သူနှင့်ကြယ်စင်ကြားမှာ သံယောဇဉ်တွေ နားလည်မှုတွေ များစွာရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင် ဘာများဖြစ်လို့ပါလိမ့်။

ရွေးသံစဉ်ကို အနိုင်ပိုင်းချင်တာလား။

သူ့ကို တကယ်ပဲ အဆုံးရှုံးမခံချင်တာလား။ သူ ဆွဲရ
ခက်သည်။ နားမလည်နိုင်ပါ။

ဘာပဲဖြစ်ဖြစ် ငိုပြီးထပြန်သွားတာမျိုးတော့ မဖြစ်သင့်ပေ။ မှာထားသော ကော်ဖီနှင့်မုန့်ကို ထားခဲ့ကာ သူ ကြယ်စင့်နောက်သို့ ထလိုက်လာခဲ့ပါသည်။ ကြယ်စင်က ကားလမ်းဘေးမှာ မတ်တတ်ရပ်နေသည်။ တက်စီငှားမလို့ ထင်ပါသည်။

"ကြယ်စင်…လာ လိုက်ပို့မယ်"

မိုးမာန်က ကြယ်စင်ဘေးကို လျှောက်သွားပြီး ပြောလိုက်၏။

"ရတယ်၊ ကိုယ့်ဟာကိုယ်ပြန်မယ်"

"လာပါ"

ကြယ်စင်က နေရာမရွှေ့ရပ်ကာနေ၏။

"လာပါဟာ…နင်ကလည်း"

မိုးမာန်က ကြယ်စင့်လက်ကို ဆွဲခေါ်သည်။

"မလိုက်ပါဘူးဆိုမှ"

"လာပါဟာ၊ ငါတောင်းပန်ပါတယ်၊ ဆောရီး…ဆောရီး





ပါမှားသွားတယ်၊ ငါ နင့်ကို အပြစ်မြင်တာမဟုတ်ပါဘူး"

ကြယ်စင်က မျက်ရည်တွေ တရဟောကျလာ၏။

"လမ်းမကြီးမှာ မငိုပါနဲ့ဟာ၊ ရှက်စရာကြီး၊ ပြန်ရအောင်ပါ၊ ငါ နင့်ကို အိမ်အထိလိုက်ပို့ပေးမယ်"

"မလိုပါဘူး"

ကြယ်စင်လှင်းလက်က မျက်ရည်တွေသုတ်ပြီး မျက်နှာကို တစ်ဖက်လွှဲကာနေမိ၏။

"နင် စိတ်မဆိုးပါနဲ့ ကြယ်စင်ရယ်"

မိုးမာန်က ခပ်တိုးတိုးချော့သည်။

"ငါတို့က သူငယ်ချင်းတွေပါဟာ"

"မဟုတ်ဘူး၊ သူငယ်ချင်းခန်းပြတ်ပြီ"

"အဲဒီလိုမပြောပါနဲ့ဟာ"

ကြယ်စင်က တက်စီတစ်စီးငှားလိုက်၏။ မိုးမာန်ကို လှည့်ပင်မကြည့်။ ကားပေါ်တက်ပြီး ထွက်သွားတော့သည်။

မိုးမာန် တအံ့တသြနှင့် ကျန်ရစ်၏။

ကြယ်စင့် အဲဒီလောက်အထိ သူ့အပေါ် ပြတ်သားလိမ့်ရည်မထင်ခဲ့။

သူတောင်းပန်နေတာကိုပင် အရေးမလုပ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ သည်လိုဖြစ်ရတာလဲ ကြယ်စင်။

ငါ့ကို စိတ်နာသွားပြီလား။

ငါ နှင့်အပေါ် တရားရဲ့လား။

ရွှေသံစဉ်က ငါ့ရင်ထဲကို ဝင်လာတာ နှင့်အတွက် သည်လောက်တောင်ပဲ ထိနိုက်သွားသလား ကြယ်စင်ရယ်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"နှင် စွန်လွှတ်ချင်တာများ မိုးမာန်ရယ် တခြားသူငယ်ချင်းတွေနဲ့ လာလည်းရတာပဲ"

ရွှေသံစဉ်က မိုးမာန်နှင့် အင်လျားကန်ပေါင်ပေါ် အေးအေးလူလူ လမ်းလျှောက်ချင်သဖြင့် စွန်လွှတ်ဖို့ပဲ ရစ်ဘီးတကိုင်ကိုင်ဖြစ်နေသည့် မိုးမာန်ကို အမြင်ကပ်မိသည်။

"ငါ့သူငယ်ချင်းတွေက ဂစ်တာတီးဖို့ပဲဟ၊ စွန်မှ ဝါသနာမပါတာ၊ ဟိုမှာ ခုံတန်းမှာ ဂစ်တာနဲ့ထိုင်နေတာ ပိုပေါက်နဲ့တာတီးလေ"

"အဲဒါဘာဖြစ်လဲ"

"ငါက နှင်နဲ့အတူတူ စွန်လွှတ်ချင်လို့ပါ သံစဉ်ရာ"

"သံစဉ်မှဝါသနာမပါတာ"

"ဘေးကထိုင်ကြည့်၊ တွေ့လား၊ ဟိုမှာ လိပ်ပြာပုံစွန်ကြီးအရမ်းလှတယ်၊ အနီနဲ့အပြာနဲ့ စပ်ထားတာ၊ ဒီလိုညနေစောင်းဆေလဲ



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်လိုက်ကောင်းတာပဲ၊ စောရင်လည်း နေပူတယ်၊ နောက်ကျရင်လည်း မှောင်ပြီ၊ ဒါက အနေတော်အချိန်လေး”

“သံစဉ် ဗိုက်ဆာပြီ”

“နင်ဆာရင် ဗူးသီးကြော်စားပြီး စောင့်လေ၊ ဒါမှမဟုတ် ကျောက်ဖြူမှာ အာပူလျှာပူသောက်နှင့်၊ ငါလိုက်လာမယ်”

အဲဒီမိုးမာန်ဟာ ပြောလိုက်ရင် ပစ်စလက်ခတ်ပဲ။

ဘယ်သူက မိန်းကလေးတစ်ယောက်တည်း ဆိုင်ထဲသွား ထိုင်ချင်မှာလဲ။

ခါတိုင်းဆို ကြယ်စင်လင်းလက်လည်းပါတော့ အဖော် ရသေးသည်။

ကြယ်စင်လင်းလက်ကိုဆို အဲဒီမိုးမာန်က တစ်ယောက် တည်း လွှတ်ပါ့မလားဟု သံစဉ် တွေးကြည့်သည်။

ကြယ်စင်လင်းလက်က လှပကျော့ရှင်းပြီး ကောင်ကလေး တွေ ရစ်ဝဲနေအောင် ပြုစားထားတတ်တော့ သူဘယ်စိတ်ချပါ့မလဲ

ရွှေသံစဉ်ကိုကျတော့ ဘယ်သူကြည့်ကြည့်၊ ဘယ်သူ သူ့အရေးမလုပ်ဘူးပေါ့။

တစ်ယောက်တည်း နှုတ်ခမ်းစူကာ မိုးမာန်ကို မျက်စောင်း ရှယ်ပေမယ့် သူ့မျက်နှာက ကောင်းကင်ပေါ်သာ တမော့မော့





စွန့်ပဲငမ်းနေတော့ ဒီဖက်ကိုမမြင်ပါ။

ရွှေသံစဉ်မှာသာ စိတ်တွေတိုနေရသည်။

သူ့စွန့် မြန်မြန်ပြတ်လည်းအေးရော။

ဘေးကနေ မေတ္တာပို့နေမိသည်။

သူများကောင်လေးတွေဆို ပါလာတဲ့မိန်းကလေး မျက်နှာကိုသာ အရိပ်လိုကြည့်နေမှာ။

ရည်းစားမဟုတ်လည်းဘဲ ပျော်တော့ပျော်နေမှာ။ သာယာနေမှာပဲလေ။ ဒီမိုးမာန်ကတော့ စွန့်ပဲ အရေးကြီးနေ၊ ဟွန်း…။

စိတ်တိုင်းမကျခြင်းတို့နှင့် သံစဉ်ရင်တွေ လှုပ်ရှားနေသည်။

တစ်ခါတစ်ခါတော့လည်း သူ့ရင်ထဲမှာ ဘယ်သူရှိနေမလဲ ဝင်ကြည့်ချင်စမ်းပါဘိ။

ရွှေသံစဉ်လား…ကြယ်စင်လင်းလက်လား။

နင် ဘယ်သူ့ကို ပိုပြီးသက်ဝင်နက်ရှိုင်းသလဲ သံစဉ် သိချင်လိုက်တာ။

တစ်ခါတစ်ရံလည်း အားငယ်မိသည်။

ကြယ်စင်နဲ့ မိုးမာန်ကမှ ပညာရော၊ ဥစ္စာရော၊ အဆင့်အတန်း အားလုံးညီမျှတာပါ။

သံစဉ်နဲ့တော့ မညီမျှဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဝုဏ်မနေအင်အားချင်းက လုံးဝကျွဲဟာနေသည်မဟုတ်လား။

"ဟား…ဟား သွားပြီ၊ တောက်"

"ဟေး…ပြတ်သွားပြီလား"

မိုးမာန်က သူမဖက် ဆတ်ခနဲမျက်နှာတင်းတင်းနှင့်လှည့်ကာ

"ဘာလဲ…စွပ်အော်မနေနဲ့၊ ဒါ ငါ့ခွန်"

ဘယ်ခွန်ပြတ်မှန်းမသိ အရေးထဲ ရွှေသံစဉ်က ဝမ်းသာနေသေးသည်။

တကယ်အကြောင်းကျားမလေးပါပဲ။

သံစဉ်က နှုတ်ခမ်းလေးကိုက်လို့ ရယ်ချင်စိတ်ကို ထိန်းထားရ၏။

မိုးမာန်ရဲ့ နင့်ခွန်ပြတ်လို့ကို ဝမ်းသာတာဟဲ့။ ငါ့ကိုတစ်ယောက်တည်း ပစ်ထားချင်ဦးလေ၊ ကောင်းတယ်။

မလိုတမာအတွေးနှင့် သံစဉ် ကြိတ်ပျော်ရတာ။

ခွန်ပြတ်သွားတဲ့ သင်းမျက်နှာကို ကြည့်ဦး…

စုပုတ်တင်းမာနေတာပဲ…။

"ဘယ်ကောင်လာဖြတ်တာလဲ… တော်တော်နားလည်ရှိပါလား၊ ကျွတ်…ငါ့ဟာငါ အေးအေးဆေးဆေးလွှတ်နေတာကို"

မိုးမာန်က ဒေါပွမဆုံးဖြစ်နေသည်။

"ဒီလောက်တောင်ရှိလှတာ ခွန်နောက်တစ်ကောင်ဝယ်ပေါ့"

သူကြိမ်းဝါးတော့မှ သံစဉ် မျက်လုံးပြူးရ၏။

"တင်မနေပါနဲ့တော့ဟယ်၊ တော်ကြာ နေဝင်တော့မှာဆန်းဒေးဆိုတော့ လူကလည်းများတယ်၊ လာပါမိုးမာန်ရယ် နင့်မျက်နှာတွေ အခုတောင်နီနေပြီ၊ တော်ပါတော့"

ခပ်မြန်မြန်ချော့မော့ခေါ်ရသည်။

နို့မို့ဆို သာယာတဲ့ညနေခင်းလေးဟာ သူ့ခွန်လွှတ်တာနဲ့ အချိန်ကုန်တော့မှာမဟုတ်လား။

ရွှေသံစဉ် ပြောတာလည်း ဟုတ်နေသဖြင့် မိုးမာန်က မုန်တီးကိုငှားတဲ့ဆိုင်မှာ ပြန်အပ်ပြီး ပိုက်ဆံရှင်းလိုက်သည်။

အော်တာရှပ်နှင့် စတိုင်လ်ဘောင်းဘီပွပွနှင့် သူ့ဆံပင်ညှို ပျော့ပျော့လေးတွေက ခြေလှမ်းချတိုင်း လှုပ်သွားတတ်သည်။

ဘာကဘယ်လိုကြည့်ကောင်းတယ် မပြောတတ်ပေမယ့် မိုးမာန်က ဆွဲဆောင်မှုရှိသော ယောကျ်ားတစ်ယောက်ပါ။ သူ့

www.burmeseclassic.com



မျက်လုံး၊ သူ့နှုတ်ခမ်းတွေက ညှို့ဓာတ်အပြည့်ရှိသည်။

ကြည့်ပုံကိုက ရီဝေဝေနှင့် မထိတထိစတိုင်လ်။

သူကြည့်လိုက်လျှင် တစ်ဖက်သား မိန်းကလေး
လှုပ်လှုပ်ရှားရှားဖြစ်သွားတတ်စမြဲ။

မိုးမာန်ဆီမှာ ထူးခြားသော သံလိုက်ဓာတ်တစ်မျိုးရှိ
ထို့ကြောင့် မိန်းကလေးတွေက သူ့နားသို့ အလိုလိုတိုးကပ်လာ
သည်။

ရွှေသံစဉ်ရော ကြယ်စင်ရော သူ့ကို ဘယ်မှာအတွေ့
ရဲလို့လဲ။

မိုးမာန် သူတို့မျက်စိကွယ်ရာမှာ ရည်းစားရသွားမှာ အ
စိုးရိမ်ကြသည်။ ကျန်သည့်နေရာမှာသာ မညီညွတ်ရင်ရှိမည်။ မို
နှင့် ပတ်သက်လျှင် စိတ်သဘောထားချင်းက တူညီတိုက်ဆိုင်
သား။

မိုးမာန်ကလည်း ရွှေသံစဉ်တို့နှစ်ဦးအပေါ် သံယော
တင်းနေသည်။

ကြယ်စင်ကိုရွေးမလား၊ သံစဉ်ကို ရွေးမလားသာ
တာ။

ဒီနေ့ သူတို့နှစ်ယောက် အတူရှိနေတာကို ရွှေသံ





ပ်ယူကျေနပ်မိသည်။

ကန်စပ်နှင့် နီးကပ်သော စားပွဲလေးတစ်လုံးမှာ အတူထိုင်
ကြသည်။

ဒါပေမဲ့ သံစဉ်တို့က ရည်းစားမဟုတ်။ သူငယ်ချင်းတွေ
ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် မိုးမာန်မျက်နှာကို ငေးကြည့်နေရတာ သံစဉ်
ချမ်းသာပါသည်။

“ဘာစားမှာလဲ၊ မုန့်တီပဲလား”

“တို့ဟူးကြော်နဲ့ ဖူးသီးကြော်မှာပေး”

ကြည့်စမ်း…သူမှာပါးစပ်မပါသလို တစ်ဆင့်မှာကြားခိုင်း
တယ်။ မိန်းကလေးတွေက ဒီလိုပါပဲ။ နည်းနည်းခိုင်းချင်သည်။
များ ပူဆာချင်သည်။ နေရာတကာ ပိုင်စိုးပိုင်နင်းလုပ်ချင်သည်။
တို့ကို ဂရုစိုက်မှု သဘောကျသည်။ ဒါတွေကြောင့် မိုးမာန်
ခုထိ ရည်းစားသေချာမထားသေးတာ။

“နက်စ်ကော်ဖီသောက်မယ်”

ရွှေသံစဉ်က သူမစားချင်တာတွေ ရွေးမှတ်သမျှ မိုးမာန်က
စားပွဲထိုးလေးကို မှာပေးရသည်။

မိုးမာန်က ဘာမှမစားခင် အရင်စီးကရက်သောက်ပြီပြင်တ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်...

"ဟဲ့...မုန့်စားပြီးမှသောက်လေ"

"ဆရာမလုပ်စမ်းပါနဲ့ သံစဉ်ရာ"

"အကောင်းပြောတာ၊ စီးကရက်နဲ့ မကြိုက်ပါဘူးဆို"

"ငါကကြိုက်တယ်လေ"

"သွား...အဲဒါဆို ဝေးဝေးသွားသောက်"

"နားလည်မှုမရှိပါလား"

"သံစဉ်က နားလည်မှုမရှိတော့ ကြယ်စင်ဆို နင့်အပေါ် နားလည်လား၊ အဲဒါဆို သွားဆိုသွားပေါ့"

"တကယ်လား"

ရွှေသံစဉ်က မိုးမာန်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်မိသည်။

မထီတရီလေး ပြုံးနေပုံက မခိုးမခန့်နှင့်....

ဟွန်း...။

"ကြယ်စင် ပြန်ရောက်နေပြီသိလား"

"ဘာရယ်...၁၀ ရက်နေ့မှ ပြန်လာမှာဆို"

"မနေ့က ကတည်းက ရန်ကုန်ပြန်ရောက်နေတာ၊ ညက တောင် ငါနဲ့ အကြာကြီး ဖုန်းပြောသေးတယ်"





ရွှေသံစဉ် ရင်တုန်သွားရ၏။

သူတို့ တကယ်ပဲ ညကြီးမင်းကြီး ဖုန်းအကြာကြီးပြောကြသလား။

သံစဉ်မှာ ထိုအခွင့်အရေးမျိုးမရှိ။

စကားပြောစရာရှိလျှင် လှေကားအောက်ပိုင်း၊ စတိုးဆိုင်က ဖုန်းမှာ သွားပြောရတာ။

ပိုက်ဆံကုန်မှာစိုးတာကြောင့် ကြာကြာလည်း ထိုင်မပြောရဲပါ။ လိုရင်းတိုရှင်းသာ အမြန်ပြောရတာကြောင့် ကြယ်စင့်လို အဆင်မပြေ။

သမီးရည်းစားတွေအတွက် ဟဲန်ဖုန်းဆိုတာ အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုပဲ။

"နင်တို့ဘာတွေပြောလဲ"

"သိချင်ရင် ကြယ်စင်နဲ့တွေ့တော့ မေးကြည့်ပေါ့"

မိုးမာန်က ခပ်တည်တည်ပဲ။

သူ့မျက်နှာအမူအရာက အပြောင်အနောက်မဟုတ်သဖြင့် ကြယ်စင်လင်းလက် ပြန်ရောက်နေပြီဆိုတာ ရွှေသံစဉ် ယုံမိ၏။

ကြယ်စင်က သူမနှင့်မဆက်သွယ်ဘဲ မိုးမာန်နှင့်တော့ အကြာကြီး စကားပြောရသလား။



www.burmeseclassic.com

www.burmeseclassic.com



"အေး…ဒါဆို သံစဉ် သူ့အိမ်ကို ဖုန်းခေါ်ကြည့်မယ်၊ မိုးမာန် ဖုန်းခဏပေး"

"ဟ…ငါ့ဖုန်းဘက်ထရီ ဒေါင်းနေလို့ ပိတ်ထားတယ်"

"ခဏလေးပါဟယ်…ကြယ်စင်ရောက်မရောက် သိချင်လို့ပါ၊ သူပြောတော့ စင်ကာပူမှာ တစ်ပတ်ဆယ်ရက် အနည်းဆုံးလို့ ပြောသွားတာ"

"နင်ခဏပြောလည်း ဖုန်းမှမရတာ၊ နောက်မှဆက်ကြည့်လိုက်"

မိုးမာန်က မျက်နှာမပျက်အောင် မရယ်မိအောင် ကြိုးစားထိန်းရင်း ခပ်တည်တည်ပဲ ဆက်ပြီးညာလိုက်၏။

ရွှေသံစဉ်ကို သူစချင်လို့ပါ။

ကြယ်စင်ကို ရန်တွေ့ဖို့ အရှိန်ယူနေပြီလေ။ ကြည့်ပါလား။

သူ့စကားကို ယုံပုံရသဖြင့် မိုးမာန် ပျော်နေသည်။

မနက်ဖြန်တော့ ကျောကော့အောင်ပဲ အထုခံရမလားမသိပါ။

မနက်ဖြန် ရွှေသံစဉ်နှင့် မတွေ့အောင် သတိထားရှောင်ပါမှ။

"နင့်မျက်နှာက ပြုံးစိစိနဲ့ ဘာဖြစ်နေတာလဲ၊ ဟိုကောင်





…း စကေဒ်အကွဲကို သွားကြည့်နေတာလား"

"ဟာ…မဟုတ်ပါဘူး"

ဖြတ်လျှောက်သွားတဲ့ ကောင်မလေးကို မျက်လုံးက …တ်တမဲ့ ကြည့်နေမိတာကြောင့် မိုးမာန်ရှက်သွားရသည်။

ဒီ သံစဉ်က ပြောလိုက်ရင်တော့ မလွယ်။

သံစဉ်က သူ့ကို အလိုလိုကြည့်မရတော့ပါ။

ကြယ်စင်လင်းလက် ပြန်ရောက်နေတာကို သံစဉ်ကမသိ… သူက ဘာကြောင့် ကြိုတင်သိနေရသလဲ။

မကျေနပ်ပါ။

သူတို့နှစ်ယောက်ကြားမှာ သံစဉ်မသိတဲ့ အဆက်အသွယ် …နဲ့ ရှိမနေစေရပါ။

ဘာပဲဖြစ်ဖြစ် သံစဉ်ပဲ အရင်ဆုံး သိထားချင်သည်။

…ယ်စင်က သံစဉ်ထက် အစစအရာရာသာပါတယ်။ သူ့ကို သံစဉ် …ပါဘူး မိုးမာန်ရယ်။

ဒါပေမဲ့ ရွှေသံစဉ်ကို ကြယ်စင် လုံးဝမယှဉ်ပြိုင်နိုင်တာ …စ်ခုပဲရှိတယ်။

အဲဒါကတော့ မိုးမာန်အပေါ်မှာ ထားရှိတဲ့ သံစဉ့်အချစ်တွေ …လေ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုတိုနှင့် ထိုညက သံစဉ် ကောင်းကောင်းပင် အိပ်မပျော်ပေ။

ကြယ်စင်လင်းလက်က ဘယ်လိုလဲ။

ဘယ်နေရာမဆို တစ်ကွက်ချန်ချင်နေသည်။

ဒါက ကြယ်စင်လင်းလက်ရဲ့ စိတ်ဓာတ်ပဲလေ။

သံစဉ်သိသားပဲ။

ရောက်ရောက်ချင်း နှစ်ယောက်သား ဖုန်းအကြာကြီးပြောကြတယ်ဆိုသဖြင့် သံစဉ်ရင်ထဲ ဝန်တိုနောလိုမိသည်။

တစ်ခါတလေလည်း ကိုယ့်ဘဝကို အားငယ်ချင်သည်။

အိပ်မရလို့ ဘယ်ပြောင်းညာလှည့် အိပ်ရာထဲခွေကာ စိတ်ရှုပ်နေရသည့်အထဲမှာ အိမ်ရှေ့က ဂစ်တာဝိုင်းက သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေကြသည်။

သူတို့ရဲ့ ဂစ်တာသံနှင့် သီချင်းသံက တိတ်ဆိတ်သော



www.burmeseclassic.com

www.burmeseclassic.com



ညမှာ ရွှေသံစဉ်အခန်းထဲထိ ဖောက်ထွင်းပျံ့လွင့်လာသည်။

အဆင့်အတန်းခွဲတဲ့ မင်းအဖေ အမေကို ×××

တစ်ခုတော့ ပြောချင်တယ် ×××

မွန်မြတ်တဲ့စိတ် ထာဝရရှိတယ် ×××

ရိုးသားတဲ့လူငယ် ××××

ဘဝအရေးလေးမို့ အခါအခွင့်သင့်ချိန်

ကြိုးစားလို့ရှာဖွေ…ဒါကိုသိရက် ×××

ဘာကြောင့်သဘောမတူတာလဲ ××××

ငွေဂုဏ်မရှိလို့ခွဲမှာလား ××××

အဆောင်အယောင်နဲ့မှ ကြိုက်မှာလား ×××

အချိန်တွေတိုင်း ကိုယ်လှုပ်ရှား ××××

အဆင်ပြေတဲ့ဘဝ ရောက်အောင်တော့ ××××

တဖြေးဖြေးနဲ့ တို့အချစ်ကမ္ဘာလေး ဖြစ်လာမယ် ×××

တက်ကြွသော သီချင်းဆိုသံက နားထဲတိုးဝင်နေတာ ကြောင့် ရွှေသံစဉ်က မျက်လုံးပိတ်ပြီး ကြိုးစားအိပ်သည်။

မိုးမာန်ကရော…

ငွေတွေဂုဏ်တွေရှိတဲ့ ကြယ်စင်လင်းလက်ကိုပဲ ကြိုက်မှာ လား။





အိပ်မပျော်ခင် သူမ တွေးကြည့်နေမိသေးသည်။

နောက်တစ်နေ့မနက်ကို ရောက်သောအခါ၊ ရွှေသံစဉ်က ကြယ်စင်တို့အိမ်သွားဖို့ ရည်ရွယ်သေးသည်။

သို့သော် ကြယ်စင် မနက်စောစော နိုးချင်မှနိုးမှာ။

တော်ကြာဆိုရင် သံစဉ်က ပွဲစားအလုပ်က ဘာပေါ်လာ မှန်းသိတာမဟုတ်။ အားချင်မှအားမှာ။

စိတ်ထဲမှာ ကြယ်စင်ကို ရန်တွေ့ချင်နေတာကြောင့် ကြယ်စင့်အိမ်ကိုပဲ ဖုန်းခေါ်ကြည့်လိုက်သည်။

"ဟဲလို…ကြယ်စင်လင်းလက်နဲ့ ပြောချင်လို့ပါ"

"ဘယ်သူလဲကွယ်"

"သမီးက သံစဉ်ပါ အန်တီ"

"သြော်…အေး သမီးလေး ကြယ်စင် ပြန်မရောက်သေး ဘူး၊ ဆယ်ရက်နေ့လောက်မှ ရောက်မယ်လို့ အန်တီ့ဆီ ဖုန်းဆက် ထားတယ်၊ ကြယ်စင် စင်ကာပူသွားတာ သိတယ်မဟုတ်လား"

"ရှင်"

သံစဉ် နားရှုပ်သွားသည်။

"ဟဲလို"

"ဟုတ်ကဲ့ပါ အန်တီ၊ သမီးက ကြယ်စင်ပြန်ရောက်ပြီလို့



www.burmeseclassic.com

www.burmeseclassic.com



ကြားလို့ပါ"

"မရောက်သေးပါဘူး"

"ဟုတ်...ကျေးဇူးပဲနော်"

ဖုန်းချပြီးလျှင် ရွှေသံစဉ် တောက်ခေါက်လိုက်မိသ[illegible]

ကြည့်စမ်း...မိုးမာန်စုတ်...

သက်သက်မဲ့ညာတာ။ မနေ့က ပြန်ရောက်ပြီတဲ့။ [illegible]

တော့...ဟွန်း...

တွေ့မယ်...သင်းတော့...

ရှက်ရှက်နှင့် ဒေါသတွေ တရှောင်းရှောင်းထွက်လာ[illegible]

မိုးမာန် ဟဲင်းန်ဖုန်းကို ခေါ်သည်။

နံပါတ်ပေါ်လာတာနှင့် ရွှေသံစဉ်မှန်းသိကာ သူရယ်[illegible]

သည်။

"ဟဲလို"

"အောင်မာ...ဘာ ဟဲလိုလဲ၊ နင်က ငါ့ကို မညာ[illegible]

တာပေါ့လေ၊ ပွဲစားမ လူလည်မ၊ ဒီတစ်ခါတော့ ခံရပြီ[illegible]

နင်က ရယ်နေတာပေါ့လေ၊ ပွဲခံနေတာပေါ့"

"ဟာ...ဘာတွေလဲ"

"နင်နဲ့သူနဲ့ တစ်ညလုံး ဖုန်းပြောတယ်ဆို၊ အဲဒါ စင်[illegible]





ကနေ အလွမ်းသယ်တာပေါ့၊ ဟုတ်လား"

"တစ်ညလုံးလို့ ငါမပြောပါဘူး သံစဉ်ရယ်"

"အခုမှ အပိုတွေမပြောနဲ့၊ နှင်ပဲ ရွှေသံစဉ်ပြန်ရောက်နေပြီဆို၊ အခု ငါဆက်ကြည့်တော့ ကြယ်စင့်အမေတောင် အံ့သြနေတာ၊ နင်လုပ်လို့ ငါဘယ်လောက်ရှက်ဖို့ကောင်းလဲ"

"ဒါ ရှက်စရာမဟုတ်ပါဘူး၊ နင်က ကြယ်စင်ကို ခင်လို့မင်လို့ ရောက်ပြီလားသိချင်လို့မေးတာပဲ"

"မိုးမာန်နော်...အကြောင်းကြားလာမလုပ်နဲ့၊ နင် ငါ့ကို ကျောက်ချတဲ့ကိစ္စ မမေ့ဘူး၊ မှတ်ထား...နင့်အလှည့်ကျသိမယ်၊ ဒါပဲ နင့်ကိုတွေ့ရင် ထုပစ်မယ်၊ ငါနဲ့မတွေ့အောင် ပုန်းနေတော့၊ ဒါပဲ"

ရွှေသံစဉ် ဖုန်းခွက်ကို ဆောင့်ချသဖြင့် ပိုင်ရှင်က အထဲက နေ လှမ်းကြည့်နေသည်။

ဒီတော့မှ မချိုမချဉ်လေး အားနာစွာ ပြုံးပြရသည်။

ဖုန်းကို တကယ်ဆို ပစ်ပေါက်ခတ်ဆောင့်မချသင့်။ ဒီဖုန်းက ကျေးဇူးရှင်၊ အလုပ်ကိစ္စတွေဆိုရင် ခေါင်းလောင်းကြိုးကိုဆွဲပြီး လာလာခေါ်ပေးနေကျ။

သံစဉ်တို့ ပွဲစားအကျိုးဆောင်အုပ်စုက တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာပဲ ဝိုင်းဖွဲ့ထိုင်နေရတာမျိုးလည်းရှိသည်

ရွှေသံစဉ်က ဖုန်းဖိုးတွေ တွက်ရှင်းပြီးချိန်မှာပဲ ရပ်ကွက် က အန်တီကြီးတစ်ယောက် ရောက်လာပြီး…

"မသံစဉ်ရေ…အန်တီ ရွှေလထဲ နှစ်ချုပ်ပြည့်မှာ အဲဒီရက် လာမှာမဟုတ်လား"

"အဲဒီငါးလွှာက ဆက်ဌားဖြစ်မှာလား၊ တစ်လကြို နော်အန်တီ၊ အခု အခန်းတွေ ဈေးတက်နေတာ သိတဲ့အတိုင် ကျွန်မ မနေ့က လုပ်ပေးလိုက်တာ ခုနှစ်လွှာတောင် လေးချေ နော်၊ အန်တီ့အခန်းက အရမ်းတန်နေတာ ဆက်ပဲဌားလိုက်ပါ

"အင်းပါ သမီးရယ်၊ ဆက်ဌားတော့လည်း ဘယ် နေရမှာလဲ၊ ဒါကြောင့် အိမ်ရှင်ကို ဖုန်းတစ်ချက်ဆက်ထားပေ သမီးကိုမှာတာ"

"သံစဉ် ဆက်ပေးထားမယ် စိတ်ချ"

ထိုအခန်းက တစ်နှစ်ချုပ်ပေမယ့် ပွဲခက ခြောက်လ ရသေးတာမို့ အဌားက နောက်ထပ်ဆက်မဌားဖြစ်ရင် စာချုပ်ချုပ် နေ့ ကျန်တဲ့ပွဲခတစ်ဝက် သံစဉ်ရမှာမို့ စိတ်ဝင်စားသွားရပါသည်

မိုးမာန်ကိစ္စ မေ့သွားရကာ ရွှေသံစဉ်က တယ်လီဖုန်း ဖို့သာ အာရုံရှိပါတော့သည်။





မိုးမာန်ကတော့ ပွဲစားစလေးကို တစ်ခါတလေ ရှုံ့မဲ့ချင် သည်။

ဂျပိုးကို လိပ်ဖြစ်အောင် ပြောတတ်သတဲ့လေ။

ဘာဖြစ်လဲနော်။

သူပဲ လိပ်ကိုဂျပိုးဖြစ်အောင် ပြောကြည့်ပါဦး။

သံစဉ်တို့ကတော့ လိုအပ်သလို ပြောရမှာပဲ။ ဂျပိုးကို ဂေါ်ဇီလာဖြစ်အောင်လည်း ပြောချင်ပြောမှာပဲ။

* * * *



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစည်းပဝါနှင့် မျက်မှန်ကိုတပ်ထားတော့ မှန်ထဲက သံစဉ်ရုပ်က အတော်ကြီးပြောင်းလဲလှပသွားပါသည်။

ကြယ်စင်လင်းလက်နဲ့တောင် ဒီဇိုင်းချင်းဆင်သွားသလို

ကြယ်စင်ကြတော့ ကားကို ကိုယ်တိုင်မောင်းပြီး အမြဲတမ်း စတ်ရှင်ဆန်းဆန်းတွေ ဆင်ယင်ထားတော့ ဒီပုံစံက သူ့ရဲ့ ထသွား လာဟန်မျိုးပါပဲ။

သံစဉ်ကျတော့ ကြယ်စင်လင်းလက် ဆောင်ယူလာပေးတဲ့ င်ထာပုကာဝယ်တဲ့ အင်္ကျီ၊ စကာတ်နှင့် ခေါင်းစည်းပဝါ၊ လေဒီရှူး အလုံးဟာ ဘယ်နေရာ ဘယ်ပွဲမှာ ဝတ်ရမယ်မှန်းတောင်မသိ။

ပွဲလမ်းသဘင်တွေနဲ့လည်း ကင်းကွာနေပါပြီ။

မျက်မှန်လေးကို ဖြုတ်လိုက်ရင်း တစ်ချက်ငိုင်တွေ ငေးမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေဖမိုးမှာ ရွှေရောင်ဖဲပြားပွင့် သေးသေးလေးပါသော လေဒီရှူးဖိနပ်လေးက သူမခြေထောက်မှာ စွပ်ထားတာ ပစ္စည်းကောင်းမို့ သက်တောင့်သက်သာရှိပါသည်။

ဒီလိုကျတော့လည်း ကြယ်စင်လင်းလက် သူမအတွက် အဖိုးတန်လက်ဆောင်တွေကို ရက်ရောစွာပေးသည်။

မိုးမာန်အတွက်ကတော့ သူမထက်ပင် သာဦးမှာ။

ကြယ်စင်တို့ကျတော့လည်း ရန်ကုန်မှာ ရွှေပွဲထွက်ရတာရှိုးတော့ စင်ကာပူ၊ ဘန်ကောက်ပဲ ခဏခဏထွက်နေတာ။

သူတို့ကတော့ ပြည့်စုံချမ်းသာသူတွေကိုး။

သံစဉ်လို ရုန်းကန်လှုပ်ရှားပြီး ဘဝကို ကျားကန်နေရတာမှ မဟုတ်တာ။

အားငယ်တတ်သူမဟုတ်ပေမယ့် မိုးမာန်က သူမနှင့် ကြယ်စင်တို့ရဲ့ ကွာခြားချက်ကို တွေးနေမလားဟု စိတ်ပူသည်။

ဘယ်သူမဆို စီးပွားဂုဏ်ဒြပ်ကအစ ကိုယ်နှင့်သင့်တော် ကိုက်ညီမျှတ အဆင်ပြေတာကို ရွေးချင်မှာပဲ။

မိုးမာန်နှင့် ကြယ်စင်သာဆိုရင် လက်ထပ်မယ်ဆိုတာနဲ့ နေစရာတိုက်၊ စီးစရာကားကအစ စီးပွားရေးပါ ဘာမှပူစရာမလို။ အကောင်းဆုံးဟိုတယ်ကြီးတွေမှာ တစ်ပွဲပြီးတစ်ပွဲ ခမ်းခမ်းနားနား





ခေါ်လာဆောင်ကြရုံပင်။

ဒါကို သူတို့နှစ်ယောက်လည်း သိမည်။ တွေးလည်း တွေးမိကြမှာပဲ။ သေချာပါတယ်။

အင်း...သူတို့တွေးရုံတင် ကပါ့မလား ခင်မင်နေကြတဲ့ သူတို့မိဘတွေကရော စကားကမ်းလှမ်းနားဖောက်မှာပဲပေါ့။

ရွှေသံစဉ်၏ စိုးရိမ်စိတ်က တစ်စတစ်စ ပိုမိုကြီးမားလာရသည်။

မိုးမာန်ရဲ့ မေမေက အရမ်းသဘောကောင်းတယ်ဆိုပေမယ့် သူ့ရဲ့ တစ်ဦးတည်းသောသားကို သာမန်ပွဲစားကောင်မလေး တစ်ယောက်နှင့်တော့ သဘောတူချင်မှာမဟုတ်ပါ။

မိဘအသိုင်းအဝိုင်းကအစ သေချာထည့်စဉ်းစားတွက်ချက်မှာပဲ။

သံစဉ် သက်ပြင်းလေးသာ ရှိုက်မိသည်။

မိုးမာန်ရယ်...နင်ကတော့ နင့်ရဲ့စည်းစိမ်တွေကို ငါ့ကို ခံစားစေချင်တဲ့ စေတနာမျိုး ရှိလိမ့်မယ်လို့ ငါယုံပါတယ်။

တစ်ခါတစ်ခါ နင်ကြည့်လိုက်တဲ့ မျက်လုံးလေးတွေက ငါ့အပေါ် နင့်ဘဝ၊ နင့်အချစ်နဲ့ နင်ပိုင်ဆိုင်တဲ့အရာရာကို အပ်နှင်း [illegible]ချင်တဲ့ မျက်လုံးလေးလို့ အသံတိတ်ဗေဒနဲ့ သံစဉ် နားလည်



www.burmeseclassic.com

www.burmeseclassic.com



မိပါတယ်။

အဲလိုအခါမျိုးမှာ ငါ့ရဲ့စိတ်တွေဟာ ဟိုးကောင်းကင်ပေါ်ကို ပျံသန်းသွားရသလို ခံစားချက်မျိုးနဲ့ သိပ်ကို အံ့ဩချင်စရာကောင်းအောင် ပျော်ရွှင်ကြည်နူးမိတယ်။

နှင့်မျက်လုံးထဲက အရိပ်လေးကိုလေ ငါ မယုံမရဲနဲ့ပဲ နှလုံးသားထဲထည့်ပြီး သိုမှီးသိမ်းမြှုပ်ထားလိုက်တယ်။

သံစဉ် ဒီလိုထင်မိတယ်၊ ခံစားနားလည်မိတယ်လို့ ပြန်ပြောရင် ဘယ်သူက ယုံမယ်မထင်ဘူးနော်။

မိုးမာန်…အချစ်ဆိုတာ သိပ်ဆန်းကြယ်တာပဲ။

ရွှေသံစဉ်သည် လက်ဆောင်ရသော အင်္ကျီနှင့် စကတ်လေးကို ဝတ်ကြည့်ရင်း မိုးမာန်ရှေ့သို့ ရောက်သွားချင်သည်။

မိုးမာန်…သံစဉ်ကို မိုးမာန် အထင်ကြီးစေချင်တယ်သိလား။ ဘာမှမရှိတဲ့ဘဝမှာ ငါ့ရဲ့ရုပကာ ရုပ်ဆင်းအလှလေးကိုပဲ ဖြစ်ဖြစ် သဘောတကျ တန်ဖိုးထားစေချင်မိပါတယ်။

ရွှေသံစဉ်ဆိုတဲ့ မိန်းကလေးဟာလေ ဘာကြောင့်မှန်းမသိ နင့်ရှေ့မှာ သိပ်လှချင်တယ် မိုးမာန်။

တကယ်တော့ မိုးမာန်မျက်စိရှေ့မှာ အချိန်ပြည့် လှပကျော့မော့ ချစ်စရာကောင်းနေတဲ့ ကြယ်စင်က ရှိပြီးသားပါ။





အဲဒီ ကြယ်စင်လင်းလက်ကို ဖြတ်ကျော်ပယ်ချပြီးမှ နင့်လှမ်းလာဖို့ဆိုတာ…

အင်း…ဖြစ်နိုင်ခြေသိပ်နည်းတာပဲ။

မိုးမာန် ခြေလှမ်းတွေဟာ သူနဲ့ ဂုဏ်ရည်တူနေတဲ့ ယ်စင်ဆီကိုသာ လှမ်းသွားဖို့ရှိသည်။

အပြင်ဖက်မှာ မာနတွေ တင်းထားပေမယ့် သူမနှလုံးသား ပျော့ညံ့အားငယ်နေသည်။

အိပ်ရာပေါ်သို့ ကန့်လန့်ဖြတ်လှဲချရင်း မျက်နှာကြက်ကို ည့်ကာ စိတ်ကူးယဉ်နေဆဲမှာ တံခါးဘဲလ်သံကြားရသည်။

အင်း…အိမ်မှာ အေးအေးဆေးဆေး နားမည်ကြံကာမှ ပေါ်လာပြန်ပြီထင်ပါသည်။

တံခါးဖွင့်လိုက်တော့ သံစဉ်နှင့်အတူ လုပ်ဖော်ကိုင်ဖက် ကြီးက…

"ညီမလေးရေ…'ကက'မောင်းချင်တဲ့သူ အောက်မှာပါ ပြီ၊ ညီမကိုအပ်ထားတဲ့ကားအုံမှာအိမ်ကို လိုက်ပို့စမ်းပါ၊ သူတို့ ယ် ကားလိုချင်တယ်ပျော့၊ စပေါ်ကိုလည်း ဆယ်ပုံး ဆယ့်ငါးပုံး င်မယ်တဲ့၊ ဖြစ်အောင်သာလုပ်စမ်းပ၊ ညီမရယ်၊ ဒီတစ်ပတ်ထဲ မ်ပွဲမှုကို မဖြစ်သေးလို့ စိတ်ညစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသံစဉ်သည် အဝတ်အစား မြန်မြန်လဲ၍ သူမကို 'ကက'အမောင်းသမား လိုချင်ကြောင်း ပြောထားတဲ့ အိမ်ကို လိုက်ပို့ပေးရပါတော့သည်။

ပွဲဖြစ်တာမဖြစ်တာ နောက်။ လောလောဆယ် သံစဉ်က တော့ လှုပ်ရှားနေရပါပြီ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်လင်းလက်တို့အိမ်က ရှေးဘာယ်လ်ကတ်ကား မြင်းကြီးကို မိုးမာန်တို့ခြံထဲမှာ တွေ့ရသဖြင့် လမ်းကြုံဝင်လာသော ရွှေသံစဉ်မှာ ရင်ထဲမှာ ဒုတ်ခနဲမြည်ကာ ခြေလှမ်းတုံ့ပြီး ချီတုံချတုံ ဖြစ်သွားမိသည်။

တက္ကစီငှားသော ကားအုံနာအိမ်က မိုးမာန်တို့ရပ်ကွက်ထဲမှာရှိ သူတို့ပြန်ကြတာကို ရွှေသံစဉ်က လိုက်မသွားဘဲ ဒီနားပဲဆင်းမယ်ဆိုပြီး ကားထဲကဆင်းပြီးမှ မိုးမာန်ရဲ့ခြံထဲ ဒီဗူးကားကိုမြင်တော့ ဘာမှမတတ်နိုင်။

သူမ ဒီကိုလာလည်တာ ကြယ်စင်လင်းလက် မသိစေချင်။ ဆုံလည်းမဆုံချင်ပါ။

မြကျယ်ဝင်းကျယ် တိတ်ဆိတ်တဲ့နေရာကို လမ်းလျှောက်ပြီး ဝင်လာသူနှင့် ကားနှင့်ဝင်လာသူဟာ တခြားစီပဲမဟုတ်လား။

လမ်းပေါ်မှာ လမ်းလျှော က်နေတဲ့ သူနှင့် ကားစီးသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သိပ်ကွာခြားတယ်လို့ မဟုတ် အားငယ်စရာလည်း...
သံစဉ်တို့လို လျှောက်နေတဲ့လူတွေလည်း အများကြီး။

ဒီလိုသူဌေးရပ်ကွက်၊ သူဌေးလမ်း၊ သူဌေးခြံထဲကို...
တော့ လမ်းလျှောက်ပြီး ရင်ကော့ဝန့်လာဖို့ဆိုတာ သတ္တိမွေးရ...
သည်။ မတော်တဆ ခွေးဟောင်လိုက်တာကအစ ကိုယ့်မှာ အလို...
နေရင်း သိမ်ငယ်ရသလိုလို မျက်စိသူငယ်နားသူငယ် ဖြစ်ရသလို...
စိတ်တွေကို တစ်မျိုးတစ်ဖုံ နှိမ်ခံရသလိုထင်မိသည်။

ဒါဟာ သူတို့ရဲ့ အရှိန်အဝါကို ကိုယ်ကရှိန်ရလို့...
မဆိုနိုင်။

သံစဉ်ကိုယ်တိုင်က နေရင်းထိုင်ရင်း အားငယ်မိတာလည်း...
ဖြစ်နိုင်ပါသည်။ သူတို့ချမ်းသာပြည့်စုံပြီး သံစဉ်က အစကတည်း...
သာမန်ဘဝလေးဆိုတာ သူတို့လည်းသိတာပဲ။

သိပေမယ့် မခွဲခြားဘဲ တန်းတူခင်မင်ရင်းနှီးနေကြတာ...
မဟုတ်လား။

သံစဉ် ရှေ့ဆက်လျှောက်လာတော့ သူတို့အိမ်ကကောင်...
လေးတစ်ယောက် ထွက်လာသဖြင့်

"ကိုမိုးမာန်ရှိလား"

"ရှိတယ်အစ်မ ဝင်သွားလိုက်ပါ"





"ညည့်သည်ရောက်နေတာလား"

"ဟုတ်ကဲ့"

မတတ်နိုင်။ ကြယ်စင်လင်းလက်နှင့် တည့်တည့်တိုးပြီ။

သို့သော် ဧည့်ခန်းဆီရောက်သောအခါ ထင်သလိုမဟုတ်ပါ။ ကျွန်းကနုတ်ဆိုဖာခုံတွေပေါ် ထိုင်စကားပြောနေတာ ကြယ်စင်လင်းလက်အမေနဲ့ မိုးမာန်အမေပါ။ တိုးတိုးတိုးတိုးနှင့် ဘာတွေတိုင်ပင်နေသည်မသိပါ။

"ဟော...သမီးသံစဉ်လာ...လာ၊ သားရေ ထွက်ခဲ့ပါဦးဟေ့"

မိုးမာန်အမေက လှိုက်လှဲဖော်ရွေသည်။

ကြယ်စင်လင်းလက် အမေကတော့ သူမကို လှည့်ကြည့်ပြီးပြုံး၏။

"အန်တီ နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်"

"ကြယ်စင်မပါဘူးလား"

"မပါဘူးသမီး၊ အန်တီတစ်ယောက်ပဲ ဒရိုင်ဘာနဲ့ထွက်လာတာ"

ထိုအချိန်မှာ မိုးမာန် ဧည့်ခန်းဆီထွက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…သံစဉ် ဘယ်တုန်းကရောက်လာတာလဲ"

"ဒီနားလမ်းကြုံလို့ ဝင်လာတာ"

"ထိုင်ဦးလေ"

"ခြံထဲကစားပွဲမှာပဲ ထိုင်မယ်ဟယ်"

သံစဉ်က တိုးတိုးကပ်ပြောလိုက်သည်။

"ဒါဆိုလည်း လာလေ၊ ဟော့…မိတူးမ ငါတို့ဖို့ အအေးဖျော်ခဲ့၊ စတော်ဘယ်ရီသီးကိုဖျော်နော်၊ ကြားလား"

သူက ကောင်မလေးကိုမှာပြီး အိမ်ပြင်ကျောက်ပြားခင်းပေါ်က ထီးမိုးထားသောစားပွဲမှာ ထိုင်သည်။

"သံစဉ်က ကြယ်စင်ရောက်နေတယ်မှတ်လို့"

"သူ့အမေပါကွာ…ခုတလော ငါ့အမေဆီကို ခဏခဏလာတယ်ဟ၊ အခုလည်း ကျိုက်ထီးရိုးသွားကြမယ်လို့ တိုင်ပင်နေသံကြားတယ်"

"မိုးမာန် လိုက်သွားမှာလား"

"မလိုက်ပါဘူး…လူကြီးတွေသွားမှာ"

"ကြယ်စင်ရော"

"ဒါတော့ ငါဘယ်သိမလဲ"

မိုးမာန်က သူ့မျက်နှာလေးကို မချိုမချဉ် စိုက်ကြည့်မိသည်။





သည်။

မျက်ခုံးရှုံ့ပြီး တစ်စုံတစ်ရာကို ခပ်နက်နက်တွေးနေပုံလေးက စ,ချင်စရာ။

"မိုးမာန်"

"ဘာပြောချင်သေးလဲ"

"ကြယ်စင့်အမေနဲ့ အန်တီနဲ့ အရမ်းလုံးနေတယ်ဆိုတာ နင်ဘာကိုပြောတာလဲ"

"မသိဘူးလေ"

"နင်သိပါတယ် မိုးမာန်ရယ်၊ ပြောစမ်းပါ"

"သေချာတော့ဘယ်သိမလဲဟာ…ဒါပေမယ့် သားရေး သမီးရေးတွေ ဆွေးနွေးနေတာလည်း ဖြစ်နိုင်တာပေါ့"

ထိုစကားကို သူက ပြောင်ပြောင်နောက်နောက် ပြောနိုင်ပေမယ့် ရွှေသံစဉ်မှာ ရင်ထဲမချိအောင် ဟာသွားရသည်။

နင်ကိုယ်တိုင်က ဒီလိုဖြစ်လာဖို့ လိုလားသလား မိုးမာန်ရယ်။

ဒါဆိုရင် သံစဉ်လည်း ဘာမှမပြောပါဘူး။

မိုးမာန်နဲ့ ကြယ်စင်သာဆို နေနဲ့လ ရွှေနဲ့မြပေါ့။ လိုက်ဖက်သင့်တော်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စ၊လိုက်လျှင် မျက်စောင်းထိုးမလား၊ ရယ်မလား …

မဟုတ် သူ့ကိုပြန်တွယ်မလားထင်ပေမယ့် ရွှေသံစဉ်မျက်နှာ… အရိပ်တစ်မျိုး ဖြတ်ပြေးသွားကာ အကြည့်လည်း လွှဲသွား… ကြောင့် သူစကားမှားပြီလားဟု မိုးမာန် ကမန်းကတန်းပြန်… သည်။

မတတ်နိုင်ပါ။ နှုတ်က လွှတ်ခနဲ ထွက်သွားခဲ့ပြီ။

ခုမှတော့ ဘယ်လိုပြန်ပြင်မလဲ။

"သံစဉ်က ဘယ်လိုလမ်းကြုံတာလဲ၊ ပြောပါဦး၊ ပွဲ… မျိုးမျိုးမျက်မျက် ရလိုက်ပြီထင်တယ်၊ ပိုက်ဆံအိတ်ကြီးထ… ဖောင်းနေပါလား"

စကားလမ်းကြောင်း ပြောင်းရင်း သူ့ သံစဉ်ကို စ… …သည်။

"ဖောင်းနေတာက ပိုက်ဆံမဟုတ်ဘူး၊ စက္ကူတွေ၊ … တွေ၊ ဒိုင်ယာရီစာအုပ်တွေ၊ အလှပြင်ပစ္စည်းတွေဟဲ့၊ သိလည်း… ဘဲနဲ့"

"ပိုက်ဆံမဟုတ်ဘဲနဲ့များ အိတ်အလေးကြီးကို … တကာ လွယ်ရသလားကွာ"

"သံစဉ်က လိုတာတွေ သွားလေရာပါမှ ဖြစ်တာ…





…ရဲ့အိတ်လေ"

သံစဉ်သည် ခပ်ပေါ့ပေါ့ဟန်ဖြင့် ဆက်ပြီး စကားပြောနေ …မယ့် နှလုံးသားမှာ ပင်ပန်းလေးလံမောဟိုက်နေရပါပြီ။

အင်း…မေမေပြောတဲ့ ဆင်းရဲတဲ့အရသာဆိုတာ ဒါပဲဖြစ် …။

ရွေးမရွေးမယ်ဟော့ဆိုရင် ရွှေသံစဉ်နှင့် ကြယ်စင်လင်း …် ဘယ်သူ့ရွေးမလဲ။ ဒါ အသိသာခြည်းပါ။

သံစဉ်မာနတွေဟာ နှလုံးသားရေးရာမှာ ဘာများအသုံးဝင် [illegible]လဲ။

ဓနအင်အားကို အဓိကထားကြတာပဲ မဟုတ်လား။

သံစဉ်သည် ခွေးတေားတေားခံစားချက်ဖြင့် အိမ်ကိုလွမ်း …သည်။

အမေ့ကိုလည်း သတိရသည်။ အဖေ့ကိုလည်း သတိရ …

မိဘဆိုတာကတော့ 'ထိမ်းမြားခြင်းလျှင်' ဆိုတဲ့ ဝတ္တရား …ကိုယ့်သားသမီး အိမ်ထောင်ရေးမှာ စီမံပေးချင်ကြမှာပါပဲ။

ဒါဟာ အပြစ်တင်ဖို့ခက်သည်။

ဆင်စီးပြီး မြင်းရံတာကိုလည်း မြင်ချင်မှာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမျှော်လင့်ချက်ကလည်း အခိုင်အမာရှိမှာပဲ။

သံစဉ် နားလည်လာသလို ဖြစ်မိသည်။

သူတို့က မမှားရင် ရွှေသံစဉ်က မှားခဲ့သလား။

ဟင့်အင်း…လက်ဖဝါးနှင့် လက်ဖမိုးဟာ ဟိုဖက်ဒီဖက် ရှိကြပေမဲ့ ကြည့်တဲ့သူဖက်က အမှန်ပဲ။

လက်ဖမိုးကို ကြည့်မိရင်တော့ လက်ဖမိုးပေါ့။ လက်ဖဝါး ဖက် ကြည့်မိတဲ့သူကလည်း သူမြင်တာ လက်ဖဝါးလို့ ပြောမှာပဲ မဟုတ်လား။

"ဟ…ပိုက်ဆံအိတ်အကြောင်း ပြောလိုက်တာနဲ့ ဘယ်ခွင် တွေ သတိရသွားပြန်ပြီလဲ"

"အဟင်း…ဟင်း မဟုတ်ပါဘူး မိုးမာန်ရယ်"

သံစဉ် ရယ်လိုက်မိသည်။

ထိုအချိန်မှာပဲ မိတူးမက စတော်ဘယ်ရီ ဖန်ခွက်နှစ်ခွက် ကို ဇန်းကဲလေးနှင့် သယ်လာပါသည်။

"ငါ့စီးကရက်ဗူး ယူခဲ့ဦး၊ စားပွဲပေါ်မှာ သိလား"

စတော်ဘယ်ရီသီးရနံ့က မွှေးပျံ့နေတာကြောင့် သံစဉ်က ဟန်ပင်မဆောင်ဘဲ ဖန်ခွက်ကို ယူပြီး မော့သောက်လိုက်သည်။

"ပိုက်နဲ့မသောက်ဘူးလား"





"ဟင့်အင်း"

မိုးမာန်က ပိုင်နှင့်သာ စုပ်ယူသောက်၏။

ထို့နောက် စီးကရက်ကို ဟန်ပါပါရှိုက်ဖွာလေသည်။

သူ စီးကရက်သောက်ပုံက အမှန်တကယ်လည်း ကြည့် ကောင်းပါသည်။

လက်ချောင်းဖွေးဖွေးလေးက မြောက်လာလိုက်၊ စိုရဲသော နှုတ်ခမ်းလေးဆီ ကပ်သွားလိုက်။

မေးစေ့တဝိုက် စိမ်းဖန့်နေပြီးမှ နီရောင်ပြေးသော နှုတ်ခမ်း ဟာ မိုးမာန်ဆီမှာ ဆွဲဆောင်မှုအရှိဆုံးပါ။

"နှုတ်ခမ်းအရောင်လေး နမြောပါတယ်ဟယ်"

"ဘာ…ငါ့နှုတ်ခမ်းကို နင်က နမြောတယ်ဟုတ်လား"

"အို…မဟုတ်ပါဘူး၊ စီးကရက်သောက်ရင် နှုတ်ခမ်းမဲ သွားမှာကို ပြောတာပါနော်"

သူမ ရှက်ရှက်နှင့် မျက်စောင်းရွယ်မိသည်။

ငါ့စိတ်ထဲကို နင်မြင်နိုင်လို့လား မိုးမာန်။

ငါကတော့ ဖုံးကွယ်မျိုသိပ်ထားမှာပဲ။ ငါ့အချစ်တွေကို သိုသိုသိပ်သိပ် လျှို့ဝှက်ထားမှာပဲ၊ နင်မမြင်စေရပါဘူး။

"ငါကလည်း ဘာပြောလို့လဲ၊ နင်က နင့်ဘာသာ ရှက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ"

"အံမာ···ဘာကြောင့်ရှက်ရမှာလဲ"

"ဘာကြောင့်လဲဆိုတော့ ငါမသိဘူးပေါ့ကွာ၊ ဒါပေမဲ့ သံစဉ်ပါးလေးတွေ ရဲသွားတယ်"

"မဟုတ်တာနဲ့···သွား"

သံစဉ်သည် သူ့ကိုထုဖို့ လက်သီးဆုပ်လေးရွယ်ပြီးမှ မထုဖြစ်အောင် ထိန်းလိုက်သည်။

သိပ်ကြီး တရင်းတနှီးနေတာ မကောင်းဘူးလေ။

သူတစ်မျိုးတမည် သဘောပေါက်နေရင် ခက်မည်။

မိုးမာန်စိတ်ထဲမှာတော့ ကြယ်စင် သူ့ကို ထုရိုက်သလို သံစဉ်လည်း ထုရိုက်တော့မည့်သဘော။

ရွယ်လိုက်တဲ့ လက်သီးဆုပ်နုနုလေးကို မိုးမာန် ဖမ်းဆုပ်ထားမိမှာစိုးလို့လား။

ငါ ချစ်မိမှာ နင်စိုးရိမ်လား သံစဉ်။

ချစ်စကားဆိုတာ လွယ်လွယ်ဆိုဖို့တော့ မဖြစ်နိုင်ပါဘူး။ ငါတကယ် မြတ်မြတ်နိုးနိုးချစ်တဲ့ မိန်းမကိုကျမှ ငါ့နှုတ်က 'ချစ်တယ်'လို့ ဖွင့်ပြောမယ်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒီနေ့စနေနေ့ပဲ"

မိုးမာန်က အလုံလမ်းပေါ်ကနေ ဆန်းမစ်ပေါ့တ်ဗျူးဟိုတယ် ချိုးကွေ့ဝင်နေမှ သတိတရထအော်သည်။

"စနေနေ့ဆိုတော့ ဘာဖြစ်လဲ"

သံစဉ်က သွက်သွက်လက်လက် ပြန်မေးလိုက်သည်။

ကြယ်စင်ကတော့ ခပ်အေးအေးပဲ သူ့ဆံပင်အစင်းလေးကို အသာဖြီးနေ၏။

အသက်မကြီးမငယ်နှင့် လက်ထဲမှာလည်း Pooh အရုပ်နှင့်။

ဒီအရုပ်ကို မိုးမာန်ဝယ်ပေးတာတဲ့။

သိသွားတော့ သံစဉ်က မကျေမနပ် သူ့ကို…

"နင်က ဘာသဘောလဲ၊ ကြယ်စင့်ကိုပဲ လက်ဆောင်ပေးတယ်"

"ဟ…ငါမေးသားပဲ၊ ပထမတစ်နေ့က နင့်ကိုမေးတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ အရုပ်လက်ဆောင်ရမယ်ဆိုရင် ကြိုက်လားလို့၊ နင်ပဲ ရှုပ်ရှုပ်ယှက်ယှက် ငါက အရုပ်ဘာလုပ်ရမှာလဲဆို၊ စားလို့လည်းမရ၊ ဝတ်လို့လည်းမရ၊ သုံးလို့လည်းမရနဲ့ ငါ့အိမ်မှာ နေရာကုန်ရုံပဲဆို၊ နင်ကိုယ်တိုင်ပြောတာပဲ သံစဉ်ရာ"

"ဩော်…သံစဉ်က ရှင်ပေးမယ်လို့မှမထင်ဘဲ"

"နင်မကြိုက်ဘူးဆိုတော့ ကြယ်စင့်ကိုပဲ ပေးလိုက်တယ်၊ သူကတော့ ပျော်တာ ခုန်နေတာပဲ၊ သူ့အခန်းမှာ အရုပ်တွေက တောင်လိုပုံနေပြီလေ၊ ဒါတောင် မက်မောတုန်းပဲ၊ နင်ကတော့ အရုပ်တွေဘာတွေချစ်ဖို့လည်း မခံစားတတ်ပါဘူး၊ နင့်ဦးနှောက်ကိုက ပွဲစားဦးနှောက်ဖြစ်နေပြီကွာ"

မိုးမာန်က ထိုသို့ပြောလျှင် ရွှေသံစဉ် အတော်မခံချင်ဖြစ်မိပါသည်။

ကြယ်စင်က သူ့ဖွေးသမီးမို့ အပူအပင်မရှိဘဲ အားနေလျှင် အရုပ်ပိုက်ကာ အရုပ်ချစ်နိုင်ပေမယ့် သံစဉ်ကတော့ ဘဝသမားမို့ ဒီလို အနုအရွအလှအပတွေ ခံစားမနေနိုင် ဦးစားမပေးနိုင်ဟု ဆိုလိုတဲ့သဘောလေ။

သူပြောတာ ဟုတ်လည်းဟုတ်ပါသည်။ သံစဉ်မှာ အလုပ်ကိစ္စ ဟိုပြေးဒီလွှားနှင့် စိုက်ဆာရင်တောင် ကြုံတဲ့ဆိုင် စိုက်ဖြည့်ရ





တာ မဟုတ်လား။

"ဒါဆိုရင်လည်း အရုပ်မပေးနဲ့ပေါ့"

"လက်ဆောင်ပေးတာ ပေးချင်တဲ့သူရဲ့ဆန္ဒအရ ရွေးချယ်မှာပဲလေ"

"တော်ပြီ…ဒါဆို ဘာမှမယူဘူး"

ထိုသို့ သံစဉ်စိတ်ကောက်မှ သူလိုက်ချော့သည်။ သူမွေးနေ့အကြိုအဖြစ် ဆန်းမစ်မှာ ညစာကျွေးမယ်ဆိုပြီး အိမ်အထိလာခေါ်တာပါ။

ကြယ်စင်လည်း ကားပေါ်ပါလာသည်။ ညပိုင်းဆိုတော့ ရွှေသံစဉ်လည်း အားလပ်နေပြီဖြစ်တာကြောင့် လိုက်တာ။

ဟိုတယ်ဝင်းက ကားစတန်းမှာ ကားများနေပါသည်။

ကားပါကင်မှာ ဝင်ထိုးပြီးမှ မိုးမာန်က…

"ဒီနေ့ဘောလုံးပွဲကောင်းတယ်"ဟု ဆိုသည်။

"သိသားပဲ၊ ဒီည အာဆင်နယ်ပွဲရှိမှန်း"

"နင် သတိမပေးဘူးကြယ်စင်ရာ"

"သတိပေးတော့ရော အိမ်ပြန်ပြီးကြည့်မှာမို့လို့လား၊ စားရင်းသောက်ရင်း ဒီမှာကြည့်လည်းရတာပဲ၊ ပရိုဂျက်တာနဲ့တောင်ပြသေးတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်လင်းလက်ကတော့ ရန်ကုန်မြို့ပေါ်က ဟိုတယ်တွေ၊ ရက်စတော့ရင့်တွေ အကုန်လှည့်ပတ်သွားလာစားသောက်နေကျမို့ အကြားအမြင် ဗဟုသုတရှိသည်။

ရွှေသံစဉ်ကတော့ ထိုနေရာမျိုးတွေ သိပ်အသွားအလာမရှိသဖြင့် မော့မော့ငေးငေးဖြစ်နေသည်။

ဒဂုံဘားမှာ လူစည်လှချည်လား။

သူက ဘားတွေသပ်သပ်ခွဲထားသေးတာလား။

တစ်ခန်းလုံး မောရိန်းနာတွေနှင့် ပြည့်နေသည်။ စနေညလည်းဖြစ်တော့ လူများနေသည်။

ရွှေသံစဉ်က ဟိုကြည့် ဒီကြည့်။

ဪ…ကိုယ်သာ ညဖက်တီဗွီလေးကြည့်ပြီး အိပ်ရာဝင်လိုက်တာ၊ ဒီမှာကြတော့ မီးရှောင်တလက်လက်ဖြင့် လူတွေစည်ကားသက်ဝင်နေလိုက်တာ။

မိုးမာန်က ရွှေသံစဉ် မျက်နှာလေးကို လှမ်းကြည့်သည်။

မျက်လုံးလေးတွေ တောက်ပဝင်းလက်ပြီး ကျေနပ်သဘောကျနေဟန်တွေ့တော့ သူ့ရင်မှာ စိတ်ချမ်းသာရသည်။

ပင်ပန်းမောလျနေတဲ့ သူမကို ဒီလိုအနားယူအပန်းဖြေစိတ်လက်ပေါ့ပါးစေချင်မိတာ ရင်ထဲကစေတနာပါ။





တကယ်တော့ ရွှေသံစဉ်တို့ လိုက်ပို့ပေးချင်လို့ပဲ မွေးနေ့အကြိုပွဲဆိုပြီး စီစဉ်တာပါ။

သံစဉ်လေးကို မိုးမာန် ကရုဏာသက်နေသည်။

သူ့ပုံက တည်တည်ကြည်ကြည်နှင့် လောကွတ်မလုပ်တတ်ပေမယ့် ရွှေသံစဉ်နှင့် ပတ်သက်လျှင် သူ့ဘက်က ပေးဆပ်မြင်းမေတ္တာတွေ မကုန်နိုင်အောင်ရှိနေသည်။

"သံစဉ်ရေ…ကိုကာဆူကီဖက်သွားမယ်၊ ကိုကာဆူကီကြိုက်လား"

"ဟင့်အင်း…သံစဉ် မစားဖူးဘူး"

ကိုကာဆူကီဆိုတဲ့ ဂျပန်စတိုင်လ် အစားအစာကို တီဗီကြော်ငြာမှာပဲ ကြည့်ဖူးသည်။

ဘယ်လိုအရသာဆိုတာ မသိ။

ကြယ်စင်ကတော့ ဆူကီစားနေကျမို့ ကြိုက်သည်လို့ဆိုသည်။

"သူကြိုက်တာပဲစားပါစေဟာ"

"ဪ…ကြယ်စင်ကလည်း မေးနေတဲ့ဥစ္စာ၊ နင်က ဒဂုံဘားပဲထိုင်ချင်တာမဟုတ်လား၊ ကဲ…ဝင်…ဝင် အဲဒီမှာပဲထိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်ကတော့ ဘောလုံးပွဲလည်း မလွတ်ချင်တာကြော

လူများနေပေမယ့် နောက်ဖက်ကစားပွဲတစ်လုံးမှာ ထိုင်လိုက်ပါသည်။

သူနှင့်ပါလာသော မိန်းကလေးနှစ်ယောက်စလုံးအ

လှသည်။ သူသည် မိန်းကလေးနှစ်ဦး အလယ်က ထိုင်ရသဖြ

မချောနှစ်ယောက် ကိုယ်တစ်ယောက် ဖြစ်နေရပါသည်။

အများအမြင်မှာ နေရင်းထိုင်ရင်း စန်းပွင့်နေရတာဖြ

ကြယ်စင်လင်းလက်စတိုင်လ်ကတော့ အထူးအထွေပြောစရာပ

ကိုရီးယားစကဒ် အပျော့အတိုလေးနှင့် အပေါ်က အပြောင်အလ

တွေပါသော ရှပ်ယှက်ခတ်နေသည့် ဆွဲသားအင်္ကျီအနက်ရောင်

နှင့် မီးရောင်မှာ လင်းလက်အောင် လှပထင်ရှားနေသည်။

ရွှေသံစဉ်က ဆင်စွယ်ရောင် ဘောင်းဘီအရှည်ဖွဖွ

နှင့် ခွယ်တာအင်္ကျီ လက်စကလေးကို ဆင်တူထပ်ဝတ်ထား

ကြောင့် သူမတို့နှစ်ယောက်က အဖြူနှင့်အမဲလို ဘလက်အင်နှ

စတိုင်လ်ဖြစ်နေသည်။ သိသာကွဲပြားခြားနားနေသည်။

သူမတို့နှစ်ယောက်ရဲ့ ဘဝအခြေအနေကလည်း ထိုသို

ကွဲပြားဆန့်ကျင်နေသည်။

ဒါပေမဲ့ နှစ်ယောက်စလုံးက ချောမောလှပပြီး နှစ်လို

ဟန်ပန်လေးတွေရှိကြသည်။





မိုးမာန်မျက်စိထဲမှာ ရှင်းသန့်အေးချမ်းနေသော ရွှေသံစဉ်

ပုံစံလေးကို ပို၍ပင် နှစ်မြို့က်မိသေးသည်။

သို့သော် ကြယ်စင်လင်းလက်က သူ့အပေါ် ပိုပြီးနားလည်

မှုရှိသည်။

သူ ဘီယာသောက်လည်း ဘေးကထိုင်စောင့်ပေးဖို့ ဝန်မ

လေး။ ဘောလုံးပွဲဆိုလည်း သူနှင့်ပြိုင်းခုန်ပြီး အတူထိုင်ကြည့်သည်။

သူမနံဘေးမှာ စီးကရက်ငွေ့တွေ မီးခိုးတိုင်လို မှုတ်ထုတ်နေလည်း

ဘာမှမပြော။

ရွှေသံစဉ်ကသာ ဆရာလုပ်တတ်တာ။

စီးကရက်လေးသောက်ရင်ပင် မကြိုက်ချင်။

"ကဲ…ဟက်ပီးဘတ်ဒေးအကြိုလေး လုပ်ရအောင်

ချီယားစ်"

ဖန်ခွက်ချင်းထိပြီးမှ ပျော်ပျော်ပါးပါးသောက်ကြသည်။

ကြယ်စင့်အိတ်ထဲကဖုန်းလေးက တီးလုံးသံချိုချိုလေး မြည်

လာသဖြင့် ကြယ်စင်ကအပြင်ထွက်ပြီး ဖုန်းသွားပြောနေသည်။

ခဏကြာလျှင် မိုးမာန်ဆီ ဖုန်းဝင်လာပြန်တော့ မိုးမာန်က

လည်း အပြင်ခဏဆိုပြီး ထွက်သွားပြန်၏။

စားပွဲမှာတစ်ယောက်တည်း ကျန်ခဲ့သော ရွှေသံစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အကင်တွေပဲ စားနေလိုက်သည်။ သောဘီကစားပွဲတွေဆီပင် သူမ မကြည့်။

ထိုအချိန်မှာ သူမစားပွဲနံဘေးက ဖြတ်သွားသော အသက် သုံးဆယ်ကျော် ဝဖိုင့်ဖိုင့်လူတစ်ယောက်က သူမကို သေချာစွာ စူးစိုက်ကြည့်ရင်း…

"ဟာ…ရွှေသံစဉ် မဟုတ်လား"

"ရှင်…အော် ကိုအောင်ပြေ"

"ရွှေသံစဉ် ရန်ကုန်ရောက်နေတာလား၊ ကျွန်တော်လည်း မုံရွာမပြန်ဖြစ်တာ ကြာပြီဗျာ၊ အမေတို့ရောပါလား၊ နေကောင်းကြ ရဲ့လား"

"အမေတို့က မုံရွာမှာပဲ နေကောင်းပါတယ်"

"ရွှေသံစဉ်က ဘယ်မှာနေတာလဲ၊ ကျွန်တော် ခဏထိုင် မယ်ဗျာ၊ တွေ့တုန်း မေးစရာလေးတွေရှိတယ်၊ ကိုဇော်ကျော်နဲ့ ရွှေသံစဉ်နဲ့ နေစပ်ပွဲလုပ်ဖြစ်ဘူးလား"

"အို…သူ့အကြောင်းနေစပ်ရမှာလဲ၊ ကျွန်မတို့ ဘာမှ မဆိုင်ပါဘူး"

"အော်…ဟုတ်လား၊ မသိပါဘူးဗျာ ကျွန်တော်က သတင်းကြားလို့ မေးကြည့်တာပါ၊ စိတ်မရှိပါနဲ့"





ဖုန်းကို ခါးမှာချိတ်ရင်း ဘားထဲပြန်ဝင်လာသော မိုးမာန် မှာ ရွှေသံစဉ်ဘေးနားမှာ တခြားသူစိမ်းယောကျ်ားတစ်ယောက်ကို တွေ့တော့ မျက်ခုံးဝင့်သွားရသည်။

သူမနှင့် စကားပြောဆို ရယ်မောနေတဲ့လူက လူရည် လည်တို့ပုံစံ။ ပိုက်ခွံအိတ်ခပ်ကြီးကြီးနှင့် ဆွဲကြိုးတွေ၊ ဟန်းချိန်းတွေ အပြည့်ဝတ်ကာ ရွှေရောင်ဝင်းပြောင်နေလေသည်။

ဒါက ဘယ်သူလဲ…။

"မိုးမာန်…လာလေ၊ ကိုအောင်ပြေ ဒါ ကျွန်မသူငယ်ချင်း မိုးမာန်တဲ့၊ ကိုအောင်ပြေက သံစဉ်တို့မြို့ကပဲ"

"ဟုတ်ပါ့ဗျာ…ဒါ ကျွန်တော်တို့အညာကပဲလေ၊ ရွှေသံစဉ်နဲ့ ကျွန်တော်တို့က ရပ်ဆွေရပ်မျိုးတွေဆိုပါတော့"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ်"

မိုးမာန်က လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

အောင်ပြေက သားနားခန့်ညားသော မိုးမာန်ကို အကဲခတ် သလိုကြည့်၏။ ဆန်းမစ်ပါ့တ်ဖျူးကို အတူယှဉ်တွဲလာတယ်ဆိုတော့ ဘယ်လိုပါလိမ့်ဆိုတဲ့အကြည့်။

"ကျွန်တော် ဟိုးဖက်ဝိုင်းကနေ လှမ်းကြည့်တာဗျ၊ ရွှေသံစဉ်နဲ့ တူပါတယ်ဆိုပြီး လာနှုတ်ဆက်တာ၊ ကဲ…သွားဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ သြော်…ဒီမှာ ကျွန်တော့်ဗစ်စစ်တင်းကဒ်လေး ယူထားပါဦး"

အောင်ပြေက မနေ့ငံ့ယှက်ပါဘူးဗျာဆိုတဲ့ ပုံစံနှင့် မြန်မြန် စားပွဲကနေ ထပြန်သွားပါသည်။

သူပြန်သွားတာနှင့် မိုးမာန်မျက်နှာက အပြုံးပျောက်သွား ပြီး…

"အဲဒါကဘယ်သူလဲ၊ နင်နဲ့ ဘယ်လိုပတ်သက်လဲ"

"အောင်မာ…ဘယ်လိုပတ်သက်ရမှာလဲ"

"နင့်ဘေးမှာဝင်ထိုင်ပြီး တရင်းတနှီးပုံနဲ့ပါလား၊ ငါတော့ မျက်စိလည်သွားတယ်"

"သူက သံစဉ်တို့မုံရွာကပါဟယ်၊ ခင်နေတာပါ"

"ရုပ်က လူလည်ရုပ်ကြီး"

"ဟယ်…သူများကို အဲလိုလျှောက်မပြောနဲ့လေ"

"နင့်ကိုကြည့်ပုံက တစ်မျိုးပဲ၊ ငါမကြိုက်ဘူး"

"အဓိပ္ပါယ်မရှိတာ"

"နင် အဲလိုယောကျ်ားတွေနဲ့ အရောတဝင်မနေနဲ့ဟာ"

"ဟဲ့…ဘာလို့ စွတ်ပြောနေတာလဲ၊ သူဟာသူ လာနှုတ် ဆက်တဲ့ဥစ္စာ"

"ရိုးရိုးသားသားဆိုရင် ငါဘာမှမပြောပါဘူး၊ အခုဟာက





မှုပြီး နင့်ကိုရစ်ချင်တဲ့ပုံ"

"မိုးမာန်နော်…မဟုတ်တာလာမပြောနဲ့"

ကြယ်စင်လင်းလက် ပြန်ဝင်လာသဖြင့် သူတို့ တစ်ယောက်တစ်ခွန်း ကြိတ်ပြီး အခြေအတင်ဖြစ်နေရာက တိတ်ဆိတ်သွားရ၏။

ကြယ်စင်က ဘာမှမသိဘဲ သူ့သူငယ်ချင်း ဂျပန်က ပြန်လာတော့မယ့်အကြောင်းတွေ လျှောက်ပြောနေသည်။

မိုးမာန်က သိပ်မကြည်။

ကြာလေကြာလေ သူ ရွှေသံစဉ်ကို ကြည့်မရ။

သူမလုပ်တဲ့ ပွဲစားဆိုဆို အကျိုးဆောင်ပဲဆိုဆို အဲဒီအလုပ် တိုလည်း မကြိုက်ပါ။

ရှုတင်းတင်း ဖြစ်နေသော မိုးမာန်မျက်နှာက ဘောလုံးပွဲ လာမှပဲ မေ့မေ့ပျောက်ပျောက်နှင့် ပြန်ကြည်လင်လာသည်။

ထိုညက သူတို့သုံးယောက် ဆန်းမစ်မှာ လူရှင်းတဲ့အထိ စားသောက်စကားပြောရင်း ဘောလုံးပွဲကြည့်ရင်း အပန်းဖြေ အချိန် ဖြုန်းခဲ့ကြသည်။

ရွှေသံစဉ်အတွက်မှာ အတွေ့အကြုံသစ်တစ်မျိုး ဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ငါးဖယ်လုံးဆီပြန်ပေါ် ရှောက်ရွက်မွှေးမွှေး အုပ်ထားသော ဟင်းပန်းကန်ကိုကြည့်ရင်း ဒေါ်မယ်ပသည် ထမင်းဝိုင်း၌ တစ်ချက် ငိုင်တွေသွားလေသည်။

ရန်ကုန်ကို ထွက်သွားကတည်းက မြို့ကိုပြန်ပြီး ခြေဦး မလှည့်တော့တဲ့သမီး။

အမည်လေးကို ရွှေသံစဉ်ဟု နုနုလှလှလေးပေးခဲ့ပေမယ့် အင်မတန်စွဲကြီးခေါင်းမာတဲ့ မိန်းကလေး။

မွေးခဲ့တုန်းက ရွှေသံစဉ်၊ အခုတော့ ရွှေကျောက်ခဲဖြစ်နေ ပြီ။ သမီးက အမေလုပ်သူနှင့် အပြိုင်မာနထားသည်။

အင်း…တကယ်တော့ အမေပြောတာလည်း လွန်သွားပါ တယ်ဟု ဒေါ်မယ်ပ ခဏခဏ စိတ်မကောင်းဖြစ်ရသည်။

အိမ်မှာ ရွှေသံစဉ်ကြို ဟင်း ချက်မိပြီလားဆိုရင် မီးဖို ချောင်မှာကတည်းက မျက်ရည်ရစ်ဝဲလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ပါဟု လူကြုံနှင့် အကြိမ်ကြိမ်မှာပေမယ့် ရွှေသံစဉ်က မုံရွာသို့ ပြန်မလာဘူးမဟုတ်လား။

"မယ်ဝ…စားလေ ဘာငိုင်နေတာလဲ"

အမေကြီးက သတိထားမိသလို ဆိုသည်။

"ကျွန်မသမီးကို သတိရလို့ပါ၊ သူက ဂျင်းနိုင်နိုင်နဲ့ ကြော်ထားတဲ့ ငါးဖယ်လုံးကို သိပ်ကြိုက်တာ"

"အခုမှပြောနေလည်း အမိုပဲ၊ မင်းပဲ နှင်ချလိုက်တာပဲ"

"အို…ကိုစံကျော်ကလည်း ကျွန်မက အမေရင်းပါရှင့်"

"သြော်…ဒါဆို ငါက အမေရင်းမဟုတ်ဘူးလား"

"တကတဲ"

စကားကို ကပ်သပ်ပြောတတ်တဲ့ အဘိုးကြီး။

ဒေါ်မယ်ပတာ မျက်စောင်းကြီးခဲလိုက်၏။

ထမင်းဝိုင်းမှာ အဘိုးကြီး အဘွားကြီး နှစ်ယောက်တည်းနှင့် တိတ်ဆိတ်ခြောက်ကပ်နေတာ ဘယ်လောက်ကြာပြီလဲ။

ရင်ထဲမှာ တစိမ့်စိမ့် လွမ်းဆွတ်ရလွန်းပါသည်။ ဒါဇွဲ သမီးဖြစ်သူကမသိ။

"နင် အခုဘွဲ့လည်းရပြီပဲ သံစဉ်၊ အမေလုပ်တဲ့သူကို ဒီလောက် ကလန်ကဆန်လုပ်နေရအောင် နင့်ခြေထောက်ပေါ် နင်ရပ်





နိုင်ပြီလို့ထင်လား၊ ထင်ရင် စမ်းကြည့်လိုက်လေ၊ ချမ်းသာတဲ့သူဌေး ကိုမှ မယူချင်ဘူးဆိုတော့ နင်က ဆင်းရဲသားပဲ ယောက်ျားတော် နိုင်မယ့် သဘောလား၊ ဒါဆို ထွက်သွားပြီးရှာလိုက်၊ ဆင်းရဲတဲ့ အရသာဆိုတာ ဘာလဲဆိုတာ မြည်းကြည့်လိုက် သံစဉ်၊ ဒါမှ ညည်း ကောင်းကောင်းသဘောပေါက်မယ်"

ဒေါ်နှင့်မောနှင့် ပြောလိုက်သော အမေ့စကားတွေကို ရွှေသံစဉ်က နာကြည်းစိတ်ပျက်လှသလို နှုတ်ခမ်းကိုက်၍ တအံ့ တဩ စိုက်ကြည့်နေခဲ့တာ မမေ့ပါ။

တစ်သက်လုံး ပြည့်စုံချမ်းသာစွာ လိုလေသေးမရှိ နေခဲ့ရ၊ ထင်တိုင်းသုံးစွဲဖြုန်းတီးခွင့် ရခဲ့တော့ အမေလုပ်သူရဲ့ ပြတ်သားမှု ဒဏ်ကို ရွှေသံစဉ် မခံနိုင်။

"ရတယ်၊ အမေ့အိမ်မှာ မနေနဲ့ဆိုမနေဘူး၊ ဦးထက်ကျော် ကိုလည်း တစ်သက်လုံးမယူဘူးဆိုတာ အမေမှတ်ထား၊ ကိုယ်လည်း ပိုက်ဆံမရှိတာမဟုတ်ဘူး၊ ဒီအဘိုးကြီးလက်ထဲ ကိုယ့်သမီး ထိုးအပ် ရအောင် အမေက သူ့ဆီက အကြွေးတင်နေလို့လား၊ ကဲ"

"ဟင်…ကြည့်စမ်း ညည်း ရိုင်းလှချည်လား၊ မောင်ထက် ကျော်က အဘိုးကြီးလား၊ ညည်းအမေနဲ့ အတူတူ စီးပွားကျူးရှာ လာတာ၊ သူ့မှာ ညည်းအပေါ်လည်း ဘာမဆို အနွံ့အတာခံရှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရွာသမျှစီးပွားဥစ္စာအားလုံး ညည်းအတွက် ဖြစ်လာမယ့် ဥစ္စာ၊ ဒါကို မိုက်မိုက်မဲမဲ ငြင်းနေတယ်၊ ဒီလိုလူကို အားမကိုးရင် ညည်း ဘယ်သူကို အားကိုးမှာလဲ၊ ပြောစမ်း''

''သံစဉ် အပျိုကြီးပဲလုပ်မယ်၊ သူ့ကို တစက်မှလည်း မကြိုက်ဘူး၊ အမေ့မိတ်ဆွေဆိုပြီး သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတာသိလား၊ သင်းက အမေတို့ဆီ အသေကပ်ပြီး သံစဉ်ကို တောင်းရမ်းတဲ့အထိ ဖြစ်လာတာ ရောင့်တက်လို့…ဟွန်း''

''ဟဲ့…ပြောလေဆိုးလေပါလား၊ ပါးစပ်ပိတ်စမ်း သံစဉ်၊ ဟိုကသိရင် ဘယ်လောက်အားနာစရာကောင်းမလဲ၊ ညည်း ဒီလို တစ်သက်လုံး ကျေချကျေချမော့မော့ သူဌေးသမီးအဖြစ်နေနိုင်တာ မောင်ထက်ကျော်ရဲ့ ကျေးဇူးကောင်းဘူးပေါ့ သိရဲ့လား''

''ဘာကျေးဇူးလဲ၊ ကျေးဇူးရှိရင် အမေ့ဘာသာဆပ်''

''ဟင်''

သားအမိနှစ်ယောက် တစ်ယောက်တစ်ခွန်း အငြင်းပွားရင်း ဝုန်းဒိုင်းကျဲရင်း နောက်ဆုံးတော့ ရွှေသံစဉ်ကို နှင်ချတဲ့အထိ ဒေါသ ဖြစ်သွားတာ။

သံစဉ်ကလည်း ထိုစကားတစ်ခွန်းနှင့်ပဲ အဝတ်အစားအိတ် ယူပြီး တစ်ချီတည်း ဆင်းချသွားခဲ့တာဖြစ်သည်။





အမေကြီးက ထိုအကြောင်းတွေမသိ။ အိမ်ပြန်လာမှသိသည်။

မောင်ထက်ကျော်နဲ့ ကိုယ့်သမီးကို ရစေချင်တဲ့စေတနာကြောင့် ဒေါ်မယ်ပကိုလည်း အပြစ်တင်မရ။

သူတို့သားအမိဖြစ်တဲ့ ပြဿနာကြား ဦးစံကျော်လည်း ကြားဝင်ဖြန်ဖြေလို့ မရခဲ့ပါ။

အမေဖြစ်သူလည်း သူ့စကားနားမထောင်ရမလားဆိုပြီး သမီးကိုစိတ်ဆိုးသလို သမီးဖြစ်သူကလည်း သူမကြိုက်တဲ့ ယောကျ်ားနှင့် သဘောတူရပါ့မလားဆိုပြီး စိတ်နာသည်။

ဒီလိုနှင့် ရွှေသံစဉ်က မိဘအရိပ်မှ ခွဲခွာပြီး တစ်ယောက်တည်း ရန်ကုန်မှာ သွားအခြေချနေတာဖြစ်သည်။

ဦးစံကျော်နှင့် ဒေါ်မယ်ပမှာ တစ်ဦးတည်းသောသမီးလေး အကြောင်း အမြဲတမ်း နားစွင့်နေရကာ စိတ်မချ လက်မချနှင့် ပူပန်ကြောင့်ကြနေကြတာဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ရွှေသံစဉ်က ခြေထောက်နှစ်ဖက်ကို ကုလားထိုင်ပေါ် စုတင်ရင်း ခြင်ဆေးဖြန်းဖို့ စဉ်းစားမိသည်။

ဒီည ခြင်ဆေးမဖြန်းရသေး။

ဝရံတာမှာ ခြင်ကကိုက်သည်။ ဒီအထပ်အမြင့်ကြီးကို ခြင်တွေများ ပျံတက်လာနိုင်သေးသည်။

လမ်းထဲမှာ ကောင်လေးတွေ သီချင်းအော်ဆိုနေကြသည်။ ဂစ်တာသုံးလုံးနှင့် လူက ခုနစ်ယောက်လောက် ရှိလိမ့်မည်ထင်သည်။

လမ်းမီးရဲ့ မီးချောင်းရောင်အောက်မှာ စုစည်းထိုင်နေကြတာကို သံစဉ် ဝရံတာကနေ ကြည့်နေမိသည်။

ညဆယ်နာရီမကတော့…။

ခါတိုင်း ဒီအချိန် သူမ အိပ်ပျော်နေပြီ။

ဒီညတော့ ဘာကြောင့်မှန်းမသိ အိပ်မငိုက်ဘဲ. မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်နေသည်။

ကောင်လေးတွေက ထူးအယ်လင်းရဲ့ တယောလက်သံနှင့် သီချင်းကို တယောမပါဘဲ အားပါးတရ အော်ဟစ်ပြီး ဆိုနေကြသည်။

တစ်ဝက်လောက်ရောက်တော့ ရပ်သွားပြီး သီချင်းပြောင်း ဆိုပြန်၏။

ဒီတစ်ခါက ရင်ဝိုရဲ့သား ဟန်ထူးလွင်သီချင်း။

နားလည်ပါဆိုတဲ့ သီချင်း။

အဲဒါကိုလည်း ပြီးအောင်မဆိုကြပြန်။

အမြည်းလောက်အော်ဆိုပြီး ရပ်သွားပြန်၏။

နောက်တစ်ပုဒ်ကို ဂစ်တာစတင်တီးခတ်လိုက်တာနှင့် သံစဉ် ရင်ခုန်သွားသည်။

ဒီတေးသွားလေးက ရိုးသားပြီး ချစ်စရာကောင်းသည်။

"မယ်တင်"သီချင်းလေ။ သံစဉ်ကြိုက်တဲ့သီချင်း။

အရင်လိုပါပဲ ဖုန်တွေကြားထဲ ×××

ယိုင်တိုင်တိုင် လှည်းကြီးမောင်းရင်းနဲ့ ×××

တိတ်ဆိတ်သောညမှာ သီချင်းသံက တစ်မျိုးတစ်ဖုံလေး လွမ်းမောဖွယ်ကောင်းနေသည်။





အိမ်ပေါ်မှာလည်း ငါခေါ်တင်ထားတဲ့ ×××

ပိန်ညှောင်ညှောင် ခွေးတစ်ကောင်ရောက်နေတယ် ×××

ထိုအပိုဒ်မှာ သံစဉ် ပြုံးမိသည်။

ဖုန်တင်နေတဲ့ ကျောက်ပြင်ကြီးက လွမ်းတယ်×××

ယောင်ချာချာနဲ့ ဝက်မကြီးလည်း လွမ်းတယ် ×××

မယ်တင်…ငါ နင့်ကို လွမ်းပါရဲ့ ××××

သံစဉ်သည် တဖြည်းဖြည်းနှင့် သီချင်းသံထဲ အာရုံမရှိတော့ဘဲ အတိတ်က ရက်စွဲလေးများဆီ ပြန်ပြောင်းသတိရသွားသည်။

ဒီသီချင်းနဲ့ မဆိုင်လှသော်လည်း ရွှေသံစဉ်လည်း ကိုယ်နေခဲ့တဲ့ အညာမြို့လေးကို မြင်ယောင်သည်။

သီချင်းနားထောင်မိရင်း ရုတ်ခြည်း အိမ်ကိုလွမ်းကာ မျက်ရည်တောင် လည်လာရသည်။ အမေ့ကိုလည်း လွမ်းသည်။

အမေ့နာမည်က ဒေါ်မယ်ပ။ ဒီတော့ မယ်တင်သီချင်းကြားတော့ အမေ့မျက်နှာ မြင်ယောင်သည်။

ရွှေသံစဉ်မှားပါတယ် အမေရယ်…

အမေ့စေတနာကို သံစဉ် လက်မခံနိုင်ပေမယ့် ဒီလိုတော့ ရှုံသနာမရှာသင့်ဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသံစဉ်က သူ့ကိုယ်သူ သုံးသပ်ရင်း နောင်တရချင်ပြီ။

အမှန်တကယ်ဆို ကိုထက်ကျော်ကြီးကို ငြင်းဆန်ရင်တောင် လိမ္မာပါးနပ်စွာ ငြင်းသင့်တာပေါ့။

အခုတော့ သံစဉ်လည်း ရန်ကုန်မှာ ပွဲစားလုပ်နေသူဆိုတော့ လူတွေ အကြောင်းလည်း ပိုသိလာပြီ၊ ပြောချင်တဲ့စကားတစ်ခွန်းကို ချင့်ချင့်ချိန်ချိန်နှင့် လှည့်ပတ်သွယ်ဝိုက်ပြောရတာတွေ သိမြင်မယ့်လည်း မပြောဘဲ မြိုထားရတာတွေ၊ ဟန်ဆောင်မျက်နှာနှင့် ရှိတာထက်ပိုပြီး ဟန်လုပ်ပြောရတာတွေ သိသိကြီးနှင့် ဖွင့်ပြောလို့ မရတာတွေ၊ အငြင်းစကားကိုပဲ လှလှပပ တန်ဆာဆင်ပြီး ကြားကောင်းအောင် တွေ့ဆိုရတာတွေ အမျိုးမျိုးအောင် ကြုံတွေ့လာတော့ အမေ့ကို တစ်ခွန်းမခံဘဲ ပြန်ရန်တွေ့ခဲ့တာ မှားမှန်းသိလာသည်။

စိတ်ထဲကတော့ ကန်တော့ပြီး တောင်းပန်တာပဲ။

ဒါပေမဲ့ အပြင်မှာ ဝန်ချတောင်းပန်ဖို့ ရှိသေးသည်။

ဒီလောက်ဆို ကိုထက်ကျော်ကြီးကို သံစဉ် ခါးခါးသီးသီး မနှစ်သက်နိုင်ဘူးဆိုတာလည်း အမေတို့သိရောပေါ့။

ထိုကိစ္စကိုတော့ အခုပြန်စဉ်းစားလည်း အခုလက်မခံနိုင်တာအမှန်။

သူ့ဘာသာ ဆယ်ဘီးကား လေးစီးရှိရုံမက လေယာဉ်ရှိ





ဆယ်စီးပိုင်ပိုင်ပေါ့။

သံစဉ်ကိုများ ငွေနှင့်ပေါက်ပြီး သိမ်းပိုက်လို့ရမည်ထင်နေသည်။

အမေတို့က ရိုးသားအေးဆေးပြီး သဘောကောင်းမှန်းသိတော့ သံစဉ်ကို ဘာမှမပြောဘဲ အမေ့ဆီ အပူကပ်တာကြည့်လေ။

ရုပ်ကဖြင့် စီးပွားပဲဓောက်ပိုပြီး ဆံပင်တောင် သေချာမဖြီးတဲ့သူ။ သူ့ပွဲရုံတွေ၊ သူ့ကုန်ကားတွေကိစ္စ ရှိလာလျှင် နေပူစပ်ခါးမရှောင် စွပ်ကျယ်တစ်ထည်နှင့် သွားလာပြေးလွှားနေတတ်တာကြောင့် သူ့ချွေးပါမှာ ကျိန်ပြောရမည့်ရုပ်။

ဘယ်လောက်များလဲဆိုရင် သူကိုင်တဲ့ဟင်းနံ့ဖုန်းတောင် ညစ်ပေနေတတ်သည်။ လက်မှာ ချွေးစေးတွေနှင့် ဖုန်းကိုပင် ပစ်စလက်ခတ်ကိုင်လွန်းလို့ သူ့ဟင်းဆက်က စေးကပ်ကပ် မဲတူးတူးနှင့် အရောင်ပါလွင့်နေသည်။

ဒါကိုလည်း ကပ်စေးနဲပြီး ဟင်းနံ့ဆက်လဲမကိုင်ပေ။ အဝတ်အစားလည်း တောက်ပြောင်အောင် ဘယ်တော့မှမဝတ်။ ကြည့်လိုက်လျှင် ဖြစ်သလို ပုဆိုးတမမနှင့် အရေးတကြီး သွားနေတတ်သည်။

သူပိုင်ကားကောင်းကောင်းစီးဖို့ထက် ကုန်တင်ဖို့ ဆယ်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ကားတွေသာ တစ်စီးပြီးတစ်စီး ဝယ်ဖို့ အားထုတ်သည်။

ဒီလိုလူကြီးကို သံစဥ်က ယူရဦးမလား။

မဖြစ်နိုင်။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။

သူပဲ မှန်းတတ်လွန်းသည်။ သူနှင့် ရွှေသံစဥ်ဟာ ဘယ်နေရာမှာများ တူညီနီးစပ်လို့လဲ။ ရုပ်ရည်၊ အတွေးအခေါ်၊ အယူအဆ၊ ပညာ၊ စိတ်ဓာတ်၊ အကျင့်စရိုက်၊ ဘာမှမတူဘဲနှင့် အသက်ချင်းလည်းကွာသည်။

ဒါကိုပဲ အမေတို့က ရိုးသားတယ်၊ သဘောကောင်းတယ်၊ ပိုက်ဆံချမ်းသာတယ်ဆိုပြီး ရွှေသံစဥ်နှင့် သဘောတူကြသည်။

သူကပဲ ပိုင်စိုးပိုင်နင်း အမေ့ဆီမှာ ရွှေတွေ၊ ငွေတွေ အများကြီးနှင့် သံစဥ်ကို တင်တောင်းမည်ဟု ဆိုချေသေး၏။

သူနှင့်သံစဥ်ကဖြင့် မျက်နှာကြောလည်း တည့်တာမဟုတ်။ ခင်တာ အရေးပေးတာလည်း မရှိဘဲနှင့်။

အဲလို ဖိအားပေးတာကိုပဲ သံစဥ်ကလည်း အမြင်ကပ်တာ။ သူက မိန်းမလှလှလေးတစ်ယောက်ကို ပစ္စည်းတစ်ခုလို သဘောထားပြီး ကြေးမြင့်မြင့်ပေး ဝယ်ယူချင်တာ။

ရွှေသံစဥ်က သူချမ်းသာတာတွေ၊ သူပိုင်ဆိုင်မှုတွေကို မက်မောမည်ဟု ထင်နေသည်။ သူကသာ ကမ်းလှမ်းလျှင် ဝမ်းသာ





အားရ ခေါင်းညိတ်မှာပဲဟု သူကိုယ်သူ အထင်ကြီးတဲ့တွက်ကိန်း။

ဒါပေမဲ့ သူ့တွက်ကိန်းဟာ အမေတို့အတွက်ကျ မမှား။

"သူဌေးသမီးကနေ သူဌေးကတော်ဘဝကိုပဲ ခုန်တက်စေချင်ပါကွယ်၊ ဒါသမီးလေး ကံကောင်းဖို့အတွက် ပေါ်လာတဲ့ အခွင့်အရေးပဲ၊ သံစဥ် စိတ်ကူးမလွဲနဲ့၊ ညည်းရှာလည်း မောင်ထက်ကျော်ထက် ကောင်းတဲ့လူတွေ့ဖို့ မလွယ်ဘူးနော်၊ လင်ကောင်းမှ တစ်သက်လုံးစံရမှာ၊ မိန်းကလေးဆိုတာ အချိန်အရွယ်ရှိတုန်း ကိုယ့်ကိုလည်း မြတ်မြတ်နိုးနိုး တောင်းရမ်းလက်ထပ်မယ့်သူရှိတုန်း ဆုံးဖြတ်ရတာ၊ ဒါမှ ဘဝမှာ ပြည့်စုံစိတ်ချမ်းသာမှာ။ မောင်ထက်ကျော်နဲ့ဆို အမေတို့လည်း စိတ်ချရပြီ၊ နောက်ပိုင်းဆို အဘိုးကြီး အဘွားကြီး တရားအားထုတ်မယ်ဆိုလည်း နောက်ဆံတင်းစရာမရှိတော့ဘူး၊ ဘယ့်နှယ်လည်း အဖေကြီး"

အမေက ထိုသို့ တက်တက်ကြွကြွ စီစဥ်ပေးချင်တာ။

အဖေ့ကိုပါ တိုင်ပင်ညှိနှိုင်းနေသည်။

အဖေက ဘာမှမပြော။ အမေ့သဘောပါ။ အမေသဘောတူရင် ရပြီလေ။

တစ်သက်လုံးလည်း အဖေက အမေ့သဘောအတိုင်းနေလာခဲ့တာပဲ။ မိဘနှစ်ပါးက စိတ်တူကိုယ်တူ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဗျာယာခတ်အောင် ငြင်းပယ်ရသူက ရွှေသံစဉ်။

ဆွေမျိုးတွေကလည်း ကိုထက်ကျော်နှင့် အကုန်သဘောတူသည်။

ရွှေသံစဉ်မှာ ထောက်ခံမဲဆိုလို့ ဘယ်သူမှမရှိပါ။

ထို့ကြောင့် သံစဉ်က အမေနှင့်ရန်ဖြစ်ကာ မုံရွာကနေ ခွတ်ထွက်လာရတာဖြစ်သည်။

အခုတော့ အမေက သံစဉ် စိတ်မချမ်းသာရင် ဘာမှမလုပ်ပါဘူး၊ မစီစဉ်တော့ပါဘူးဟု ကတိပေးသည်။

ပြတ်သားမာကြောလှတဲ့ သမီးဖြစ်သူရဲ့စိတ်ကို နားလည်သွားတာလည်း ဖြစ်နိုင်ပါသည်။

ရွှေသံစဉ်ကလည်း စိတ်ကြီးသည်။ ဒါဆိုဒါ၊ မကြိုက်ဘူးဆို မကြိုက်ဘူး။ ရှင်းရှင်းသမားဖြစ်သည်။

အမေ…အခုလေ သံစဉ်ကြိုက်တဲ့သူ တွေ့ပါပြီ။ ဒါပေမဲ့ မျက်နှာငယ်ငယ်နဲ့ ကိုယ့်ဘဝကိုယ် ကျောင်းနေရတဲ့သမီးကို သူမိဘက သဘောတူမယ် မထင်ဘူးအမေ။

သူကိုယ်တိုင်ကလည်း သမီးထက်သာတဲ့ ကြယ်စင်လင်းလက်ကို ပိုဦးစားပေးမှာပါ။ သံစဉ် သိပါတယ်။

အချစ်ရေးမှာ အားငယ်စရာ၊ စိတ်တိုင်းမကျစရာ ကြုံလာတော့ သံစဉ် အမေ့မျက်နှာ ပြေးမြင်မိတော့သည်။





အမေ့ကို စိတ်ဆင်းရဲအောင်ပြုမိခဲ့လို့လား။

မနက်ကျရင် မုံရွာကို ဖုန်းဆက်မည်။

ရွှေသံစဉ်ကို ခွင့်လွှတ်ပါအမေ။

ဘာပဲဖြစ်ဖြစ် သူမတောင်းပန်လိုက်မည်။

အမေက ပြန်ခဲ့ပါဆိုရင်လည်း တစ်ခါတစ်ခေါက် ပြန်သွားလိုက်မည်။

ပါးပြင်ပေါ် မျက်ရည်တို့ စီးစွတ်လာရင်း တစ်ချိန်လုံး တင်းထားသောစိတ်တို့ကို သံစဉ် လျှော့ချလိုက်တော့၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ပိုးမိုး ◈ တေဃ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြီးကြီး ရန်ကုန်သွားကြတယ်၊ ဟုတ်လား"

ရွှေသံစဉ်က မယုံနိုင်စွာ ပြန်မေးမိသည်။

အမေရော အဖေရောဟာ သူတို့မြို့လေးကို စွန့်ခွာပြီး ဘယ်မှသွားကြလာကြတာမဟုတ်။

ဘုရားဖူးခရီးကလွဲလျှင် ဘယ်သူမှမထွက်ကြပါ။

အခုတော့ ရန်ကုန်ဆင်းလာသတဲ့။

"ညည်းကမိုက်တာကိုး ရွှေစင်ရဲ့၊ ညည်းအမေခမျာ သူ့သမီးကိုလွမ်းပြီး ပိန်တောင်ပိန်သွားပြီ၊ ညည်းကို ပြန်လာဖို့ပဲ တမျှော်မျှော်နဲ့လေ၊ အခုနောက်ဆုံးတော့ သူကိုယ်တိုင်လိုက်ခေါ်တာပဲ၊ ပြောလို့လည်းမရပါဘူးအေ"

ကြီးကြီးက စိတ်ပျက်လက်ပျက် ပြောသည်။

သူမကိုလည်း သူတို့က ရွှေသံစဉ်လို့မခေါ်၊ ရွှေစင်ဟုသာ လွယ်လွယ်ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးအိုင်ရဲ့ အညာလေသံလေးကို ဖုန်းထဲကကြားရတော့ ရွှေသံစဉ်စိတ်တွေ ပိုလှုပ်ရှားသွားရသည်။

အမေ ဒီကိုလာနေပြီတဲ့။

သူမဖုန်းဆက်တာက နောက်တောင်ကျနေသေးသည်။

ဒါကြောင့်များ ညက အမေ့ကိုသတိရပြီး အိပ်မပျော်တာဖြစ်မည်။ သားအမိချင်းဆိုတော့လည်း ဘယ်လောက်ပဲ မာနတွေထားထား စိတ်ချင်းက အလိုလိုဆက်သွယ်နေကြသည်ထင်ပါရဲ့။

မွေးကတည်းက ချက်ကြိုးလေးတစ်ချောင်းနှင့် အမှန်တကယ် ဆက်သွယ်ထားကြသူတွေပဲ။

တစ်နေ့ရာသီ ဝေးကွာနေပေမဲ့ နှလုံးသားတွေကတော့ နီးကပ်နေမှာပဲပေါ့။

ထိုတစ်နေ့လုံး ရွှေသံစဉ် ဘယ်မှမသွားဘဲ အမေတို့ကို ကြိုဆိုဖို့သာ ပြင်ဆင်နေမိသည်။

အမေတို့က ရန်ကုန်ကို သိပ်ကျွမ်းတာမဟုတ်။

အောင်မင်္ဂလာအဝေးပြေးဂိတ်မှာ သွားကြိုမှဖြစ်မည်။ ပျော်ရွှင်တက်ကြွစွာ ရွှေသံစဉ် ရင်တွေခုန်နေသည်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်နှင့် သံစဉ်ကလည်း အင်မတန် ရေစက်ဆုံပါသည်။ သူမလှေကားပေါ်ကအဆင်း ကတ္တရာလမ်းပေါ် ခြေအချမှာဘဲ မပြောမဆို ရောက်လာသော မိုးမာန်ရဲ့ကားလေးကလည်း သူမတို့ တိုက်အောက်ခြေမှာ တုံ့ခနဲရပ်သွားပါသည်။

မချိန်းထားဘဲနှင့် ကွက်တိလာဆုံတာဖြစ်သည်။

"ဟိတ်…ရွှေသံစဉ်"

"ဟင်"

ကားထဲကနေ ခေါင်းထုတ်နှုတ်ဆက်လိုက်သဖြင့် သံစဉ်က မျက်လုံးလေးပိုင်းသွားရသည်။

"ဒါကဘယ်လဲ ပွဲစားမမ"

"အောင်မင်္ဂလာကို"

"ဘာလုပ်ဖို့လဲ"

"အမေတို့ကို သွားကြိုမလို့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေဟုတ်လား"

"အေး…အမေရော အမေ့ဘော မုံရွာကနေလာမှာ"

"ဟ…ဒါဆိုတက်လေ၊ ငါကြိုပေးမှာပေါ့၊ နင်ကကွား ရင် ပိုက်ဆံကုန်မှာနော်၊ စဉ်းစားဦး"

သူက သံစဉ်ကို စ,နေသေး၏။

"မိုးမာန် အချိန်ရလို့လား၊ မုံရွာကားဝင်တာကို စောင့်ချင် စောင့်ရမှာနော်"

"အချိန်အတိအကျမသိဘူးလား"

"ခန့်မှန်းထားတာပဲ"

"ရပါတယ်၊ စောင့်ပေးမှာပေါ့"

မိုးဟန်က သဘောကောင်းကောင်းနှင့် ကူညီချင်နေတာမို့ သံစဉ် တိတ်တခိုး ကျေနပ်မိသည်။

သူမထင်သလောက်တော့လည်း အခြေအနေက မဆိုးပါ။ မိုးမာန်က သူမအပေါ် သံယောဇဉ်ရှိသည်ပဲ။

မရည်ရွယ်ထားပါပဲ အမေတို့ကို မိုးမာန်နှင့်အတူတူ ကြိုရ သည်။

"အမေ"

သူမခေါ်သံကြားတော့ အမေက မယုံနိုင်သလို ဖြစ်နေ၏





"ကြီးကြီးပြောလို့ သံစဉ် လာကြိုတာ"

"သမီးရယ်"

ပါတိတ်လုံချည် အဝါဖျော့ဖျော့နှင့် အနွေးအင်္ကျီခွယ်တာ အဖြူကို ဝတ်ထားသော အမေက အရင်ကနှင့် ဘာမှမဆိုင်အောင် ပိန်သွား၏။

ဒေါ်မယ်ပက လူတွေအများကြီးရှေ့မှာပင် ဟန်မဆောင် နိုင်ဘဲ သမီးဖြစ်သူကို ကျုံးဖက်၏။ ဝမ်းသာအားရနှင့် မျက်ရည်ကျ ကျသည်။

သံစဉ့်ပါးကို အမေ ဖွဖွနမ်း၏။

"အမေကလည်း ဟိုမှာ သူများတွေကြည့်နေပြီ"

"အိုအေ…ကြည့်ကြည့်ပေါ့"

သူတို့မိသားစု ဝမ်းသာအားရဆုံကြတာကို မိုးမာန်က နံဘေးက လက်ပိုက်ရပ်လို့ ကြည့်ရှုနေသည်။

"သမီးသူငယ်ချင်းတားနဲ့ လာကြိုတာကလေ၊ သူက ကိုမိုးမာန်"

"ဟုတ်လား…အေးကွယ်၊ အမေ့သမီးမှာ ဒီလိုသူငယ် ချင်းမျိုးရှိတာ ဝမ်းသာပါတယ်၊ မုံရွာကိုလည်း လာလည်လေ"

ရွှေသံစဉ်ရဲ့အမေနှင့် အဖေမှာ အဖေဖြစ်သူက စကားနည်း

www.burmeseclassic.com



ပြီး အေးဆေးပဲနေတတ်သူသည်။ အမေဖြစ်သူကတော့ သွက်သွက်
လက်နှင့် စကားသံလည်း ကျယ်သည်။ လက်စသတ်
ရွှေသံစဉ်က သူ့အမေနှင့်တူတာပဲ။

အရပ်မြင့်တာကတော့ သူမရဲ့အဖေနှင့်တူတာ။ အိတ်
ပစ္စည်းတွေတင်ပြီး အောင်မင်္ဂလာက ထွက်လာတဲ့အထိ သား
နှစ်ယောက်သား လက်ချင်းဆုပ်ကာ စကားအဆက်မပြတ်

အမေက ရွှေသံစဉ်ကို လွမ်းလို့လိုက်လာတာဟု ဝ

"ဒူးတွေနာတာကြာလှပြီ…ရန်ကုန်မှာ သမား
ကောင်းကောင်းနဲ့ ပြကြည့်ရမယ်၊ ဆေးမြီးတိုနဲ့ မသက်သာတ
ရဲ့၊ ညည်းအဖေလည်း ညညဆို ချောင်းတအားဆိုးတာပဲ၊ အဲ
လည်း ဓါတ်မှန်ရိုက်ကြည့်ရအောင်ဆိုပြီး အမေတို့နှစ်ယော
ရန်ကုန်ဆင်းလာတာလေ"

ဟု အကြောင်းပြပါသည်။

"ကျွန်တော် ဆရာဝန်ကောင်းကောင်း စုံစမ်းပေး
ဘာမှမပူနဲ့အဒေါ်"

မိုးမာန်က ဘာမှန်းမသိဘဲ တကယ်ပဲ ဆရာဝန်နှင့် စစ်
ကြည့်ဖို့ဟု ထင်နေသည်။

သို့ပေမဲ့ ရန်ကုန်ရောက်တုန်း (Medical Check





ဒီကယ်ချက်စ်အပ် လုပ်သွားတာလည်း မမှားပါဘူးဟု ရွှေသံစဉ်
တွေးသည်။

တကယ်တော့ ဒူးဆစ်နာတတ်တာကလွဲလျှင် အမေက
မာရေး ခေါင်ခေါင်မြည်သူပါ။

အဖေလည်း တစ်ခါတလေ ချောင်းဆိုးတာကလွဲလျှင်
တာနာတာ သိပ်မရှိပါ။

အိမ်ရောက်တော့ ပြဿနာတစ်ခုက လှေကားအထပ်မြင့်
ပြီး တက်ဖို့ကိစ္စပင်။

အမေ အဲလောက်အမြင့်ကြီးကို ဒီတိုင်းမတက်နိုင်။
ခေါင်းက မိုရောင်လာလိမ့်မည်။

ရွှေသံစဉ်ကလည်း ငှားရမ်းထားတဲ့ အထပ်မြင့်ခြောက်လွှာ
ထိ မခေါ်ချင်တာအမှန်ပါ။

"အမေရေ…ဒီလိုလုပ်ပါလား၊ နီးနီးနားနား ရှင်စောပု
ဆိုတယ်မှာတည်းလိုက်၊ သမီးနဲ့လည်းနီးတယ်၊ အမေတို့လည်း
အေးအေးဆေးဆေးနေရတာပေါ့"

မိုးမာန်က သူမကိုကြည့်နေသည်။

ပြောတော့ ဝိုက်ဆံမရှိဘူးဆိုပြီး သူ့မိဘတွေလာတော့
ဆိုတယ်ကို ပို့ခိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ရွှေသံစဉ်က လှိုထားတာပါ။ သူမရဲ့မိဘတွေက ပိုက်ဆံတစ်နိုင်ပုံရပါသည်။

ဒီလိုနှင့် ဟိုတယ်ရှင်စောပုမှာ တည်းဖို့ စီစဉ်ပေးလိုက်၏။ ကားကိုတော့ မိုးမာန်ကားပဲ သုံးနေသည်။

မိုးမာန်ကလည်း ခုတလော ရွှေသံစဉ်ဆီ နေ့တိုင်းလိုလို ရောက်သည်။

အဖေနှင့်အမေကို ရွှေတိဂုံပို့ပေးသည်။ နောက်ရက်တွေမှာလည်း ဘုရားစုံအောင် လိုက်ပို့ပေးသည်။

အမေက သဘောတွေကျကာ ပီတိတဝေဝေဖြင့် မိုးမာန်ကို ကျေးဇူးတင်စကားမဆုံးပေ။

တရင်းတနှီးဖြင့် သံစဉ်အကြောင်းတွေလည်း လျှောက်ပြောပြသည်။

ယောက်ျားပေးစားဖို့ စီစဉ်လို့ သံစဉ်ကစိတ်ဆိုးပြီး ရန်ကုန်ထွက်လာတယ်ဆိုတာ မိုးမာန် သိသွားတော့၏။

သူမ ဖုံးကွယ်လျှို့ဝှက်ထားတဲ့ ကိစ္စမှန်သမျှ အမေနှင့်ခင်တော့ အကုန်ပေါ်ကုန်ရပါသည်။

မိုးမာန်က စိုးရိမ်မကင်းဖြစ်ရပုံနှင့် သူမကို တိုးတိုးကြိတ်မေးသည်။





"သံစဉ်"

"ဟင်"

"အဲဒီကိစ္စအတွက် နင့်ကိုလာခေါ်တာလား၊ နင်က လက်ခံလိုက်လို့လား"

"သြော်…မယူချင်လို့ ရှောင်ပြေးလာပါတယ်ဆိုမှ"

"ဒါပေမဲ့ အဒေါ်က သဘောတူနေတာ သံစဉ်ဘယ်လိုလုပ်မလဲ"

"အမေ လက်လျှော့သွားပါပြီဟယ်"

"တကယ်လားသံစဉ်ရာ၊ ဟုတ်ရော ဟုတ်ရဲ့လား၊ နင်မညာနဲ့နော်"

အရေးထဲ သူက ပူပန်နေပါသေး၏။

သံစဉ် ခပ်တိုးတိုးသာ ရယ်မိတော့သည်။

"အရင်တုန်းကတောင် သံစဉ်က ချစ်သူမရှိသေးဘဲ ကိုထက်ကျော်ကို ခေါင်းခါခဲ့သေးတာ အခုလို ရင်ထဲမှာ ချစ်ရတဲ့သူတစ်ယောက် ရှိလာချိန်မှာ ဟိုလူကို ငါ ခေါင်းညိတ်နိုင်ပါ့မလား မိုးမာန်ရယ်၊ စဉ်းစားကြည့်ပါလား"

သူမ ဘယ်လိုပြောပြော မိုးမာန်က စိတ်မအေးပါ။

မတော်တဆ လက်လွှတ်ဆုံးရှုံးရတော့မှာလားဟု သူ ရှုး



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားလာသည်။

တကယ်တမ်း ရွှေသံစဉ်နှင့် သူ အဝေးမခံနိုင်ပါ။

နေ့စဉ်မြင်နေရတာတောင် အိမ်ရောက်ရင် ခဏခဏ သတိရသေးတာ။

မိုရှာသာ ပြန်သွားရင်…။

"သံစဉ်…နှင့်အခန်းက နှစ်ချုပ်ဘယ်တော့ပြည့်မှာလဲ"

"တစ်လပိုင်းမှပါ၊ ဘာလို့လဲ"

"ဒါဆို နင်မပြန်သေးဘူးမို့လား"

"အဲလိုတော့ ဘယ်ဟုတ်မလဲ၊ နှစ်ချုပ်က မပြည့်သေးပေမဲ့ အမေတို့ပြန်ရင် သံစဉ်လည်း ပြန်ရမှာပေါ့"

မိုးမာန်မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ပြန်သွားရင် ဘယ်လောက်ကြာမှာလဲ"

"ဒီအခန်းကိုအပ်ပြီး သံစဉ် အပြီးပြန်ရမှာမိုးမာန်ရဲ့၊ ငါ ပွဲစားလုပ်နေတာ အမေတို့က သိတာမဟုတ်ဘူး၊ သိရင် စိတ်ဆင်းရဲမှာ၊ နင်လျှောက်မပြောနဲ့နော်"

မိုးမာန်သည် စကားပင် မတုံ့ပြန်နိုင်အောင် ရင်ထဲလစ်ဟာ ဆို့နင့်သွားရသည်။

သူ သံစဉ်နှင့် မခွဲနိုင်ပါ။





မိုရှာပြန်ဖို့ စကားစတာနှင့် သူရင်ထဲ ကြေကွဲနေရပြီ။

နီးနီးကပ်ကပ်ရှိနေစဉ်တုန်းက သူချစ်လား မချစ်လား မသေချာပေမဲ့ အခုပြန်တော့မည်ဆိုမှ မခွဲနိုင်အောင် ချစ်နေမိပြီဆို တာ သူ့ကိုယ်သူသိလာရသည်။

"နင်မပြန်နဲ့ကွာ"

"အို…ဘယ်ဖြစ်မလဲ"

လမ်းထဲ ကားချိုးကွေ့ဖို့ အချက်ပြပြီးမှ မိုးမာန်က ကားကို ရပ်ပြီး လမ်းကြောပြောင်းဖို့ ပြင်၏။

"ဘယ်သွားမလို့လဲဟင်"

"အေးအေးဆေးဆေးရှိမယ့် တစ်နေရာရာပေါ့"

မိုးမာန်က ဆုံးဖြတ်ချက် ချလိုက်သလိုဆို၏။

ပြီးတော့ ကန်တော်ကြီးဖက်သို့ ကားကို မောင်းချလာ သည်။

ရွှေသံစဉ်မှာ စိတ်တွေရှုပ်ထွေးစွာနှင့်ပဲ ရင်ခုန်သံတွေ ဆန်လာရ၏။

သူ့မျက်နှာမှာ ပြတ်သားတဲ့ သေချာမှုတစ်ခုကို တွေ့နေရ ပြီ။

ရွှေသံစဉ် ထင်နေသလိုပင် ကန်တော်ကြီးရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လူရှင်းရာသစ်ပင်ရိပ်မှာ ကားရပ်ပြီးတာနှင့် သံစဉ့်ဖက်သို့ အရေးတကြီး လှည့်လာသည်။

ကိုယ့်ကိုယ်ကို အင်မတန် တည်ငြိမ်ရင့်ကျက်လှပြီထင်သော ရွှေသံစဉ်ဟာ သူ့အမူအရာနှင့်ပင် ရင်တွေဖိုကာ လှုပ်ရှားတုန်ရီလာရသည်။

"သံစဉ်"

"......"

"နင့်ကိုချစ်တယ်"

ထွက်သက်ခွေးခွေးက သံစဉ့်ပါးပြင်လေးဆီ ရောက်လာကာ တိုးဖွဖွပြောလိုက်သံက ဟိုးအဝေးကြီးက လာသလို ဆန်းကြယ်နေပြီး နှလုံးသားဆီမှာ ပဲ့တင်ထပ်သွားသည်။

"နင့်ကိုချစ်တယ်၊ ငါတို့လက်ထပ်ရအောင်"

ရွှေသံစဉ်ရဲ့ တစ်ကိုယ်လုံးရှိ သွေးများ လျှင်မြန်စွာ လှည့်ပတ်စီးဆင်းသွားကြသလို လှိုက်ခနဲ နွေးသွားရ၏။

မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ ချစ်စကား။

ရှက်အမ်းအမ်းနှင့် မျက်နှာလေးကို ဘယ်မှာဝှက်ရမလဲ မသိတော့ပါ။

"သံစဉ် ကိုယ်ပြောတာ ကြားရဲ့လား၊ မတုန်မလှုပ်နဲ့ကွာ"





ရင်ထဲမှာ တုန်လှုပ်နေတာ သူကမသိတော့ စိတ်မရှည်လှသလို သံစဉ် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ ဆွဲလှည့်လိုက်သည်။

"တကယ်လား မိုးမာန်၊ သံစဉ့်ကို တကယ်ချစ်တာလား"

"တကယ်မဟုတ်လို့ နောက်ရမှာလား"

"ကြယ်စင့်ကိုရော မိုးမာန်ချစ်လား"

"ဟာ...မဆီမဆိုင် ကြယ်စင်ကို ဘာလို့ဆွဲထည့်တာလဲ"

"မိုးမာန်အမေက ကြယ်စင်နဲ့မှ သဘောတူမှာဆို"

"ဟာကွာ...အဓိပ္ပါယ်မရှိတာ၊ အဲဒါတွေမပြောနဲ့ သံစဉ်ကိုယ့်ကိုချစ်လား၊ ဒါပဲဖြေကွာ"

မိုးမာန်က မချင့်မရဲနှင့် သူမကိုယ်လေးကို သူ့ဖက်ဆွဲယူရင်း မေးသည်။

"ဟင့်အင်း...သံစဉ်ချစ်လည်း မိုးမာန်တို့အိမ်က သဘောတူမှာမှမဟုတ်တာ"

"အဲဒါတွေ တစ်ပိုင်းစဉ်းစားမယ်၊ သံစဉ်ချစ်ရင် ကျေနပ်ပြီ၊ ပြော"

သံစဉ်က နှုတ်ကမဖြေ။ သူ့ကို မျက်စောင်းလေးသာ ရွယ်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ လူကဖြင့် သူ့ရင်ခွင်ထဲ ရောက်တော့မယ်။

ဆုပ်ကိုင်ထားတဲ့ ပန်းကိုလည်း မလွှတ်ဘဲနှင့်။

ရွှေသံစဉ်ရဲ့ နှလုံးသားအစုံက သူ့အကြောင်းနာတွေကို တိတ်ဘိုး တောင့်တနေမိလို့လား။ အပေါ်လိုကဘယ်လို နှစ်ယောက်သား နီးနီးကပ်ကပ် ဖက်ထားမိလိုက်မှန်း မသိတော့။

သံစဉ်သိတာက မိုးမာန်နှုတ်ခမ်းတွေ သူမမျက်နှာအနှံ့ ကျရောက်လာတာကိုပင်။

နူးညံ့ယစ်မူးဖွယ်သော အနမ်းလေးတွေမှာ သံစဉ် မျက်လုံးလေး မှိတ်သွားရသည်။

ထာဝရတစ်သက်တာ ဒီလိုလေးပဲ နေချင်တော့တာပါပဲ။

သူ့ရင်ခွင်ဟာ ရွှေသံစဉ် မသိသော ညှို့ကမ္ဘာလေးတစ်ခုပါပဲ။ မြွေတစ်ကောင်လို သူမခန္ဓာကိုယ်လေးကို ရစ်ပတ်နှောင်ဖွဲ့ထားသည်။ အချစ်စက်ဝိုင်း ညှို့ကွင်းအနီးက သူမဘာယ်ကိုမှ ရှောင်မပြေးနိုင်တော့။

သူမတို့နှစ်ဦး နောက်ထပ်စကားလည်း မဆိုမိ။

မှုတ်သိပ်သော အယုအယတို့ဖြင့် သူ့ရင်ခွင်ထဲ ရွှေသံစဉ်ရဲ့ ကိုယ်လေးမှာ နစ်မြုပ်နေရပါတော့သည်။

ရင်ခွင်ထဲ မြုပ်နေအောင် တစ်အားဖက်ထားလည်း မိုးမာန်





စိတ်မချနိုင်သေးပါ။ စိတ်အေးလက်အေး မထားနိုင်ပါ။

ချစ်သူပူပူနွေးနွေးလေးကို သူ့အနားက ဘယ်မှမပေးမသွားစေချင်။ တနယ်တကျေးကို သူပို့ပြီးမလွှတ်နိုင်။

တခြားလူ ဝင်ဦးသွားမှာ စိုးရိမ်နေသည်။

"ချစ်တယ်သံစဉ်ရယ်…မောင်တို့မခွဲဘူးနော်၊ သံစဉ်တစ်ယောက်တည်း မုံရွာပြန်လိုက်သွားဖို့တော့ လုံးဝမစဉ်းစားနဲ့"

"အံမယ်…အမိန့်ပေးလှချည်လား ဆရာကြီးရဲ့၊ တစ်ယောက်တည်း မပြန်ရဘူးဆိုရင် ရှင်လိုက်ခဲ့ပေါ့၊ ဒါပဲရှိတယ်၊ အမေတို့ကတော့ သံစဉ့်ကို ဒီမှာထားခဲ့မှာ မဟုတ်ဘူး"

"ဟုတ်တယ်…မဖြစ်မနေ တစ်နေရာရာ သွားရမယ်ဆိုရင် မောင်ပါမှဖြစ်မယ်နော်"

ဘယ်တုန်းကစပြီး 'မောင်'ဖြစ်သွားသလဲ သံစဉ်မသိ။

ဒါပေမဲ့ မောင်ဆိုတော့လည်း မောင်ပေါ့။

သူကြိုက်တဲ့ အခေါ်အဝေါ်လေး ခေါ်ပေးမှာပါ။ သံစဉ်လည်း သူ့ကို အမြတ်တနိုး ချစ်နေရတာကိုး။

မေမေတို့ ပြုန်းစားကြီး ရောက်လာတာဟာ မိုးမာန်နှင့် ရွှေသံစဉ်တို့ မြန်မြန်ဆန်ဆန် ချစ်သူတွေ ဖြစ်သွားစေဖို့ အကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲက အားငယ်မဝံ့ရဲသော အလိုမကျ ဝန်တိုမှုမှ နေသော ခံစားချက်က ထိုအချိန်ကစလို့ ပျောက်သွားသည်။

ကြယ်စင်…

ငါ့ထက် အစစအရာရာသာတဲ့ နင့်ကိုမရွေးဘဲ ငါလို သာမန်မိန်းကလေးကို ရွေးတာဟာ သူ့နှလုံးသားထဲက အချစ်ကြောင့် ပေါ့နော်။

ငါပျော်လိုက်တာ ကြယ်စင်ရယ်။

ဘယ်လိုပျော်ရသလဲဆိုတာ ပြောမပြတတ်တော့ဘူး သိလား။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



မနေ့က မောင်မိုးဟန် လိုက်ပို့ပေးသဖြင့် ဦးစံကျော်နှင့် ဒေါ်မယ်ပတို့ လင်မယားသည် ဒဂုံစင်တာလည်း ပတ်ရသည်။ စီးတီးမတ်ခ်လည်း ရောက်သည်။ ညနေပိုင်း တိရစ္ဆာန်ရုံသို့လည်း လိုက်ပို့ပေးသည်။

နောက်ဆုံး ညဖက် မင်္ဂလာရုပ်ရှင်ရုံမှာ၊ ရုပ်ရှင်တစ်ပွဲဝင်ကြည့်လိုက်ရသေး။

ဒီတစ်ခေါက် ရန်ကုန်လာရတာ မယုံနိုင်လောက်အောင် ဟန်ကျနေသည်။

တော်တော့်ကို သိတတ်လိမ္မာတဲ့ ကောင်လေးမို့ သမီးလေး အရှာတော်တာကို အသံတိတ်ချီးမွမ်းမိသည်။

မောင်မိုးမာန်ကိုပဲ သားမက်တော်လိုက်ချင်သောစိတ်ဟာ စတိုင်ပင်ပါဘဲ အဘိုးကြီး အဘွားကြီးတို့မှာ ကိန်းအောင်းလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညတော့ သမီးဖြစ်သူကို ပွင့်ပွင့်လင်းလင်း ဖွင့်မေးဖို့ တွေးထားသည်။

သမီးနှင့် မောင်မိုးမာန်တို့ ဟိုတယ်ကိုရောက်လာခင် သူတို့ဇနီးမောင်နှံက ပြည်သူ့ရင်ပြင်ဖက် လမ်းလျှောက်ထွက်သည်။

လမ်းတွေလည်း အတော်မှတ်မိနေပြီ။

ဟိုတစ်ရက်က သွားတဲ့ စားသောက်ဆိုင်ကို သူတို့နှစ်ယောက်သား ဖြည်းဖြည်းလမ်းလျှောက်သွားကြ၏။

အဲဒီမှာ ခင်ဆမ်းစားရတာ အရသာတွေ့သည်။ ဖက်ထုပ်လည်း အသွားကြီးက ကြိုက်နေပြီလေ။

သူတို့စားပွဲမှာထိုင်ပြီး မှာယူစားသောက်နေတုန်း သေးက စားပွဲကို ရောက်ရှိလာသော မျက်မှန်ထူထူနှင့် လူတစ်ယောက်က ဦးစံကျော်ကို စေ့စေ့ကြည့်ပြီး…

"ဟေ့လူ…ခင်ဗျား စံကျော်"

"ဟာ…မိုးကြီး၊ သူစာရော မသူစာမပါဘူးလား"

"မင်းကွာ…ရုပ်ကြီးကို မနည်းဖမ်းကြည့်ရတယ်၊ အသားကလည်းမဲပါ့ကွာ"

"မဲတာမဟုတ်ဘူး၊ ညိုရောင်ပြေးတာ၊ ဟေ့…လာစမ်းပါ မင်းဒီမှာထိုင်ပါဦး၊ ဒါ ငါ့အမျိုးသမီးမယ်ပလေ"





"ဪ…ဟုတ်လား၊ သားသမီးဘယ်နှစ်ယောက်ရှိသလဲ"

"ငါ့မှာတော့ သားတစ်ယောက်ပဲဟေ့"

"ဟာ…ဟုတ်လား ငါ့မှာလည်း သမီးတစ်ယောက်ပဲရှိတာ၊ မင်းသားက အိမ်ထောင်ကျပြီလား"

"မကျသေးပါဘူး…မင်းသမီးကရော"

"ဟဲ…ဟဲ ဖြည်းဖြည်းမေးစမ်းပါကွာ"

ဒေါ်မယ်ပကတော့ အဘိုးကြီးနှစ်ယောက် ပြန်တွေ့တာနှင့် ဖက်လှဲတကင်းလုံးတွေးကာ သားရေးသမီးရေး တန်းပြောကြတာကို သိပ်စိတ်မဝင်စား။

ဘာကြောင့်လဲဆိုရင် မယ်ပရဲ့သမီးလေးမှာ မောင်မိုးမာန် ရှိနေပြီလေ။

တခြား ဘယ်သူ့ကိုရှာရဦးမှာလဲ။

ဦးမိုးကောင်းက သူတို့ကို ထမင်းစားဖိတ်သည်။ သမီးကိုပါ ခေါ်ခဲ့ဖို့ပြောသည်။

အရင်တုန်းက မန္တလေးမှာ ဦးစံကျော်၊ ဦးမိုးကောင်းနှင့် ဒေါ်သူစာတို့က အလွန်ချစ်ခင်သော ကျောင်းနေဖက်သူငယ်ချင်းတွေပါ။

အကြာကြီးကွဲကွာနေပြီး အခုလို သားသမီးတွေ အရွယ်

www.burmeseclassic.com



ရောက်မှ ပြန်တွေ့ကြတာ။

"သူ့စာသိရင် အရမ်းဝမ်းသာမှာ၊ မင်းအိမ်ကို ဆက်ဆက် လာနော်၊ မလာရင် ဟိုတယ်ကို ငါလာခဲ့မှာ ဒါပဲ"

"အေးပါကွာ…စိတ်ချပါ"

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…နင်တို့နှစ်ယောက် ဒါဘယ်ကပြန်လာတာလဲ"

ကြယ်စင်က သူတို့စုံတွဲ နီးနီးကပ်ကပ် ရှိနေတာကို တအံ့တဩ မျက်ခုံးပင့်ကာ မေးလိုက်သည်။

အခုတလော မတွေ့ကြတဲ့ရက် အနည်းငယ်မှာ ဒီနှစ်ယောက် ဘာတွေပြောင်းလဲပြီး အခြေအနေထူးနေသလဲ မသိပါ။ ပုံစံလေးတွေကြည့်ရတာ မရိုးလှပေ။

ကားထဲက အထုပ်ကြီးကလည်း ဘာတွေလဲ။

သေချာကြည့်လိုက်တော့ ပန်းနုရောင်ဖိတ်စာတွေ။

ကြယ်စင်က ခါးလေးကော့ပြီး သူတို့ရဲ့ကားထဲ စူးစမ်းကြည့်လိုက်သဖြင့် နှစ်ယောက်သား ရယ်လိုက်ကာ မိုးဟန်က…

"ကြည့်မနေနဲ့ ကြယ်စင်ရေ၊ အဲဒါ ဖိတ်စာတွေ"

"များလှချည်လား၊ ဘာဖိတ်စာလဲ"

မိုးမာန်က ခပ်ကြွားကြွားလေး ပြုံးလိုက်ရင်း…

---

ပိုးမိုး ◈ တာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဆောင်ဖိတ်စာလေ"

"ဘယ်သူတွေလဲ"

"ငါနဲ့ရွှေသံစဉ်"

"ဘုရားရေ…တကယ်"

ကြယ်စင်လင်းလတ်က လုံးဝမယုံသလို သူတို့ကမ်းပေးတာပင် မစောင့်ဘဲ ကားထဲက ဖိတ်စာကို ကမန်းကတန်း အတင်းနှိုက်ယူကြည့်ရှုလေသည်။

ဦးမိုးကောင်း၊ ဒေါ်သူစာလွင်တို့၏သား

မောင်မိုးမာန်နှင့်

မုံရွာမြို့နေ ဦးစံကျော်၊ ဒေါ်မယ်ပတို့၏သမီး

မရွှေသံစဉ်တို့ကို….

ကြယ်စင် ဆက်မဖတ်တော့ဘဲ မျက်လုံးအဝိုင်းသားနှင့် သူတို့ကို အထူးအဆန်းလို ကြည့်၏။

"နင်တို့ဟာ လုံးဝမကောင်းဘူး၊ ကြယ်စင်တောင် မသိဘူး၊ မြန်လိုက်တာ၊ ဒါက ဘယ်လိုဖြစ်ကြတာလဲ"

"တိုတိုနဲ့လိုရင်း ပြောရရင်တော့ ကြယ်စင်ရာ၊ သံစဉ့်မိဘတွေနဲ့ ငါ့မိဘတွေက ငယ်သူငယ်ချင်းတွေ ဖြစ်နေတယ်"

"ဟဲ့…လူကြီးတွေက သူငယ်ချင်းဖြစ်တာနဲ့ နင်တို့က





ယူရရောလား"

"ဒါကတော့ …ဟဲ…ဟဲ…ဟဲ"

"ဘာရယ်တာလဲ"

ကြယ်စင်လင်းလက်သည် ရုတ်တရက် အံ့အားသင့်ရတာနှင့်အတူ ဘာကြောင့်မှန်းမသိ ရန်လည်းလုပ်ချင်မိသည်။

သူတို့ ဘယ်အချိန်က ရည်းစားဖြစ်လိုက်မှန်းတောင် ကြယ်စင်မသိရဘူးလေ။ ကြိတ်ကြံစည်တဲ့နှစ်ယောက်။

ဟိုမိန်းမ ရွှေသံစဉ်ရဲ့ အပြုံးဟာ ကြည်နူးပီတိတွေနဲ့ သိပ်ကိုကျေနပ်နေတဲ့ အပြုံးမျိုး။

ကြယ်စင်လင်းသည် မထင်မှတ်သော တိုက်ကွက်တစ်ခုမှာ အလွန်ပင် အငိုက်မိထိရှသွားရသည်။

"သံစဉ်…နင်က ဘယ်လိုလုပ်လိုက်တာလဲ၊ ကြယ်စင့်ကိုတောင် နည်းနည်းပါးပါး မတိုင်ပင်ဘူး"

"သံစဉ်လည်း ဘယ်လိုပြောရမလဲ၊ ဒီအခြေအနေတွေဖြစ်လာတာ သံစဉ်လည်း မယုံနိုင်သလိုပဲ၊ ကြယ်စင်ရဲ့"

"ဒါပေမဲ့ မင်္ဂလာဆောင်ဖို့အတွက်ကတော့ အချိန်ယူသင့်တာပေါ့ဟယ်"

"အချိန်ယူလို့မရတော့ဘူးဟ၊ သံစဉ်အဖေက မုံရွာခေါ်သွား

www.burmeseclassic.com



ဖို့ အစီအစဉ်၊ ငါမှမခွဲနိုင်တော့တာ”

“အဲမယ်…အဖြစ်သည်းနေလိုက်တာ၊ အခုမှ”

“ဘာပဲဖြစ်ဖြစ် နင် အပျို့ရုံလုပ်ပေးလိုက်ပါ ကြယ်စင်ရ

နော်၊ သံစဉ်…အဲဒါကောင်းတယ်မဟုတ်လား”

“အင်း…ဟုတ်တယ်”

“ငါက သတို့သမီးအရံဆိုရင် သတို့သားအရံက ဘယ်

လဲ၊ ချောချောလေးမှရမှာနော်၊ ဒါမှ အရံချင်းလည်း လိုက်ဖက်မှာ”

“ဒါအတွက်မပူနဲ့၊ ငါစီစဉ်ပေးမယ်”

မိုးဟန်က ခပ်တည်တည်ဖြင့်…

“ဗိုလ်တောက်ရှိသားပဲ၊ ဗိုလ်တောက်ခေါ်ပြီး အကွက်

တောင်းမှာပေါ့၊ မဟုတ်ဘူးလား”

“ဟင်…ကြည့်စမ်း”

ဗိုလ်တောက်ဆိုတာ အသားမဲမဲနှင့် သွားခေါသော ရှ

ဆိုး သူငယ်ချင်းပါ။

ကြယ်စင်လင်းက သူ့ကျောကို ကားအောင်ထုဖို့ လက်

သည်။

မိုးမာန်က ချစ်သူလေးနှင့် ကာကွယ်ထား၏။

ကြယ်စင်လင်းသည် ရှက်တရက် အားနာပြုံးနှင့် လက်





ရှပ်လိုက်ရပါသည်။

ရှက်စိတ်ဆိုးပေမယ့် မိုးမာန်ကို အရင်လို လွတ်လွတ်လပ်

လပ် ထုရိုက်အော်ဟစ်လို့ မရတော့ပါ။

မိုးမာန်အနားမှာ သူ့ဇနီးလောင်းလေး ရှိနေခဲ့ပြီ။

ဘာကိုမှန်းမသိ ကြယ်စင် ဝမ်းနည်းနေမြောစွာ ရင်ထဲ

ထိခိုက်ဆွတ်ကျင်သွားရသည်။

မိုးမာန်ရယ်…

ကြယ်စင်တို့ သူစိမ်းတွေလိုဖြစ်သွားပြီ။

အရင်ကလို ပျော်ရွှင်လွတ်လပ်ခြင်းတွေ မရနိုင်တော့ဘူး။

နင့်ရဲ့အချစ်တွေကို နောက်မှပေါ်လာတဲ့ ရွှေသံစဉ်က

မြန်မြန်ဆန်ဆန်နဲ့ ငါမသိအောင် တိတ်တိတ်လေး သိမ်းပိုက်သွားခဲ့

ပြီ။

“အဲဒီမိုးမာန်က သိတဲ့အတိုင်း လိုက်စဖို့ပဲ ကြယ်စင်ရေ၊

သူ့ကို ရည်းစားတော်ရတာ မလွယ်ပါဘူး”

“ဘာရည်းစားလဲ၊ သံစဉ့်ကို မိုးမာန်ပိုင်တော့မှာပါကွာ”

“ဟွန်း…ရှင်နော်”

ရှက်စုံရှက်နိုးနှင့် ရွှေသံစဉ်ရဲ့ အမူအရာဟန်ပန်လေးတွေ

က ပြောင်းလဲခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်လင်းလက်သည် ရင်ထဲ၌ တစ်မျိုးတမည်လေး ခံစားရသော်လည်း နှုတ်ခမ်းတွေက ပြုံးထားသည်။

သူတို့နှစ်ယောက် ဖူးစာဆုံတော့လည်း ကြယ်စင်က သူငယ်ချင်းပီသစွာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုရမှာပေါ့လေ။

"ကြယ်စင် စိတ်ကူးမလွဲနဲ့၊ ငါပြောသလို ဗိုလ်တောင် ကိုပဲ ပစ်မှတ်ထား၊ ကြားလား"

သူ့ကို လက်သီးရွယ်ပြီး လာမထုတာ သေချာတော့ မိုးမာန်က တဟဲဟဲနှင့် ပိုပြီး အစအနောက်သန်နေလေသည်။

ရွှေသံစဉ်ကတော့ အားတုံ့အားနာနှင့် အဓိပ္ပါယ်ဖော်ရခက် သော အရယ်အပြုံးလေးနှင့်။

ဘယ်လိုဖြစ်လာမလဲဟု သိချင်ခဲ့သော သံစဉ်တို့သုံး ယောက်ရဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းလေးဟာ အခုတော့ အဖြေထွက် ခဲ့ပြီ။

ရွှေသံစဉ်လည်း ဒီပွဲမှာ ကံကောင်းထောက်မစွာ မင်းသား နှင့် ဆုံစည်းသော ရွှေမင်းသမီး ဖြစ်ခွင့်ရလိုက်ပြီ။

ဒါဟာ မေမေတို့ကျေးဇူးကြောင့်ပါ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ မုံရွာအပြန်ခရီးက အလွန်ပျော်ရွှင်ကြည်နူးဖွယ် အတိ ဖြစ်နေပါသည်။

ငယ်သူငယ်ချင်းတွေအချင်းချင်း ခမည်းခမက်တော်ရ သဖြင့် လူကြီးတွေက တပြုံးပြုံးနှင့် ကျေနပ်ဝမ်းသာနေသလို လက်ထပ်ပြီးစ ဖနီးမောင်နှံ အသစ်စက်စက်လေးမှာလည်း နှစ်ဦး သား တပူးကပ်ကပ်ဖြင့် စကားတွေတွတ်ထိုးလို့ ပြောလို့မပြီးနိုင် ပေ။

"အစတုန်းကတော့ သမီးကိုလာခေါ်တာပဲ၊ အခုတော့ သားမက်ပါတစ်ခါတည်း ပါလာပြီ၊ ဟိုကျရင် ညှို့ခံပွဲတစ်ပွဲ ထပ်လုပ်ရဦးမှာနော်၊ မသူဇာတို့ မြန်မြန်လိုက်ခဲ့ကြဦး"

"စိတ်ချပါရှင်၊ သူဇာတို့မှာလည်း ဒီသားလေး တစ်ယောက်တည်းရှိတာ၊ သူ့မင်္ဂလာကိစ္စမပါလို့ ဖြစ်မလား"

ဒေါ်မယ်ပက ဒေါ်သူဇာနှင့် စကားစမြည်ပြောလို့ မှာမို့

www.burmeseclassic.com



ကြားလို့ မဝသေးပါ။

တော်ကြာဆို လေယာဉ်က ထွက်တော့မှာဖြစ်သည်။

ဦးမိုးကောင်းနှင့် ဒေါ်သူဇာက သားနှင့်ချွေးမကို လေဆိပ် လိုက်ပို့ကြသည်။

လေယာဉ်ကြီး ကောင်းကင်ပေါ် ပျံဝဲတက်သွားမှသာ သူတို့ပြန်ကြမှာ။

ရွှေသံစဉ်သည် ခင်ပွန်းဖြစ်သူကို မကျေမနပ် တိုးတိုး တိုးတိုး ပြောနေသည်မှာ…

"သံစဉ် သူ့ကိုပြန်မယ်လို့ နှုတ်ဆက်ပြီးသား သူက မောင့်ဆီ ဘာကြောင့် ဖုန်းထပ်ဆက်တာလဲ"

"သြော်…ဟဲင်းနဲ့ဖုန်းက မောင့်ဆီမှာကိုး"

"သံစဉ်လေးမှာ ရှိနေသားနဲ့ သံစဉ်နဲ့ကြ စကားမပြောပါ လား"

ရွှေသံစဉ်က ချက်ကျလက်ကျ ထောက်ပြသည်။

ကြည့်လေ…မင်္ဂလာဆောင်ပြီးတာတောင် အဲဒီကြယ်စင် လင်းလက်က မိုးမာန်ဆီ အလွမ်းသယ်ရသေးတာ။

မလွန်ဘူးလား။

မိန်းမချင်းမို့ ကြယ်စင့်စိတ်ကို ကောင်းကောင်းသိနေပါ





သည်။ ထို့ကြောင့်လည်း သဝန်တိုမိတာပေါ့။

"ကဲပါကွာ…အဲဒီကိစ္စထားလိုက်ပါတော့ မိန်းမရာချော်"

မိုးဟာန်က ချော့မော့သလို သူ့မပခုံးကို လာဖက်ရာ ရွှေသံစဉ်က ခေါင်းနှင့် ဒုတ်ခဲ့ သူ့ကိုတိုက်ပြီးမှ လူကြီးတွေမြင် မလားဆိုပြီး နှစ်ယောက်သား လူချင်းခွာ၍ ခပ်တိုးတိုးရယ်မိကြ သည်။

ရယ်သံလေးနှစ်ခုက အတူပေါင်းစည်း၍ လေထဲသို့ ပျံ့လွင့်သွားလေသည်။

ဆုလေးနွယ် (ရန်ကုန်တက္ကသိုလ်)

၉



www.burmeseclassic.com